# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၃ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၄ ရက် ၂၀၂၁ ခုနှစ်၊ ဇွန် ၈ ရက်၊ အင်္ဂါနေ့ အတွဲ (၆၀)၊ အမှတ် (၂၄၈)


**အလျှူဒါနကို ဝမ်းမြောက်နိုင်၏**

စေးနည်းဝန်တိုသူတို့သည် နတ်ပြည်သို့ မရောက်နိုင်ကြကုန်။ လူမိုက်တို့သည် အလျှူဒါနကို မချီးမွမ်းကြကုန်။ ပညာရှိသည်သာ အလျှူဒါနကို ဝမ်းမြောက်နိုင်၏။ ထိုဝမ်းမြောက်မှုကြောင့်သာလျှင် ထိုပညာရှိသည် တမလွန်ဘဝ၌ ချမ်းသာရ၏။

လောကဝဂ် (ဓမ္မပဒ-၁၇၇)




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၁၂/၂၀၂၁) တွင် အမှာစကားပြောကြားစဉ်။

# ကျောင်းများတွင် COVID-19 ရောဂါ ကူးစက်မှုမရှိစေရေး COVID-19 စည်းကမ်းချက်များအတိုင်း လိုက်နာဆောင်ရွက်ရေး အထူးအလေးထားဆောင်ရွက်

နေပြည်တော် ဇွန် ၇

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၁၂/၂၀၂၁)ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ မန်းငြိမ်းမောင်၊ ဦးသိန်းညွန့်၊ ဦးခင်မောင်ဆွေ၊ ဒေါ်အေးနုစိန်၊ Jeng Phang နော်တောင်၊ ဦးမောင်းဟာ၊ ဦးစိုင်းလုံးဆိုင်၊ စောဒန်နီယယ်၊ ဒေါက်တာဗညားအောင်မိုး၊ ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ ဦးရွှေကြိမ်း၊ အတွင်းရေးမှူး

*စာမျက်နှာ ၃ ကော်လံ ၁* ❏

❖ **ကျောင်းသားများ ပညာသင်ကြားရေးသည် တိုင်းပြည်နှင့် ကျောင်းသားတစ်ဦးချင်းစီ၏ အကျိုးအတွက် ရည်ရွယ်ပြီး ပြန်လည် ဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်**

❖ **ပုဂ္ဂလိကကျောင်းများ ပြန်လည်ဖွင့်လှစ်သင်ကြားနိုင်ရေးအတွက်လည်း စီစဉ်ဆောင်ရွက်ပေးလျက်ရှိ**


အသိပညာဗဟုသုတများကိုဖွေရှာ၍ မိမိနိုင်ငံ၊ မိမိလူမျိုးဂုဏ်ကို ပြန်လည်မြှင့်တင်ကြပါစို့ *ဆောင်းပါး* စာ ၆

အစ္စရေးနိုင်ငံ၌ ခန်းမအတွင်း ပါးစပ်၊ နှာခေါင်းစည်း တပ်ဆင်ရမည့် အမိန့်ကို ဖယ်ရှားပေးတော့မည် *နိုင်ငံတကာသတင်း* စာ ၁၂

ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ဆေး အသုံးပြု ဖြန့်ဝေခြင်းကို ဂျပန်နိုင်ငံတစ်ဝန်း အင်တိုက်အားတိုက်ဆောင်ရွက် *နိုင်ငံတကာသတင်း* စာ ၁၃

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၃၇ မြို့နယ်၏ မဲစာရင်းများနှင့် မဲပေးခဲ့မှု အခြေအနေများကို စစ်ဆေး စာ ၁၅

မြန်မာ့အလင်း

## ရိုးရှင်းလွယ်ကူသည့် နည်းလမ်းများဖြင့် ကမ္ဘာ့ကပ်ရောဂါအန္တရာယ်ကို ကာကွယ်

ကိုဗစ်-၁၉ ကပ်ရောဂါပိုးတွေ့လူနာများ တွေ့ရှိမှုရာခိုင်နှုန်းများ ရုတ်တရက်မြင့်တက်လာမှုကို အမှတ်တမဲ့မနေကြဘဲ ပြည်သူအချင်းချင်း အပြန်အလှန်အသိပေး၊ သတိပေးကြရန် လိုအပ်နေပြီဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင်ရှိသည့် မြို့နယ်အချို့တို့တွင် ရောဂါဖြစ်ပွားမှုများ အစုလိုက် အပြုံလိုက်တွေ့ရှိခြင်း၊ ပိုးတွေ့လူနာအရေအတွက် ရုတ်တရက်မြင့်တက်လာခြင်းတို့ကြောင့် နေအိမ်တွင် နေထိုင်ရေးအစီအစဉ် Stay at Home သတ်မှတ်ခဲ့သလို ပြည်တွင်းလေကြောင်း ခရီးစဉ်အချို့ကိုလည်း ယာယီရပ်နားထားခဲ့ရသည်။

ကမ္ဘာတစ်ဝန်းတွင် ကိုဗစ်-၁၉ ဗိုင်းရပ်စ်ကူးစက်ခံရသူ ၁၇၄ သန်းကျော်ရှိပြီဖြစ်ပြီး ရောဂါကြောင့် သေဆုံးသူ ၃ ဒသမ ၇ သန်းကျော်ရှိလာပြီဖြစ်သည်။ ကိန်းဂဏန်းအရေအတွက်မှာ တစ်ရက်ပြီး တစ်ရက် မြင့်တက်နေမည့် ကန်းဂဏန်းများလည်း ဖြစ်သည်။ တစ်ကမ္ဘာလုံးတွင် ကိုဗစ်-၁၉ ကပ်ရောဂါ ကူးစက်မှုကို မျိုးဗီဇပြောင်းလဲလာသည့် ဗိုင်းရပ်စ်မျိုးကွဲများက အရှိန်အဟုန်မြှင့်တင်ပေးလိုက်ခြင်းဖြစ်သည်ဟုလည်း သတင်းများတွင် တွေ့ရသည်။ ဥရောပ၊ အာဖရိက၊ တောင်အမေရိကနှင့် အာရှတို့ရှိ နိုင်ငံတစ်နိုင်ငံစီမှ ပေါ်ထွက်လာသည့် ကိုရိုနာဗိုင်းရပ်စ်မျိုးကွဲများက ကမ္ဘာ့နိုင်ငံများဆီသို့ ကူးစက်ပျံ့နှံ့နေခြင်းဖြစ်ပြီး မြန်မာနိုင်ငံနှင့် နယ်နိမိတ်ထိစပ်နေသည့် နိုင်ငံများဆီသို့လည်း ဝင်ရောက်နေကြပြီဖြစ်သည်။ မိမိတို့နှင့် အနီးဆုံးနေရာများဆီသို့ ကူးစက်မြန်ကပ်ရောဂါက ချဉ်းကပ်ရောက်ရှိလာနေချိန်တွင် ပြည်သူလူထုအတွင်း ရောဂါကာကွယ်ရေးနည်းလမ်း၊ စည်းမျဉ်းစည်းကမ်းများကို ပေါ့လျော့လာနေကြောင်း တွေ့ရှိနေရသည်။ အကယ်၍သာ မြန်မာနိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်း ရုတ်တရက်မြင့်တက်လာသည့် အခြေအနေသည် ဗိုင်းရပ်စ်မျိုးကွဲကြောင့်သာ ဖြစ်ခဲ့ပါလျှင် လွန်စွာစိုးရိမ်ပူပန်ဖွယ်ဖြစ်သည်ဟု ဆိုရတော့မည်။

ကိုဗစ်-၁၉ ဗိုင်းရပ်စ်မျိုးကွဲများ ထွက်ပေါ်လာခြင်း၊ ပိုးတွေ့လူနာများ အရေအတွက် ရုတ်တရက် မြင့်မားလာခြင်းမှာ လက်ရှိကမ္ဘာ့ကာကွယ်ဆေး ထုတ်လုပ်မှုများအပေါ်တွင်လည်း ရိုက်ခတ်မှုဖြစ်ပေါ်လာမည်ဟု ခန့်မှန်းကြည့်နိုင်ပြီး လက်ရှိကာကွယ်ဆေးထုတ်လုပ်မှုပမာဏမျှနှင့် မလုံလောက်တော့ခြင်း၊ ဗိုင်းရပ်စ်မျိုးကွဲသစ်ကို ကာကွယ်နိုင်စွမ်းနည်းပါးခြင်းတို့ကဲ့သို့သော အခြေအနေများ ဖြစ်ပေါ်လာနိုင်သည်။ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် အိန္ဒိယနိုင်ငံထုတ် ကိုဗစ်ရှီးလ်ဆေးကို ထိုးနှံပေးလျက်ရှိပြီး ဆက်လက်၍လည်း တရုတ်နိုင်ငံထုတ် ကာကွယ်ဆေးနှင့် ရုရှားနိုင်ငံထုတ် ကာကွယ်ဆေးတို့ကို ခွင့်ပြုထားသည်။ နိုင်ငံအတွင်း ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှု စိတ်ချရသည့် အခြေအနေအထိ လွှမ်းခြုံရောက်ရှိနိုင်ရန် အချိန်အတိုင်းအတာတစ်ရပ် လိုအပ်နေဦးမည်ဖြစ်ရာ ကာကွယ်ဆေးထိုးနှံပြီးသူများရော မထိုးနှံရသေးသူများပါ ရောဂါကာကွယ်ရေးဆိုင်ရာ နည်းလမ်းများကို စွဲစွဲမြဲမြဲကျင့်သုံးကြရဦးမည်ဖြစ်သည်။ ကိုဗစ်-၁၉ ဗိုင်းရပ်စ် ကူးစက်ခံထားရသူများသည် မည်သည့်ရောဂါလက္ခဏာမျှမပြဘဲ မိမိအနီးဝန်းကျင်၌ ရှိနေသည်။ လူအများထိတွေ့နေသည့် အရာဝတ္ထုများစွာတို့တွင် မိမိတို့ မျက်စိဖြင့် မြင်နိုင်စွမ်းမရှိသည့် ဗိုင်းရပ်စ်ပိုးများ တွယ်ကပ်နေသည်ဟု နှလုံးသွင်းကာ ရောဂါကာကွယ်ရေးကို ဖိဖိစီးစီး အလေးအနက်ဆောင်ရွက်ကြရန် လိုအပ်သည်။

လူအများသိရှိပြီးဖြစ်သော လွန်စွာလွယ်ကူသည့်နည်းလမ်းကလေးများဖြစ်သည့် လက်ကိုစနစ်တကျ ဆပ်ပြာဖြင့် မကြာခဏဆေးကြောခြင်း၊ ပါးစပ်နှာခေါင်းစည်း တပ်ဆင်ခြင်း၊ လူစုလူဝေးရှိရာ နေရာများကို ရှောင်ရှားခြင်း၊ တစ်ဦးနှင့်တစ်ဦး ခြောက်ပေအကွာ ခပ်ခွာခွာမှ ပြောဆိုဆက်ဆံခြင်းတို့ကို အလေးဂရုပြုကာ လိုက်နာကျင့်သုံးခြင်းဖြင့် ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါကြီး၏ အန္တရာယ်မှ ရှောင်ရှားနိုင်ကြပါစေရန် အကြိမ်ကြိမ်အထပ်ထပ် တိုက်တွန်းနှိုးဆော်အပ်ပါကြောင်း။ ။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

## ဓမ္မာစရိယစာမေးပွဲ သတ္တမနေ့နှင့် ပါဠိပထမပြန်စာမေးပွဲ ပထမနေ့ကျင်းပ

**နေပြည်တော် ဇွန် ၇**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနက ကြီးမှူး၍ နှစ်စဉ်ကျင်းပသည့် ၂၀၂၁ ခုနှစ် ဓမ္မာစရိယစာမေးပွဲ (သတ္တမနေ့) ကို ယနေ့မွန်းတည့် ၁၂ နာရီမှ ညနေ ၄ နာရီအထိ နိုင်ငံတစ်ဝန်းလုံးရှိ စာဖြေဌာန ၅၉ ဌာန၌လည်းကောင်း၊ ပါဠိပထမပြန်စာမေးပွဲ (ပထမနေ့) ကို ယနေ့ မွန်းတည့် ၁၂ နာရီမှ ညနေ ၃ နာရီအထိ နိုင်ငံတစ်ဝန်းလုံးရှိ စာဖြေဌာန ၂၄၁ ဌာန၌လည်းကောင်း ဖြေဆိုကြသည်။

ဓမ္မာစရိယစာမေးပွဲ သတ္တမနေ့ စာရင်းသွင်းသံဃာနှင့် သီလရှင် စုစုပေါင်း ၃၁၆၅ ပါးအနက် ၁၆၇၁ ပါး ဖြေဆိုကြသဖြင့် ၅၂ ဒသမ ၈၀ ရာခိုင်နှုန်း ဖြေဆိုကြပြီး ပါဠိပထမပြန်စာမေးပွဲ (ပထမကြီး၊ ပထမလတ်၊ ပထမငယ်၊ အခြေပြုမူလတန်း) ပထမနေ့ကို စာရင်းသွင်း သံဃာနှင့် သီလရှင် စုစုပေါင်း ၅၀၂၇၇ ပါး အနက် ၂၉၈၃၃ ပါး ဖြေဆိုကြသဖြင့် ၅၉ ဒသမ ၃၄ ရာခိုင်နှုန်းဖြေဆိုကြောင်း သိရသည်။

**သတင်းစဉ်**

## ပုဗ္ဗသီရိမြို့နယ်၌ ၂၀၂၁ ခုနှစ် အစိုးရပါဠိပထမပြန်စာမေးပွဲဖြေဆို

**နေပြည်တော် ဇွန် ၇**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ စာသင် သံဃာတော်များနှင့် သီလရှင်များ၏ ၂၀၂၁ခုနှစ်၊ အစိုးရပါဠိပထမပြန်စာမေးပွဲဖြေဆိုခြင်းကို မြို့နယ်သာသနာရေးဦးစီးဌာနကကြီးမှူး၍ ဇွန် ၇ ရက် မွန်းတည့် ၁၂ နာရီမှစတင်ကာ အောင်စည်သာ ကျောင်းတိုက်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး လမ်းညွှန်ချက်များနှင့် အညီ ကျင်းပလျက်ရှိသည်။



ထိုသို့ဖြေဆိုနေမှုကို မြို့နယ်သံဃနာယက ဆရာတော်နှင့် ဩဝါဒါစရိယဆရာတော်ကြီးများကကြီးကြပ်၍ ပထမကြီးတန်းတွင် စာဖြေသံဃာ ၁၈ ပါး၊ ပထမလတ်တန်းတွင် စာဖြေသံဃာ ၂၈ ပါး၊ သီလရှင် ၂၆ ပါး၊ ပထမငယ်တန်းတွင် စာဖြေသံဃာ ၄၂ ပါး၊ သီလရှင် ၂၆ ပါး၊ အခြေပြုမူလတန်းတွင် စာဖြေသံဃာ ၆၉ ပါး၊ သီလရှင် ၃၉ ပါး စုစုပေါင်း စာဖြေသံဃာနှင့် သီလရှင် ၂၄၈ ပါး ဝင်ရောက်ဖြေဆိုကြသည်။

အဆိုပါ အစိုးရပါဠိပထမပြန်စာမေးပွဲကို ဇွန် ၇ ရက်မှ ဇွန် ၁၃ ရက်အထိ ခုနစ်ရက်ကြာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**မျိုးသီဟ (ပြန်/ဆက်)**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇွန် ၇**

နေပြည်တော်နှင့် မန္တလေးမြို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

**မိုး/ဇလ**

## ❍ လျှပ်စစ်ကဏ္ဍနှင့်ပတ်သက်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ လျှပ်စစ် လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် လောင်စာစနစ်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုကို အားမပေး

## ❍ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်မှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုများကိုသာ အကောင်အထည် ဖော်ရန်လိုအပ်ပြီး ထိုသို့ ထုတ်ယူရာတွင် သက်ဆိုင်သည့် ပြည်နယ်များကို ရာခိုင်နှုန်းပြည့် သုံးစွဲနိုင်ရေး ဦးစားပေးစီမံပေးရန်လို

## ❍ သတင်းအချက်အလက် စီးဆင်းမှုနှင့်ပတ်သက်၍ မီဒီယာတုံ့ပြန်မှု လျင်မြန်အားကောင်း စေရန်အတွက် ပုဂ္ဂလိကကဏ္ဍနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိ

❑ *ရှေ့ဖုံးမှ*

ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေးနှင့် တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးတို့ တက်ရောက်ကြသည်။

**စိန်ခေါ်မှုအချို့လည်း ရှိနေသေး**

အစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မိမိတို့အနေဖြင့် နိုင်ငံတော်၏ တာဝန်အရပ်ရပ်အား တာဝန်ယူ ဆောင်ရွက်မှုသည် ၄ လကျော်ကာလအထိ ရောက်ရှိလာပြီဖြစ်ပြီး တိုးတက်ပြောင်းလဲမှုများရှိသကဲ့သို့ စိန်ခေါ်မှုအချို့လည်း ရှိနေသေးကြောင်း၊ ပြီးခဲ့သည့်ရက်ပိုင်းအတွင်း မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်သို့ရောက်ရှိခဲ့ပြီး ပြည်သူများအနေဖြင့် တည်ငြိမ်အေးချမ်းစွာဖြင့် သွားလာလှုပ်ရှားနေကြသည်ကို တွေ့ရှိရကြောင်း၊ ခရီးစဉ်အတွင်း သံလွင်တံတား(ချောင်းဆုံ)အား ဒေသခံများ လိုလားသည့် တံတားစတင်ဆောက်လုပ်စဉ်က အမည်အတိုင်း ပြန်လည်သတ်မှတ်ဆောင်ရွက်ပေးခဲ့ချိန်တွင် ဒေသခံပြည်သူများအနေဖြင့် ဝမ်းမြောက်ဝမ်းသာ ဖြစ်နေကြသည်ကို တွေ့ရှိရကြောင်း၊ ထို့ပြင် ဒေသအတွင်း ဝမ်းစာဖူလုံရေးကိုသာမက သီးနှံများ ပိုမိုထွက်ရှိပြီး ဒေသခံတောင်သူများ ဝင်ငွေတိုးတက်စေရန် သီးနှံအလိုက် တစ်ဧကအထွက်နှုန်း တိုးတက်ရေး သိပ္ပံနည်းကျ စနစ်တကျ စိုက်ပျိုးဆောင်ရွက်နိုင်ရန်အတွက် ပြည်နယ်များမှတာဝန်ရှိသူများက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရန်မှာကြားခဲ့ကြောင်း၊ နိုင်ငံသားများအနေဖြင့် ဘဝတိုးတက်ရေးအတွက် ရောင့်ရဲတင်းတိမ်မနေကြဘဲ မိမိတို့ကျင်လည်နေရသည့် အခြေအနေတွင် ဖြစ်သင့်ဖြစ်ထိုက်သည်များကို ရည်မှန်းချက်ထား၍ သမာအာဇီဝနည်းဖြင့် ခေတ်နှင့်အညီ ဆောင်ရွက်နိုင်ပါက လူမှုဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း။

**အဆင်မပြေမှုများ များစွာဖြစ်ပေါ်**

နိုင်ငံတော်၏ဘဏ္ဍာရေးနှစ်ကို ယခင်အစိုးရက အောက်တိုဘာ ၁ ရက်မှ စက်တင်ဘာ ၃၀ ရက်အထိ ကာလသတ်မှတ်ခဲ့ကြောင်း၊ မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်သဖြင့် မိုး၊ ဆောင်း စိုက်ပျိုးသီးနှံထွက်ရှိမှုနှင့် ရရှိမည့်အခွန်အခများအပေါ် မူတည်၍ ယခင်ကဘဏ္ဍာရေးနှစ်အား သတ်မှတ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ သို့သော် ဘဏ္ဍာနှစ်အား ပြောင်းလဲသတ်မှတ်ခဲ့သည့်အတွက် နိုင်ငံတော်နှင့် စီးပွားရေးလုပ်ငန်းရှင်များ၊ စိုက်ပျိုးရေးတောင်သူများအနေဖြင့် အဆင်မပြေမှုများ များစွာဖြစ်ပေါ်ခဲ့ရကြောင်း၊ ထို့ကြောင့် ဘဏ္ဍာနှစ်သတ်မှတ်မှုနှင့်ပတ်သက်၍ မိမိတို့နိုင်ငံနှင့် လိုက်လျောညီထွေဖြစ်စေရန် ပြင်ဆင်သတ်မှတ်နိုင်ရေး စဉ်းစားချိန်ဆ၍ ဆောင်ရွက်သွားရန်နှင့် ကောင်စီဝင်များအနေဖြင့်လည်း ဆွေးနွေးအကြံပြုကြစေလိုကြောင်း။

**အထူးအလေးထား ကြပ်မတ်**

COVID-19 ရောဂါ ဖြစ်ပွားမှုနှင့်ပတ်သက်၍ ယခုကာလအတွင်း ကူးစက်မှုနှုန်း ပြန်လည်မြင့်တက်လာသည်ကို တွေ့ရှိရကြောင်း၊ အများအားဖြင့် အိန္ဒိယနိုင်ငံနှင့်ထိစပ်လျက်ရှိသည့် ချင်းပြည်နယ်မြောက်ပိုင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအနောက်ပိုင်းနှင့် ထိုင်းနိုင်ငံနှင့် ထိစပ်လျက်ရှိသည့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် ကူးစက်မှုများ ဖြစ်ပေါ်လျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် ချင်းပြည်နယ်အတွင်းရှိ မြို့နယ်အချို့အား Stay at home သတ်မှတ်ခဲ့ကြောင်း၊ ပြည်သူများအနေဖြင့် COVID-19 စည်းကမ်းချက်များကို လိုက်နာရန်လိုအပ်ကြောင်း၊ ကျောင်းများတွင် COVID-19 ရောဂါကူးစက်မှုမရှိစေရေး COVID-19 စည်းကမ်းချက်များအတိုင်း လိုက်နာဆောင်ရွက်ရေး အထူးအလေးထား ကြပ်မတ်ဆောင်ရွက်ရန် အရေးကြီးကြောင်း။

**ပြန်လည်ဖွင့်လှစ်သင်ကြား**

ပညာရေးနှင့်ပတ်သက်၍ အချို့ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်မှု မရှိသေးကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အများဆုံးဖြစ်ကြောင်း၊ ကျောင်းသားများ ပညာသင်ကြားရေးသည် တိုင်းပြည်နှင့် ကျောင်းသားတစ်ဦးချင်းစီ၏ အကျိုးအတွက် ရည်ရွယ်ပြီး ပြန်လည်ဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်ကြောင်း၊ ပုဂ္ဂလိကကျောင်းများ ပြန်လည်ဖွင့်လှစ်သင်ကြားနိုင်ရေးအတွက်လည်း စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ယခုအခါ ဆူပူဆန္ဒပြမှုများနှင့်ပတ်သက်၍ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် အနည်းငယ်ရှိနေသည်ကိုတွေ့ရကြောင်း၊ အကြမ်းဖက်မှုများ ဆောင်ရွက်နေမှုနှင့် ပတ်သက်၍ စာသင်ကျောင်းများ၊ အုပ်ချုပ်မှုဆိုင်ရာ ရုံးအဆောက်အဦများနှင့် ပုဂ္ဂိုလ်ရေးအရ ရန်ငြိုးရှိသူများအား အကြမ်းဖက်ဆောင်ရွက်နေသည်ကို တွေ့ရှိရကြောင်း။

**တတ်နိုင်သမျှ လျှော့ချနိုင်**

ယခုအခါ မိုးရာသီသို့ရောက်ရှိလာပြီး ယခင်နှစ်များက မိုးနည်းခဲ့သည့် ဒေသများတွင် မိုးကောင်းစွာရွာသွန်းသဖြင့် စိုက်ပျိုးရေးတောင်သူများ အဆင်ပြေလျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ အလားတူ မိုးတွင်းကာလဖြစ်သဖြင့် ရေကြီးရေလျှံခြင်းနှင့် လေပြင်းတိုက်မှုများကြောင့် ဖြစ်ပေါ်တတ်သည့် သဘာဝဘေးအန္တရာယ်များအား ကြိုတင်ကာကွယ်နိုင်ရေးအတွက် ချောင်း၊ မြောင်းများ ပိတ်ဆို့မှုမရှိစေရေး၊ အန္တရာယ်ရှိသည့် သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းရေး စသည်တို့ကို ဆောင်ရွက်ရန်အတွက် တာဝန်ရှိသူများအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် သတိပေးနှိုးဆော်နေရန်လိုကြောင်း၊ ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်ခြင်းဖြင့် သဘာဝဘေးအန္တရာယ် ကျရောက်မှုကို တတ်နိုင်သမျှ လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ သဘာဝဘေးအန္တရာယ်များ ကျရောက်လာပါက ကူညီကယ်ဆယ်ရေးလုပ်ငန်းများအား အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရန်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဖွဲ့စည်းထားသည့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီများက ချက်ချင်းအရေးယူဆောင်ရွက်ရန် လိုကြောင်း မှာကြားသည်။

**ရှင်းလင်းပြောကြား**

ထို့နောက် ဇွန် ၄ ရက်တွင် အာဆီယံ အလှည့်ကျဥက္ကဋ္ဌ၏ အထူးကိုယ်စားလှယ် ဘရူနိုင်း ဒါရူဆလမ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့အား လက်ခံတွေ့ဆုံ၍ COVID-19 ရောဂါကာကွယ်ရေးဆိုင်ရာကိစ္စရပ်များ၊ မတရားအသင်းကြေညာထားသည့် CRPH ၊ NUG တို့နှင့် ပတ်သက်သည့် အသင်းအဖွဲ့များနှင့် အကြမ်းဖက်အဖွဲ့ များက မြန်မာနိုင်ငံအတွင်း လတ်တလောဖြစ်ပွားနေသည့် အကြမ်းဖက်ခြင်း၊ ဖောက်ခွဲဖျက်ဆီးခြင်းများအပေါ် အာဆီယံဘုံသဘောတူညီချက်ပါ အကြမ်းဖက်မှုရှောင်ရှားရေးနှင့်ပတ်သက်၍ အာဆီယံနိုင်ငံများအပါအဝင် အခြားမည်သည့်နိုင်ငံကမျှ ထောက်ပြပြောဆိုခြင်း၊ ဟန့်တားသည့် ကြေညာချက်ထုတ်ပြန်ခြင်းများ မပြုလုပ်သည့် အခြေအနေများ၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲစာရင်းမှားယွင်းမှုများ ဖြစ်ပေါ်ခဲ့မှုနှင့် စစ်ဆေးတွေ့ရှိမှု အခြေအနေများ၊ နိုင်ငံအတွင်း တည်ငြိမ်အေးချမ်းသွားချိန်တွင် ရွေးကောက်ပွဲ ပြန်လည်ကျင်းပပြုလုပ်သွားမည့် အခြေအနေများနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးကိစ္စရပ်များတွင် မိမိတို့နိုင်ငံမှ ပူးပေါင်းဆောင်ရွက်ပေးမည့် အခြေအနေများနှင့် Phoenix Media နှင့်တွေ့ဆုံမေးမြန်းစဉ် ပြန်လည်ဖြေကြားခဲ့မှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

**ဆွေးနွေးတင်ပြ**

ယင်းနောက် ကောင်စီဝင်များဖြစ်ကြသည့် ဦးသိန်းညွန့်၊ မန်းငြိမ်းမောင်၊ ဦးခင်မောင်ဆွေ၊ Jeng Phang နော်တောင်၊ ဒေါ်အေးနုစိန်၊ ဦးမောင်းဟာ၊ ဦးစိုင်းလုံးဆိုင်၊ ဦးရွှေကြိမ်တို့က အခြေခံဥပဒေနှင့် ညီညွတ်မှုမရှိဘဲ လုပ်ပိုင်ခွင့် ကျော်လွန်ဆောင်ရွက်ခဲ့သည့် အဂတိလိုက်စားမှုများကို စိစစ်ဖော်ထုတ် အရေးယူရေး၊ အကြမ်းဖက်သမားများအား ခိုအောင်းနေထိုင်ခွင့် ပေးသူများနှင့် ၎င်းတို့အား ထောက်ပံ့ကူညီနေသူများကို ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ထိထိရောက်ရောက် အရေးယူရေး၊ ပြည်သူများ၏ ဘဝလုံခြုံမှုရှိစေရန် ပြည်သူလူထု ပူးပေါင်းပါဝင်သည့် လုံခြုံရေးစနစ် အကောင်အထည်ဖော် ဆောင်ရွက်ရေး၊ တိုင်းပြည်၏ စားသုံးဆီဖူလုံမှုရှိစေရန် စီမံဆောင်ရွက်သွားရေး၊ ထီးခီးဒေသစက်မှုဇုန် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ရေး၊ လူမှုကွန်ရက်များတွင် မဟုတ်မမှန်သတင်းများ ထုတ်လွှင့်နေမှုအပေါ် လျင်မြန်ထိရောက်စွာ တုံ့ပြန်ဆောင်ရွက်ရေး၊ မီဒီယာတုံ့ပြန်မှု လျင်မြန်အားကောင်းစေရန် မီဒီယာဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ ဖွဲ့စည်းဆောင်ရွက်ရေး၊ အများပြည်သူ ရုံးပိတ်ရက်များနှင့် ဘဏ္ဍာရေးနှစ် ပြုပြင်ပြောင်းလဲရေးဆိုင်ရာ ကိစ္စရပ်များ၊ နိုင်ငံ၏လျှပ်စစ်ဓာတ်အားလိုအပ်ချက် ဖြည့်ဆည်းနိုင်ရန်နှင့် ပြည်ပဝင်ငွေရရှိရန် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုနည်းပါးသည့် ရပ်ဆိုင်းနေသော ရေအားလျှပ်စစ်စီမံကိန်းများ ဆက်လက်အကောင်အထည်ဖော်ရေးအတွက် ပြန်လည်သုံးသပ်ရေး၊ စာရင်းကိုင်နှင့် ရှေ့နေ ဒီပလိုမာသင်တန်းများ ပြန်လည်ဖွင့်လှစ်ရေး၊ ဒေသတွင်းလူမှုကယ်ဆယ်ရေး လုပ်ငန်းများအတွက် ထောက်ပံ့ငွေများ အချိန်မီရရှိရေး၊ အားကစားသမားများ နိုင်ငံတော်အပေါ် သစ္စာစောင့်သိရေးနှင့် နိုင်ငံ့သားကောင်းတစ်ယောက်တွင်ရှိရမည့် ကျင့်ဝတ်များရှိစေရန် လေ့ကျင့်ပျိုးထောင်ပေးရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

*စာမျက်နှာ ၄ သို့*

## ✣ တရားဥပဒေစိုးမိုးရေးနှင့်ပတ်သက်ပြီး အကြမ်းဖက်မှုကိစ္စများကို ဥပဒေနှင့်အညီ ထိရောက်သည့် ပြစ်ဒဏ်များ ချမှတ်ရန် ဆောင်ရွက်နေ၊ ဌာနဆိုင်ရာများတွင် လက်ရှိတာဝန်ထမ်းဆောင်နေသူများအား CDM လုပ်သူများက ခြိမ်းခြောက်နှောင့်ယှက်နေမှုကို စုံစမ်းစစ်ဆေးဖော်ထုတ် အရေးယူသွားမည်ဖြစ်ပြီး ခြိမ်းခြောက်ခံရသော ဝန်ထမ်းများအနေဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများထံ တိုင်ကြားကြရန်လို

*စာမျက်နှာ ၃ မှ*

ထို့နောက် ကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေးက နှစ်အလိုက် ပြက္ခဒိန်နှစ်တွင် အများပြည်သူ ရုံးပိတ်ရက်များ သတ်မှတ်ခဲ့မှုအခြေအနေနှင့် ဘဏ္ဍာရေးနှစ် ပြောင်းလဲသတ်မှတ်ခြင်းဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

**ဆွေးနွေးအကြံပြုတင်ပြ**

ဆက်လက်၍ ကောင်စီဝင်များ ဖြစ်ကြသည့် ဦးသိန်းညွန့်၊ ဒေါက်တာဗညားအောင်မိုး၊ ဒေါ်အေးနုစိန်တို့က ဘဏ္ဍာရေးနှစ်ပြောင်းလဲသတ်မှတ်ခြင်းနှင့် ပတ်သက်၍ ထည့်သွင်းစဉ်းစားဆောင်ရွက်သင့်သည်များကို ဆွေးနွေးအကြံပြုတင်ပြကြသည်။

**ဝိုင်းဝန်းစဉ်းစားဆောင်ရွက်**

တင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက အများပြည်သူရုံးပိတ်ရက်များနှင့် ပတ်သက်ပြီး နိုင်ငံတော်အတွက် မျှော်မှန်းကာ အလုပ်ရှင်၊ အလုပ်သမား၊ ဝန်ထမ်းများ ထိခိုက်နစ်နာမှုမရှိအောင် ထည့်သွင်းစဉ်းစား ဆောင်ရွက်သင့်ကြောင်း၊ ဘဏ္ဍာရေးနှစ်ကိုလည်း မိမိတို့နိုင်ငံ၏ ပကတိအခြေအနေနှင့် လိုက်လျောညီထွေသည့် အချိန်ကာလကိုသာ ပြောင်းလဲသတ်မှတ်သင့်ကြောင်း၊ ကောင်စီဝင်များအနေဖြင့် ဖြစ်သင့်သည်ကို ဝိုင်းဝန်းစဉ်းစားဆောင်ရွက်ကြရန်ဖြစ်ကြောင်း။

**စုံစမ်းစစ်ဆေးဖော်ထုတ်**

အဂတိလိုက်စားမှုများနှင့်ပတ်သက်ပြီး လုပ်ပိုင်ခွင့်ကျော်လွန် ဆောင်ရွက်ခဲ့သည့် အဂတိမှုများကို ပြန်လည်စိစစ် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တရားဥပဒေ စိုးမိုးရေးနှင့်ပတ်သက်ပြီး အကြမ်းဖက်မှုကိစ္စများကို ဥပဒေနှင့်အညီ ထိရောက်သည့် ပြစ်ဒဏ်များချမှတ်ရန် ဆောင်ရွက်နေကြောင်း၊ ဌာနဆိုင်ရာများတွင် လက်ရှိတာဝန်ထမ်းဆောင်နေသူများအား CDM လုပ်သူများက ခြိမ်းခြောက်နှောင့်ယှက်နေမှုကို စုံစမ်းစစ်ဆေးဖော်ထုတ် အရေးယူသွားမည်ဖြစ်ပြီး ခြိမ်းခြောက်ခံရသော ဝန်ထမ်းများအနေဖြင့် သက်ဆိုင်ရာ တာဝန်ရှိသူများထံ တိုင်ကြားကြရန်လိုကြောင်း။

**အဆင့်မြင့်နည်းပညာ အသုံးပြု**

စားသုံးဆီဖူလုံရေးနှင့်ပတ်သက်ပြီး ပြည်တွင်းစားသုံးမှုဖူလုံရေးနှင့် ဆီကောင်း ဆီသန့်များ စားသုံးနိုင်ရေးအတွက် ဆီထွက်သီးနှံများဖြစ်သည့် ပဲ၊ နှမ်း၊ ပန်းနှမ်း၊ နေကြာ၊ ပဲပုပ်တို့ကို တိုးချဲ့စိုက်ပျိုးရန် လိုအပ်ကြောင်း၊ ဆီထွက်သီးနှံကုန်ကြမ်းများ ကြိတ်ခွဲရာတွင်လည်း အဆင့်မြင့်နည်းပညာ အသုံးပြုကြိတ်ခွဲနိုင်ရေး စီမံဆောင်ရွက်ပေးရန်လိုကြောင်း၊ စနစ်တကျ ဆီကြိတ်ထုတ်လုပ်ထားသော ပဲ၊ နှမ်းကြိတ်ဖတ်များမှ တိရစ္ဆာန်အစာ စနစ်တကျသုံးစွဲနိုင်ရန်လိုအပ်ကြောင်း။

**ပုဂ္ဂလိကကဏ္ဍနှင့်ပူးပေါင်း**

လျှပ်စစ်ကဏ္ဍနှင့်ပတ်သက်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ လျှပ်စစ်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် လောင်စာစနစ်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုကို အားမပေးလိုကြောင်း၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်မှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုများကိုသာ အကောင်အထည်ဖော်ရန် လိုအပ်ပြီး ထိုသို့ ထုတ်ယူရာတွင် သက်ဆိုင်သည့် ပြည်နယ်များကို ရာခိုင်နှုန်းပြည့်သုံးစွဲနိုင်ရေး ဦးစားပေးစီမံပေးရန် လိုကြောင်း၊ သတင်းအချက်အလက် စီးဆင်းမှုနှင့်ပတ်သက်၍ မီဒီယာတို့ပြန်မှု လျင်မြန်အားကောင်းစေရန်အတွက် ပုဂ္ဂလိကကဏ္ဍနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။

**ပြည်တွင်းစက်မှုလုပ်ငန်းများကို အားပေး**

စက်မှုကုန်ကြမ်းအပင်များ စိုက်ပျိုးရေးနှင့် ပတ်သက်ပြီး အဝတ်အထည်နှင့် လူ့အသုံးအဆောင်ပစ္စည်းများစွာ ထုတ်လုပ်နိုင်သည့် ဝါနှင့်ဝါးစိုက်ပျိုးမှုကို တိုးချဲ့စိုက်ပျိုးပြီး တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ ပြည်တွင်းစက်မှုလုပ်ငန်းများကို အားပေးပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အသေးစားစက်မှုလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရန် လိုကြောင်း။

**လစ်ဟင်းမှုမရှိအောင် ကြိုးပမ်းဆောင်ရွက်**

နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ အပါအဝင် နိုင်ငံ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ခဲ့သူအားလုံးကို ဘဝအာမခံချက်ရှိအောင် ဆောင်ရွက်ပေးရန်လိုအပ်ကြောင်း၊ အခြေခံပညာကျောင်းများ လုံခြုံရေးနှင့်ပတ်သက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် လစ်ဟင်းမှုမရှိအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ပြည်သူအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်မှုသည် အရေးကြီးပါကြောင်းဖြင့် ပြန်လည်ဆွေးနွေးပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် မိတ်ဖက်ဆက်ဆံရေး နှစ်(၃၀) ပြည့် အထိမ်းအမှတ်အဖြစ် ပြုလုပ်သည့် အာဆီယံ-တရုတ်နိုင်ငံခြားရေးဝန်ကြီးများအထူးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်

**နေပြည်တော် ဇွန် ၇**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် ယနေ့ညနေ ၃ နာရီ၌ အာဆီယံ-တရုတ် မိတ်ဖက်ဆက်ဆံရေး နှစ်(၃၀) ပြည့်အထိမ်းအမှတ်အဖြစ် ပြုလုပ်သည့် အာဆီယံ-တရုတ် နိုင်ငံခြားရေးဝန်ကြီးများ အထူးအစည်းအဝေးသို့ တက်ရောက်သည်။**(ယာပုံ)**




အစည်းအဝေးတွင် ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီး Teodoro Locsin Jr. နှင့် တရုတ်နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိတို့က ပူးတွဲဥက္ကဋ္ဌများအဖြစ် ဆောင်ရွက်ကြပြီး အစည်းအဝေးသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများက နိုင်ငံခြားရေးဝန်ကြီးများနှင့် အဆင့်မြင့်ကိုယ်စားလှယ်များ၊ အာဆီယံအတွင်းရေးမှူးချုပ်တို့ တက်ရောက်ကြသည်။

**ဒေသတွင်းနှင့် နိုင်ငံတကာကိစ္စရပ်များကို အမြင်ချင်းဖလှယ်**

တရုတ်နိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံတို့၏ အဖွင့်အမှာစကားများ ပြောကြားပြီးနောက် နိုင်ငံခြားရေးဝန်ကြီးများက မိတ်ဖက်ဆက်ဆံရေး နှစ်(၃၀) ပြည့် အထိမ်းအမှတ်အဖြစ်ပြုလုပ်သည့် အာဆီယံ-တရုတ် ဆွေးနွေးဖက်ဆက်ဆံရေးကိစ္စကို ပြန်လည်သုံးသပ်မှုများ ပြုလုပ်ခဲ့ကြပြီး ဒေသတွင်းနှင့် နိုင်ငံတကာကိစ္စရပ်များကို အမြင်ချင်းဖလှယ်ခဲ့ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ပူးတွဲဥက္ကဋ္ဌ ဖိလစ်ပိုင်နိုင်ငံခြားရေး ဝန်ကြီး Teodoro Locsin Jr. နှင့် တရုတ်နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိတို့ကို ယခုကဲ့သို့ အရေးကြီးသည့် အစည်းအဝေးကျင်းပပြုလုပ်ပေးသည့်အတွက် ကျေးဇူးတင်ကြောင်း ပြောကြားရင်း အာဆီယံ-တရုတ်အကြား မဟာဗျူဟာမြောက်ဆက်ဆံရေးမှာ အမှန်တကယ် လေးနက်မှုရှိကြောင်း၊ ထို့ကြောင့် အဓိပ္ပာယ်ပြည့်ဝပြီး အာဆီယံနှင့် တရုတ်နိုင်ငံအကြားရှိသည့် မိတ်ဖက်ဆက်ဆံရေးသည် အာဆီယံနှင့် တရုတ်နိုင်ငံရှိ ပြည်သူများအတွက် အနာဂတ်တွင် ဆက်လက်၍ ရှင်သန်နေမည်ကို ယုံကြည်ကြောင်း ပြောကြားသည်။

**မိတ်ဖက်ဆက်ဆံရေးကို ပိုမိုနက်ရှိုင်းအောင်ဆောင်ရွက်**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ငြိမ်းချမ်းရေးနှင့် သာယာဝပြောရေးအတွက် အာဆီယံ-တရုတ်မဟာဗျူဟာမြောက်မိတ်ဖက်ဆက်ဆံရေး ပူးတွဲကြေညာချက် အကောင်အထည်ဖော်ဆောင်ရွက်ရေးဆိုင်ရာ လုပ်ငန်းစီမံချက် (၂၀၁၆-၂၀၂၀) အကောင်အထည်ဖော်ဆောင်ရွက်မှု၏ အောင်မြင်မှုများအပေါ် ဝမ်းမြောက်မိကြောင်းနှင့် ငြိမ်းချမ်းရေးနှင့် သာယာဝပြောရေးအတွက် အာဆီယံ-တရုတ် မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေး ပူးတွဲကြေညာချက် အကောင်အထည်ဖော်ဆောင်ရွက်ရေးဆိုင်ရာ လုပ်ငန်းစီမံချက်အသစ် (၂၀၂၁-၂၀၂၅)ကို အကောင်အထည်ဖော်ဆောင်ရာတွင်လည်း အတိတ်က ရရှိခဲ့သည့် အောင်မြင်မှုများကို အခြေခံပြီး မိတ်ဖက်ဆက်ဆံရေးကို ပိုမိုနက်ရှိုင်းအောင် ဆောင်ရွက်သင့်ကြောင်း ပြောကြားသည်။

တရုတ်နိုင်ငံသည် အာဆီယံ၏ အကြီးမားဆုံးသော ကုန်သွယ်ဖက်ဖြစ်လာသည့်အတွက် ဂုဏ်ယူဝမ်းမြောက်မိကြောင်းနှင့် တရုတ်နိုင်ငံအနေဖြင့် အလုံးစုံပါဝင်သည့် တိုးတက်မှု ဖြစ်ပေါ်လာရေးအတွက် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကို မြှင့်တင်ရန် တိုက်တွန်းကြောင်း၊ တရုတ်နိုင်ငံက ဒေသတွင်းဘက်စုံပူးပေါင်းဆောင်ရွက်မှုစာချုပ်တွင် လက်မှတ်ရေးထိုးအတည်ပြုနိုင်ခဲ့သည့်အတွက် ကြိုဆိုကြောင်း၊ မြန်မာနိုင်ငံသည်လည်း ဒေသတွင်းဘက်စုံပူးပေါင်းဆောင်ရွက်မှု စာချုပ်ကို ၂၀၂၁ ခုနှစ် မေလတွင် လက်မှတ်ရေးထိုး အတည်ပြုနိုင်ခဲ့သည့်အတွက် အခြားနိုင်ငံများအနေဖြင့် ဒေသတွင်း ဘက်စုံပူးပေါင်းဆောင်ရွက်မှု စာချုပ်ကို ဆောလျင်စွာ အသက်ဝင်စေရေးကို ပူးတွဲမြှင့်တင်ရန် တိုက်တွန်းကြောင်း ပြောကြားခဲ့သည်။

**စီးပွားရေးပြန်လည်ကုစားရေးကြိုးပမ်း**

မြန်မာနိုင်ငံတွင် ဖြစ်ပေါ်တိုးတက်မှုများနှင့် ပတ်သက်၍ စည်းကမ်းပြည့်ဝပြီး စစ်မှန်သော ဒီမိုကရေစီရရှိရေးအတွက် ဖေဖော်ဝါရီလတွင် ထုတ်ပြန်ကြေညာခဲ့သည့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်သည်သာ တစ်ခုတည်းသော နည်းလမ်းဖြစ်ပါကြောင်း၊ ရှေ့လုပ်ငန်းစဉ်ကို အကောင်အထည်ဖော်ရာတွင် ကြန့်ကြာမှုများ မဖြစ်စေရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အသစ် ဖွဲ့စည်းခြင်းနှင့် COVID-19 ကပ်ရောဂါကာကွယ်ရေး အစီအစဉ်များ၊ စီးပွားရေးပြန်လည်ကုစားရေးကြိုးပမ်းမှုများကို ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားခဲ့သည်။

**ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးပြောကြား**

ပြည်ထောင်စုဝန်ကြီးသည် အာဆီယံနိုင်ငံ့ခေါင်းဆောင်များ အစည်းအဝေး၏ Five-point Consensus ကိုလည်းကောင်း၊ ဘရူနိုင်း ဒုတိယနိုင်ငံခြားရေးဝန်ကြီး(၂) နှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့၏ မကြာသေးမီက မြန်မာနိုင်ငံသို့ လာရောက်ခဲ့သည့် ခရီးစဉ်အပါအဝင် မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှုများကိုလည်းကောင်း၊ မြန်မာနိုင်ငံတွင် လူသားချင်းစာနာထောက်ထားမှုအကူအညီများ ပေးအပ်ရေး ကိစ္စရပ်များကိုလည်းကောင်း၊ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးသည် နံနက်ပိုင်းတွင် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ အလွတ်သဘော နံနက်စာအစည်းအဝေးသို့ တက်ရောက်ခဲ့သည်။

**ညစာစားပွဲသို့ တက်ရောက်**

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် အဆင့်မြင့်အရာရှိကြီးများသည် ညနေပိုင်းတွင် တရုတ်နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိက အာဆီယံအဖွဲ့နိုင်ငံများ၏ ကိုယ်စားလှယ်အဖွဲ့ဝင်များအတွက် တည်ခင်းဧည့်ခံသော ညစာစားပွဲသို့ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ရပ်နားထားရသည့် နိုင်ငံပိုင် စက်ရုံအလုပ်ရုံများ ပြန်လည်လည်ပတ်နိုင်အောင် ဆောင်ရွက်ကြရမည်

ပြည်တွင်း စီးပွားရေးလုပ်ငန်းများကို အားပေးကြရမည်ဖြစ်ကြောင်း၊ စီမံခန့်ခွဲမှုညံ့ဖျင်းပါက တိုင်းပြည်ဆင်းရဲသွားမည်ဖြစ်ကြောင်း၊ အဆင်းရဲဆုံးနိုင်ငံများစာရင်းမှ လွတ်မြောက်နိုင်ရန် အစိုးရအဆက်ဆက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ တိုင်းပြည်အတွက် ရသင့်ရထိုက်သည့် အခွန်အခများရရှိအောင် ဆောင်ရွက်ရာတွင် နိုင်ငံတော်နှင့် ပြည်သူ နှစ်ဦးနှစ်ဖက် အကျိုးရှိအောင် လုပ်ဆောင်ရန်လိုကြောင်း၊ နိုင်ငံတော်မှရရှိသည့် အခွန်အခများဖြင့် နိုင်ငံတော်၏ ငြိမ်းချမ်းရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ ပညာရေးကဏ္ဍများတွင် ထိရောက်စွာ အသုံးပြုနိုင်ရေး စီမံဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ရပ်နားထားရသည့် နိုင်ငံပိုင်စက်ရုံ အလုပ်ရုံများ ပြန်လည်လည်ပတ်နိုင်အောင် ဆောင်ရွက်ကြရမည်ဖြစ်ပြီး ပြည်တွင်းထုတ်ကုန်များ လုံလောက်အောင်ထုတ်လုပ်၍ ပြည်ပသွင်းကုန်များကို လျှော့ချကာ နိုင်ငံ၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀-၅-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေး၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)**

# ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး ပဲခူးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီအဖွဲ့ဝင်များကို တွေ့ဆုံ၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအား ကြည့်ရှုအားပေး

**နေပြည်တော် ဇွန် ၇**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးအောင်နိုင်ဦးသည် ပဲခူးတိုင်းဒေသကြီး၊ စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီအဖွဲ့ဝင်များနှင့် ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက တိုင်းဒေသကြီးအတွင်းရှိ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ လွယ်ကူလျင်မြန် အဆင်ပြေချောမွေ့စေရေး၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီဖြစ်စေရေး၊ ခွင့်ပြုပြီးလုပ်ငန်းများကိုလည်း ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကြပ်မတ်ဆောင်ရွက်ရေး၊ နိုင်ငံသားကုန်ထုတ်လုပ်ငန်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများ လွယ်ကူချောမွေ့စွာ ဆောင်ရွက်နိုင်ရေးနှင့် ရင်းနှီးမြှုပ်နှံသူများအတွက် အထောက်အကူပြုစေမည့် ရင်းနှီးမြှုပ်နှံမှုဝန်းကျင်တစ်ရပ် ဖြစ်ပေါ်လာစေရေးကိစ္စများကို ဆွေးနွေးပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ/ တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ ဦးမျိုးဆွေဝင်းက တိုင်းဒေသကြီးအတွင်းရှိ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စများနှင့်ပတ်သက်၍ ရှေ့ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကိုလည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးအတွက် ဆောင်ရွက်သွားမည့် ကိစ္စများကိုလည်းကောင်း ဆွေးနွေးပြောကြားသည်။

**ဖြည့်ဆည်းဆောင်ရွက်ပေး**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ဌာနဆိုင်ရာစုပေါင်းရုံးရှိ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူးရုံးသို့ သွားရောက်၍ ရုံးလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့် ရင်းနှီးပွင့်လင်းစွာ တွေ့ဆုံကာ အခက်အခဲများကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်လျက်ရှိသည့် ပဲခူးပြည်တွင်း/ပြည်ပစက်မှုနယ်မြေအတွင်းရှိ ရာနှုန်းပြည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် ဆောင်ရွက်လျက်ရှိသော Karisma Apparel (Myanmar) Co.,Ltd ၏ CMP စနစ်ဖြင့် စက်ထိုးထည်ထုတ်လုပ်ခြင်းလုပ်ငန်းနှင့် Bellmart (Myanmar) Co.,Ltd ၏ CMP စနစ်ဖြင့် Sleeping Bag ချုပ်လုပ်ခြင်းလုပ်ငန်းများသို့ လည်းကောင်း၊ ဘောနတ်ကြီးကျေးရွာအုပ်စုရှိ ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် ဆောင်ရွက်လျက်ရှိသော i-Land Park Myanmar Limited ၏ စက်မှုဥယျာဉ်မြို့တော် တည်ထောင်ခြင်းလုပ်ငန်းသို့လည်းကောင်း သွားရောက်ကြည့်ရှုအားပေးရာ ကုမ္ပဏီအသီးသီးတို့မှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုများနှင့် လက်ရှိဖြစ်ပေါ်နေသော အခက်အခဲများကို ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ်ဖြေရှင်းပေးသည်။ **သတင်းစဉ်**



## တပ်မတော်ဆေးရုံများနှင့် ယာယီအရေးပေါ်ဆေးရုံများ၌ ယနေ့အထိ ပြင်ပလူနာ နှစ်သိန်းသုံးသောင်းကျော် ကုသပေးနိုင်ခဲ့

**နေပြည်တော် ဇွန် ၇**

တပ်မတော်အနေဖြင့် ဆောင်ရွက်လျက်ရှိသည့် ပြည်သူ့အကျိုးပြုလုပ်ငန်းများအနက် ပြည်သူလူထုအတွက် အဓိကအကျဆုံးဖြစ်သော ကျန်းမာရေးကဏ္ဍ မြင့်မားရေးအတွက် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများဖြင့် နယ်လှည့်ဆေးကုသရေးအဖွဲ့များစုစည်း၍ ဒေသခံပြည်သူလူထုကို ကျန်းမာရေးစစ်ဆေးပေးခြင်း၊ လိုအပ်သည့် ကာကွယ်ဆေးများ ထိုးနှံပေးခြင်း၊ ခွဲစိတ်ရန်လိုအပ်သည့် လူနာများအား ခွဲစိတ်ကုသပေးခြင်း၊ ဆေးရုံတက်ရောက်ကုသရန်လိုအပ်သော လူနာများကို ဆေးရုံတင်ကာ ကျန်းမာရေးစောင့်ရှောက်ပေးခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပြည်သူလူထု၏ အရေးပေါ်ကျန်းမာရေးဆိုင်ရာကုသမှုများ ဆောင်ရွက်ပေးနိုင်ရန်အတွက် တပ်မတော်ဆေးရုံများနှင့် ယာယီကုသရေးဆေးရုံများတွင် ကျန်းမာရေးစောင့်ရှောက်မှုများကို နေ့ညမပြတ် ဆောင်ရွက်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ ပြင်ပလူနာပေါင်း ၂၃၆၂၂၅ ဦးနှင့် အတွင်းလူနာပေါင်း ၇၀၄၉၃ ဦးတို့ကို ကုသပေးနိုင်ခဲ့သည်။

၎င်းလူနာများအနက် အကြီးစားခွဲစိတ်ကုသရန် လိုအပ်သူ ၁၀၉၉၉ ဦး၊ အသေးစားခွဲစိတ်ကုသရန်လိုအပ်သူ ၅၆၆၇ ဦး စုစုပေါင်း ၁၆၆၆၆ ဦးတို့ကို ခွဲစိတ်ကုသပေးနိုင်ခဲ့သည့်အပြင် စိုးရိမ်ဖွယ်ရာရှိသည့် လူနာများကိုလည်း ပါရဂူများ၊ ဆေးမှူးများဖြင့် အထူးကြပ်မတ်ကုသပေးလျက်ရှိသည်။

ထို့ပြင် ကလေးမီးဖွားလူနာ ၅၆၁၇ ဦးကို ခွဲစိတ်၍လည်းကောင်း၊ ၈၁၇၆ ဦးကို သာမန်ဖြင့်လည်းကောင်း မွေးဖွားပေးနိုင်ခဲ့ခြင်းကြောင့် ယနေ့အထိ ကလေးငယ် ၁၃၇၉၃ ဦးကို အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့ပြီး ဆက်လက်၍လည်း တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍ မြင့်မားရန်အတွက် အရှိန်အဟုန်ဖြင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။

ထို့ပြင် ရခိုင်ပြည်နယ် ရသေ့တောင်မြို့ရှိ ဒေသခံတိုင်းရင်းသားပြည်သူများအား ယနေ့တွင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်လှည့်ဆေးကုသရေးအဖွဲ့က စေတီယင်္ဂဏ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ လည်းကောင်း၊ ချင်းပြည်နယ် မတူပီမြို့နယ် ဖနိုင်ကျေးရွာရှိ ဒေသခံတိုင်းရင်းသားပြည်သူများကို ဇွန် ၆ ရက်တွင် အနောက်မြောက်တိုင်းစစ်ဌာနချုပ်၊ နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်းခွဲ (ဖနိုင်)၌ လည်းကောင်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။ ထိုသို့ဆောင်ရွက်ပေးနေမှုကို တိုင်းမှူးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## မုတ်သုံလေ အားကောင်းနေ

**နေပြည်တော် ဇွန် ၇**

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေပြီး ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းနှင့် အရှေ့မြောက်ပိုင်းတို့တွင် မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့်ရှိကာ ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။ **မိုး/ဇလ**

# အသိပညာဗဟုသုတများကိုဖွေရှာ၍ မိမိနိုင်ငံ၊ မိမိလူမျိုးဂုဏ်ကို ပြန်လည်မြှင့်တင်ကြပါစို့

မောင်ငြိမ်းအေး

*(ယမန်နေ့မှ အဆက်)*

**သုတစာပေစွမ်းအား**

သုတစာပေ၏ စွမ်းအားဖြင့် ညီညွတ်ခြင်းကိုရရှိကာ နိုင်ငံတိုးတက်မှုကို ရရှိခဲ့သည်။ တောင်ငူခေတ်တွင် အလားတူ မျိုးချစ်စိတ်ကို နှိုးဆွထိန်းသိမ်းခဲ့သည်။ သားချော့တေးသည်ပင် အမျိုးသားရေးစိတ်ဓာတ်မာန်ကို နှိုးဆော်နိုင်ခဲ့သည်။ ကုန်းဘောင်မင်းဆက် ခေတ်သစ်ထူထောင်စက သုတစာပေတိုးတက်ခဲ့သဖြင့် နိုင်ငံစည်ပင်ဝပြောခဲ့သည်။ စစ်ချီရတု၏ လှုံ့ဆော်မှုဖြင့် အိမ်နီးချင်းနိုင်ငံများအထိ အာဏာစက်ပျံ့ခဲ့သည်။

သို့သော် ကုန်းဘောင်ခေတ် နိဂုံးပိုင်းတွင် သုတစာပေရော ရသစာပေပါ အဆင့်အတန်းနိမ့်ကျခြင်း၏ ဖိနှိပ်ခြင်းကိုခံခဲ့ရသည်။ နိုင်ငံရေးသုတစာပေအားဖြင့် နိုင်ငံသားတို့အား ခေါင်းဆောင်ကာ နယ်ချဲ့ဆန့်ကျင်ရေး၊ နိုင်ငံလွတ်လပ်ရေးရသည်အထိ စွမ်းအားကြီးမားခဲ့သည်။ ထို့ကြောင့် သုတစာပေအဆင့်အတန်းနှင့် နိုင်ငံတော်၏ အခြေအနေမှာ စပ်ယှက်နေသည်ဟူသောအချက်အရ “သုတစာပေသည် တိုင်းပြည်၏ကြမ္မာကို တစ်နည်းတစ်ဖုံဖန်တီးသည်” ဟူသော အဆိုမှာ လျော်ကန်သင့်မြတ်သော အဆိုဖြစ်ပါသည်။

ထို့ကြောင့် စာပေ၏စွမ်းပကားသည် ကြီးမားကျယ်ပြန့်လှပါသည်။ အခြားနိုင်ငံများတွင်လည်း သူ့နိုင်ငံ၊ သူ့လူမျိုးအလိုက် ဖြစ်ထွန်းနေသောစာပေများသည် အလားတူ အကျိုးပြုကြပါသည်။ အင်္ဂလိပ်ဘာသာစာပေသည် ကမ္ဘာသုံးစာပေဖြစ်၍ ယနေ့ထက်တိုင် ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ထွန်းနေပါသည်။ တန်ဖိုးကြီးမားသော စာပေ၏တန်ဖိုးကို နားလည်ကြသူတို့သည် စာအုပ်စာပေတို့ကို လက်မလွှတ်ဘဲ ယနေ့ထက်တိုင် ဖတ်ရှုလေ့လာနေကြပါသည်။

စာပေသည် လူတစ်ဦး၊ လူ့အဖွဲ့အစည်းတစ်ခုမှသည် ကမ္ဘာလုံးဆိုင်ရာသာမက စကြဝဠာထိတိုင် အသိပညာဆိုင်ရာများ မျိုးစုံကြွယ်ဝလှသဖြင့် လေ့လာဆည်းပူး၍ပင် မကုန်နိုင်ပါ။ မြန်မာနိုင်ငံ၏ စာပေသမိုင်းသည် ရှည်လျားသည့်အလျောက် ထွန်းတောက်ခဲ့သလို အကျိုးပြုခဲ့ပါသည်။ လက်ရှိတွင် နိုင်ငံ၌အထူးလိုအပ်သည်မှာ စာပေ သမိုင်း၊ ရာဇဝင်၊ နိုင်ငံရေးဖြတ်ထုံး၊ တိုင်းရင်းသားလူမျိုးများ၏ ဓလေ့စရိုက်၊ အဆင့်အတန်းမြင့်မားသည့် အဘိဓာန်နှင့်စွယ်စုံကျမ်းတို့ဖြစ်ပါသည်။

**ပညာဗဟုသုတများရ**

အသိပညာဗဟုသုတများကို လက်လှမ်းမီ လျင်လျင်မြန်မြန် တစုတဝေးတည်း လေ့လာရေး၌ ဘာသာရပ်ဆိုင်ရာအဘိဓာန်ကျမ်းများနှင့် စွယ်စုံကျမ်းတို့သည် အလွန်ခရီးရောက်သော ပညာပဒေသာအိုးကြီးများဖြစ်ပါသည်။ အဘိဓာန်ဆိုရာ၌ ဝေါဟာရအဘိဓာန်ကိုသာ ဆိုသည်မဟုတ်။ ပုဂ္ဂလအဘိဓာန်များလည်း အကျုံးဝင်ပါသည်။ အချို့က အဘိဓာန်နှင့် စွယ်စုံကျမ်းမှာ ပြည်သူလူထု နေ့စဉ်နှင့်အမျှ ဝတ္ထုဖတ်သလို ဖတ်နိုင်သောအရာ မဟုတ်ဟု စောဒကတက်လိုကြပေလိမ့်မည်။

ယင်းကျမ်းတို့သည် အထက်တွင်ဆိုသည့်အတိုင်း ဗဟုသုတဘဏ်တိုက်ကြီးဖြစ်သည်။ ပညာဗဟုသုတလိုလားသော စာဖတ်ပရိသတ်တို့သည် လူတို့ဘဏ်တိုက်တွင် ငွေထုတ်ကြသကဲ့သို့ ဗဟုသုတဘဏ်တိုက်တွင် အလိုရှိရာ ဗဟုသုတများကို ရှာဖွေထုတ်ယူနိုင်သဖြင့် အချိန်တိုတိုအတွင်း ပညာဗဟုသုတများရနိုင်ပေသည်။

အနောက်နိုင်ငံများတွင် ထုတ်ဝေသူတို့သည် အဘိဓာန်၊ စွယ်စုံကျမ်းတို့ကို လူအများလက်ထဲသို့ အဖိုးနည်းဝန်ပါ ရောက်နိုင်ရေးအတွက် လုံ့လဥဿဟပြုနေကြဆဲဖြစ်သည်။ လူကြီးများအတွက်သာမက ကလေးများအတွက်ပါ အဘိဓာန်၊ စွယ်စုံကျမ်းရှိနေပါသည်။ စာဖတ်နိုင်သည့် ကလေးများသည်ပင် ထိုကျမ်းများနှင့် အကျွမ်းတဝင်ဖြစ်နေပါပြီ။ အထက်တန်းပညာအဆင့်သို့ရောက်နေသော လူငယ်လူရွယ်များအဖို့ ၎င်းတို့ဝါသနာပါရာ ပညာရပ်အသီးသီးနှင့်သက်ဆိုင်သည့် စွယ်စုံကျမ်းအမျိုးမျိုးရှိပါသည်။ နိုင်ငံတစ်နိုင်ငံ၏ အဆင့်အတန်းနှင့် တန်ဖိုးသည် ပညာအဆင့်အတန်းနှင့် စာပေတန်ဖိုး ရှင်သန်ဖွံ့ဖြိုးနေမှုအပေါ်တွင် မူတည်ပါသည်။ မောင်ငြိမ်းအေး အထက်တွင်ဆိုသကဲ့သို့ စာအုပ်စာပေ တန်ဖိုးထားသည့်တိုင်းပြည်တွင် ပြည်သူ ပြည်သားများလည်း စာပေကို တန်ဖိုးထားပြီး တိုင်းပြည်လည်း ဖွံ့ဖြိုးနေသည်ကို တွေ့ရမည်ဖြစ်သည်။

**စာဖတ်ရေးအားပေး**

ရသစာပေတွင် စာရေးသူသည် သူသိသော၊ သူခံစားမိသော အကြောင်းအရာတို့ကို အခြေခံ၍ သူ့စေတနာကို အဓိကထားကာ သူ့စိတ်ကူးဉာဏ်တည်းဟူသော ဆေးရောင်ဖြင့် ရေးခြယ်ပါသည်။ ထိုအခါ စာဖတ်သူသည် စာရေးဆရာ၏ စိတ်ကူးဉာဏ် တန်ခိုးကြောင့် ဝမ်းမြောက်ခြင်း၊ သနားခြင်း၊ အားတက်ခြင်း၊ ရဲရင့်ခြင်း၊ အံ့သြခြင်း၊ ချစ်ခင်မြတ်နိုးခြင်း၊ စက်ဆုပ်ခြင်း၊ ချီးကျူးခြင်း၊ ကဲ့ရဲ့ခြင်းတည်းဟူသော ရသအတွေ့အကြုံများ ရပါသည်။ သုတစာပေတွင် စာပြုသူသည် သူသိသော အကြောင်းအရာ၊ အသိပညာ ဗဟုသုတတို့ကို သူသိသည့်အတိုင်း တင်ပြပါသည်။

ထိုအခါ စာဖတ်သူသည် အသိပညာကိုလည်းကောင်း၊ ဗဟုသုတအမျိုးမျိုးကိုလည်းကောင်း ရရှိပါသည်။ မြန်မာနိုင်ငံအဖို့ ပြည်သူ၊ ပြည်သားများမှာ နိစ္စဓူဝရုန်းကန်လှုပ်ရှားနေရ၍ စာမဖတ်နိုင်ကြပါဟု ဆိုပါလျှင် ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံများတွင် မြန်မာနိုင်ငံထက်ပင် နိစ္စဓူဝအလုပ်ရှုပ်ကြသည်ကို ရောက်ဖူးသူတိုင်းသိကြပါသည်။ နိုင်ငံသားများ စာဖတ်မှုအားနည်းလျှင်လည်း တာဝန်ဝတ္တရားအရ မဖြစ်မနေ စာဖတ်ကြရသည့် ပညာသင်သက်သက်အရွယ်ကျောင်းသားများ စာဖတ်ရေးကို အားပေးကြရပါမည်။

**ဘက်စုံပို့ဆောင်ပေး**

ကျောင်းသင်ပြဋ္ဌာန်းစာအုပ်များမှာ အဘိဓာန်၊ စွယ်စုံကျမ်း အသေးစားသဖွယ် ဖြစ်ပါသည်။ ကျောင်းသုံးစာအုပ်ကောင်းတစ်အုပ်ဖြစ်လာရန်အတွက် ပြုစုရသည်မှာ လွယ်ကူလှသည် မဟုတ်ပါ။ ကျောင်းသုံးစာအုပ်ကောင်းတစ်အုပ်ဖြစ်ရန်အတွက် အင်္ဂါရပ်များရှိပါသည်။ အရေးကြီးသောအချက်များမှာ ပညာရေး၏ ရည်ရွယ်ချက်ကိုမှီးပြီး ရေးဆွဲထားသည့် သင်ရိုးမာတိကာနှင့် ကိုက်ညီရပါသည်။ သင်ရိုးမာတိကာတွင်ပါဝင်သော အချက်အလက်အကြောင်းအရာများသည် သင်ယူရမည့် ကျောင်းသားများ၏ အသက်အရွယ်၊ လေ့လာခံယူနိုင်စွမ်း၊ စိတ်အခြေအနေ၊ နားလည်သည့် အသုံးအနှုန်း၊ ဝေါဟာရများ စသည့် အချက်များကို သတိပြု၍ ပြုစုရပါသည်။

အချက်အလက်များသည် ဆီလျော်မျှတပြီး အဆင့်ဆင့် ညီညီညာညာ တိုးတက်မှုရစေအောင် ပြုပြင်စီရင်ရပါသည်။ ကျောင်းသားများ လွယ်လွယ်ကူကူ ကွင်းကွင်းကွက်ကွက်လေ့လာပြီး မှတ်မိနိုင်အောင် လိုအပ်သည့်နေရာတွင် ရုပ်ပုံ၊ မြေပုံတို့ကို ထည့်သွင်းပေးရပါသည်။ စာအုပ်တွင်ပါဝင်သော သုတကိုဆည်းပူး သိမှတ်ခြင်းဖြင့် ကျောင်းသားသူငယ်တို့၏ စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်အောင်၊ ဉာဏ်ရည်ပိုင်းဆိုင်ရာ မြင့်မားအောင်၊ ဗဟုသုတပိုင်းဆိုင်ရာကြွယ်ဝအောင်၊ ကိုယ်ကျင့်သိက္ခာကောင်းအောင် ဘက်စုံပို့ဆောင်ပေးထားပါသည်။

**စွယ်စုံကျမ်းသစ်အတွဲ - ၁**

ပြည်သူများအနေဖြင့် ပညာဗဟုသုတတို့ကို အကုန်အစင် လွယ်လွယ်ကူကူ လျင်လျင်မြန်မြန် အဖိုးနည်းဝန်ပါ ရရှိရေးအတွက် စွယ်စုံကျမ်းသည် အကောင်းဆုံးဖြစ်ပါသည်။ ကမ္ဘာပေါ်ရှိ ပညာရပ်အမျိုးမျိုး၊ မြန်မာ့ရေးရာ၊ ကမ္ဘာ့ရေးရာတို့မှ အကြောင်းအရာအဖုံဖုံကို သိနားလည်ရေး၊ တတ်မြောက်ရေး၊ အကြားအမြင် ဗဟုသုတကြွယ်ဝစေရေးအတွက် တစ်နေရာတည်း၊ တစ်ထိုင်တည်းတွင် ရရှိနိုင်ရန် ပြုစုထားသော ကျမ်းတစ်စောင်ဖြစ်သည်။ စွယ်စုံကျမ်းသည် အထွေထွေဗဟုသုတ ရှာမှီးလိုသူများအတွက်သာမက သုတေသီပညာရှင်များအတွက်ပါ အသုံးဝင်တန်ဖိုးရှိသည့် ရည်ညွှန်းကျမ်း ဖြစ်သည်။

မြန်မာနိုင်ငံတွင် မြန်မာစွယ်စုံကျမ်းရှိခြင်းသည် မိမိနိုင်ငံ၏ ပညာဘဏ်တိုက်အဖြစ် ဂုဏ်ယူဖွယ်ဖြစ်တည်လျက်ရှိပြီး အမျိုးသားရေးတာဝန်ကို စာပေဖြင့် အခိုင်အမာ စိုက်ထူထားခြင်းဖြစ်သည်။ ၁၉၅၄ ခုနှစ် အတွဲ-၁(က-ကံ)မှ စတင်ထုတ်ဝေခဲ့သော မြန်မာ့စွယ်စုံကျမ်းအတွဲ(၁၅ တွဲ)ကို ခေတ်နှင့်လျော်ညီစွာ ပြန်လည်တည်းဖြတ် ဖြည့်စွက်ထုတ်ဝေနိုင်ရေးဆောင်ရွက်လျက်ရှိရာ အတွဲ - ၁ အသစ်ထွက်ခဲ့ပြီဖြစ်သည်။

**နိုင်ငံ့ဂုဏ်ကိုမြှင့်တင်**

ပညာခေတ်တွင် စာပေအမျိုးမျိုးတို့ကို အစဉ်အမြဲဖတ်ရှုရေးမှာ အရေးကြီးသည်ကို နိုင်ငံများ၏ ဖြစ်ပေါ်တိုးတက်မှုက သက်သေပြလျက်ရှိသည်။ မျက်မှောက်ကာလတွင် ဆင်ခြင်တုံတရား လွဲမှားလာမှုများသည် ပညာအမျိုးမျိုးတို့ကို မရှာဖွေနိုင်ခြင်းနှင့် ကိုယ်ကျင့်သီလများ ပါးလျားလာခြင်းသည်လည်း အချက်တစ်ခုပင်ဖြစ်သည်။ အကျိုးဆက်မှာ မကောင်းမှုဒုစရိုက်၊ ယုတ်ညံ့သိမ်ဖျင်းသော လုပ်ရပ်များ၊ အမှားအမှန်ကို မခွဲခြားနိုင်သည့် အပြုအမူများကို ပြုလုပ်တတ်လာပါသည်။ ယင်းတို့သည် ပညာတတ်ခြင်း/ မတတ်ခြင်းနှင့်လည်း မသက်ဆိုင်ပေ။ ကိုယ်ကျင့်သီလ ပျက်ယွင်းခြင်းသည်လည်း အချက်တစ်ချက်။ စီးပွားကျပ်တည်းလာခြင်းသည်လည်း အချက်တစ်ခု။ အမျိုးဘာသာ၊ သာသနာကို အလေးမထားမှုသည်လည်း အချက်တစ်ခုဖြစ်သည်ဟု ဆိုနိုင်သည်။

မြန်မာပြည်သူအားလုံးတို့သည် အစဉ်အလာကြီးမားပြီး ဂုဏ်ယူဖွယ်ရာကောင်းသည့် စာပေ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းအစဉ်အလာများနှင့် ရှင်သန်ဖြစ်ထွန်းခဲ့သောနိုင်ငံတွင် ပေါက်ဖွားလာကြသူများဖြစ်ပါသည်။ မိမိနိုင်ငံ၊ မိမိလူမျိုး၊ မိမိတို့ တန်ဖိုးများကို သိရှိ နားလည်ကြရန်လိုအပ်ပါသည်။ အမျိုးသားရေးယဉ်ကျေးမှုစရိုက်လက္ခဏာ၊ အမျိုးသားစာပေတို့ကို တန်ဖိုးထားမြတ်နိုးတတ်စေရန် လိုအပ်ပါသည်။ ထို့ကြောင့် အသိပညာဗဟုသုတများကို မနေမနားရှာဖွေ၍ မိမိနိုင်ငံတော်နှင့် မိမိလူမျိုးတို့ကို ပြန်လည်ဂုဏ်တင့်၊ မြှင့်တင်ကြရန် တိုက်တွန်းအပ်ပါသည်။ ။

❍ **ပညာခေတ်တွင် စာပေအမျိုးမျိုးတို့ကို အစဉ်အမြဲဖတ်ရှုရေးမှာ အရေးကြီးသည်ကို နိုင်ငံများ၏ ဖြစ်ပေါ်တိုးတက်မှုက သက်သေပြလျက်ရှိသည်။ မျက်မှောက်ကာလတွင် ဆင်ခြင်တုံတရား လွဲမှားလာမှုများသည် ပညာအမျိုးမျိုးတို့ကို မရှာဖွေနိုင်ခြင်းနှင့် ကိုယ်ကျင့်သီလများ ပါးလျားလာခြင်းသည်လည်း အချက်တစ်ခုပင်ဖြစ်သည်။ အကျိုးဆက်မှာ မကောင်းမှုဒုစရိုက်၊ ယုတ်ညံ့သိမ်ဖျင်းသောလုပ်ရပ်များ၊ အမှားအမှန်ကို မခွဲခြားနိုင်သည့် အပြုအမူများကို ပြုလုပ်တတ်လာပါ သည်။ ယင်းတို့သည် ပညာတတ်ခြင်း/ မတတ်ခြင်းနှင့်လည်း မသက်ဆိုင်ပေ။ ကိုယ်ကျင့်သီလ ပျက်ယွင်းခြင်း သည်လည်း အချက်တစ်ချက်။ စီးပွားကျပ်တည်းလာခြင်းသည်လည်း အချက်တစ်ခု။ အမျိုးဘာသာ၊ သာသနာကို အလေးမထားမှုသည်လည်း အချက်တစ်ခုဖြစ်သည်ဟု ဆိုနိုင်သည်။**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ဗဟိုတိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီ အစည်းအဝေးကျင်းပ

**နေပြည်တော် ဇွန် ၇**

တိုင်းရင်းဆေးပညာဦးစီးဌာန၊ ဗဟိုတိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီ (၁/၂၀၂၁) အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက တိုင်းရင်းဆေးပညာဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း တက်ရောက်၍ တိုင်းရင်းဆေးပညာဦးစီးဌာနအနေဖြင့် နှစ်စဉ်ကျင်းပမြဲဖြစ်သော မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် သုတေသနစာတမ်းဖတ်ပွဲများတွင် ဆွေးနွေးတွေ့ရှိချက်များနှင့် ပတ်သက်၍ ဆောင်ရွက်ပြီးစီးမှုများအား ပြန်လည်ဆန်းစစ်၍ လုပ်ငန်းများ ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

ဝန်ထမ်းများ အဆင်ပြေချောမွေ့စွာ တာဝန်ထမ်းဆောင်နိုင်ရေးနှင့် ရာထူးတိုးမြှင့်ရေး ကိစ္စရပ်များ၊ နိုင်ငံခြားပညာတော်သင်များ စေလွှတ်ပေးမှုများအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ တိုင်းရင်းဆေးတက္ကသိုလ်ရှိ ပြတိုက်မှ ပေ၊ ပုရပိုက်များ၊ ဆေးကျမ်းများနှင့် တိုင်းရင်းဆေး ပရဆေးဥယျာဉ်အား မပျက်စီးစေရန် ယခုထက်ပိုမို၍ စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်ပါကြောင်း၊ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် တိုင်းရင်းဆေးဝါး မှတ်ပုံတင်ခြင်းလုပ်ငန်းကို လျင်မြန်အဆင်ပြေစေရန် ဆောင်ရွက်ပေးလျက်ရှိပြီး စည်းကမ်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်နိုင်ရန် ကြီးကြပ်သွားရမည် ဖြစ်ပါကြောင်း၊ တိုင်းရင်းဆေးဝါးများ၏ အာနိသင်ထိရောက်မှု (Efficacy)နှင့် လုံခြုံစိတ်ချရမှု(Safety) ဆိုင်ရာ သုတေသနများ စနစ်တကျတိုးမြှင့်ဆောင်ရွက်ရန် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့တက်ရောက်လာသော တိုင်းရင်းဆေးဆရာကြီးများနှင့် ဗဟိုတိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီဝင်များက လိုအပ်ချက်များကို ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့် အစည်းအဝေးသို့တက်ရောက်လာသည့် တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးညှိနှိုင်းပေးသည်။

အစည်းအဝေးသို့ ဗဟိုတိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီဝင် ၂၇ ဦးနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းနှင့်အတူ တိုင်းရင်းဆေးပညာဦးစီးဌာန၊ သုတေသနနှင့်ဖွံ့ဖြိုးရေးဌာနခွဲ၊ သုတေသနဌာနစိတ်ရှိ အရည်အသွေးထိန်းချုပ်ရေး ဓာတ်ခွဲခန်းတွင် ထိန်းသိမ်းထားရှိသော တိုင်းရင်းဆေးဝါးနမူနာများ၊ ကုန်ကြမ်းများနှင့် ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်သူ့ကျန်းမာရေးဦးစီးဌာနရှိ ဌာနခွဲများတွင် လုပ်ငန်းဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများ သက်သာချောင်ချိရေး လိုအပ်သည်များ စီစဉ်ဆောင်ရွက်ပေးရန်နှင့် ဝန်ထမ်းများ လုပ်ငန်းခွင်အတွင်း စိတ်ချမ်းမြေ့စွာ၊ စည်းလုံးညီညွတ်စွာဖြင့် တာဝန်များကို ကျေပွန်စွာဆောင်ရွက်နိုင်ရေး လမ်းညွှန်မှာကြားခဲ့ပါသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပြည်သူ့ကျန်းမာရေးဦးစီးဌာန တိုးချဲ့ဆောင် ဆောက်လုပ်ပြီးစီးနေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများ၌ အမယ်လေးမျိုးလှူဒါန်း

**နေပြည်တော် ဇွန် ၇**

တပ်မတော်(ကြည်း၊ ရေ၊ လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများက တိုင်းစစ်ဌာနချုပ်များအလိုက် မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများတွင် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် ကျန်းမာရေးစစ်ဆေးပေးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် လူသန့်အင်းကျေးရွာရှိ လူသန့်အင်းရွာဦးကျောင်းတိုက်၊ သန်လျင်မြို့နယ် စစ်ပင်ကွင်းကျေးရွာအရှေ့ကျောင်းတိုက်နှင့် မင်္ဂလာဒုံမြို့နယ် စမ်းကြီးဝရပ်ကွက်ရှိ ဇေယျာသီရိကျောင်းတိုက်၊ ရခိုင်ပြည်နယ် ရသေ့တောင်မြို့ရှိ စေတီယင်္ဂဏ ဘုန်းတော်ကြီးကျောင်းတို့ရှိ သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်၍ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) အရာထမ်းအခြေခံ(အထူး)သင်တန်း၊ ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှု ဘွဲ့လွန်ဒီပလိုမာသင်တန်း သင်တန်းဖွင့်ပွဲ ကျင်းပ

**နေပြည်တော် ဇွန် ၇**

ပြည်ထောင်စု ရာထူးဝန်အဖွဲ့၏ ကြီးကြပ်မှုဖြင့် ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပြည်သူ့ဝန်ထမ်းအကယ်ဒမီတွင် အရာထမ်းအခြေခံ (အထူး) သင်တန်း၊ ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှု ဘွဲ့လွန်ဒီပလိုမာသင်တန်း ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)၌ ကျင်းပသည်။ **(ယာပုံ)**





ဖွင့်ပွဲ အခမ်းအနားသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးသန်းဆွေ၊ အဖွဲ့ဝင် ဦးဆန်းမြင့်၊ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်တင်စိုး၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) ပါမောက္ခချုပ် ဦးကျော်စိုး၊ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ ဒုတိယ အမြဲတမ်းအတွင်းဝန် ဦးမြင့်ဆွေ၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပြည်သူ့ဝန်ထမ်းအကယ်ဒမီ ကျောင်းအုပ်ကြီး၊ တက္ကသိုလ်သင်ကြား၊ စီမံဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးသန်းဆွေက ယခု သင်တန်းသည် ပြည်ထောင်စုရာထူးဝန်အဖွဲ့က ကျင်းပခဲ့သည့် ပြိုင်ဖွဲ့တမ်းဝင်အရာရှိ စတင်ခန့်ရာထူး စာမေးပွဲများကို ဖြေဆိုအောင်မြင်ခဲ့ကြပြီး ရွေးချယ်ခြင်းခံရသည့် ပုဂ္ဂိုလ်များကို ကိုဗစ်-၁၉ ကူးစက်မြန် ကပ်ရောဂါ ပြန့်ပွားမှု အခြေအနေအရ သက်ဆိုင်ရာဝန်ကြီးဌာန အဖွဲ့အစည်းများတွင် အရာထမ်းအဖြစ် ဦးစွာခန့်ထားခဲ့ပြီး လုပ်ငန်းခွင်သို့ ဝင်ရောက် တာဝန်ထမ်းဆောင်လျက်ရှိသည့် အရာထမ်းများအတွက် အထူးသီးသန့်ဖွင့်လှစ်သည့် သင်တန်းဖြစ်ကြောင်း၊ သင်တန်း၏ ရည်ရွယ်ချက်မှာ ဝန်ထမ်းများသိရှိရမည့် ဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်း စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများကို သိရှိနားလည်စေရန်၊ ပြည်တွင်း ပြည်ပ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးအခြေအနေများကို လေ့လာဆည်းပူးနိုင်စေရန်၊ ဝန်ထမ်းအချင်းချင်း စည်းလုံးညီညွတ်မှု၊ ချစ်ခင်ရင်းနှီးမှုများရရှိစေရန်၊ စိတ်ဓာတ်၊ စည်းကမ်း၊ ခံယူချက်၊ ယုံကြည်ချက် စိတ်နေသဘောထား ကောင်းမွန်သည့် ဝန်ထမ်းကောင်းများ ပေါ်ထွက်လာစေရန်နှင့် သင်တန်းနည်းပြများနှင့် သင်တန်းသားများအကြား အပြန်အလှန် လေးစားယုံကြည်မှု၊ နားလည်မှု၊ ခိုင်မာစွာ တည်ဆောက်နိုင်ရန် ဖြစ်ပါကြောင်း။

နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံသားများဖြစ်၍ နိုင်ငံသားတိုင်း လိုက်နာရမည့် တာဝန်များနှင့် နိုင်ငံ့ဝန်ထမ်း သစ္စာအဓိဋ္ဌာန် (၆)ချက်ကို စောင့်ထိန်းပြီး နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ရမည့်အပြင် နိုင်ငံတော်ယန္တရားတစ်ခုလုံးကို ကောင်းစွာလည်ပတ်နိုင်စေရန် ဆောင်ရွက်ကြရသူများဖြစ်ရာ နိုင်ငံတော်၏ သစ္စာကို ခံယူရသူများ ဖြစ်ပါကြောင်း၊ မည်သည့်အစိုးရက အုပ်ချုပ်သည်ဖြစ်စေ အစိုးရကချမှတ်ထားသော မူဝါဒ၊ လုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် အထောက်အကူပြုကြရန် ဖြစ်ပါကြောင်း။

သင်တန်းတွင် ပြည်သူ့ဝန်ထမ်းအကယ်ဒမီအောက်ရှိ ပညာဌာန (၈)ခုမှ ဆရာ ဆရာမများက မိမိတို့နိုင်ငံ၏ လက်ရှိခေတ်စနစ်နှင့်လျော်ညီစွာ အဆင့်အတန်းရှိရှိ ပြုစုထားရှိသည့် သင်ရိုးညွှန်းတမ်း၊ သင်ရိုးဇယားများဖြင့် စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါ သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၁၇၈ ဦးတက်ရောက်ပြီး သင်တန်းကာလမှာ ဇွန် ၇ ရက်မှ စက်တင်ဘာ ၂၄ ရက်အထိ ရက်သတ္တ ၁၆ ပတ် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် ဥတ္တရသီရိမြို့နယ်ရှိ ပြည်သူများကို အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်

**နေပြည်တော် ဇွန် ၇**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရသီရိမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဝန်ထမ်းများက ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်ပြီးဖြစ်သည့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် ဥတ္တရသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စုပေါင်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က အထွေထွေရွေးကောက်ပွဲ၌ မဲစာရင်းတွင်ပါရှိသည့် မဲဆန္ဒရှင်များတွင် ကိုင်ဆောင်ကတ်ပြားတစ်မျိုးမျိုး ဖြည့်သွင်းထားရှိခြင်းမရှိသူ အများအပြားပါရှိနေကြောင်းကို စိစစ်တွေ့ရှိရပါကြောင်း၊ ထို့ကြောင့် နောင်ကျင်းပမည့် ရွေးကောက်ပွဲတွင် မဲပေးပိုင်ခွင့်ရှိသူတိုင်း ကိုင်ဆောင်သင့်သည့် ကတ်ပြားတစ်မျိုးမျိုး ကိုင်ဆောင်၍ ဆန္ဒမဲပေးနိုင်ရေးဆောင်ရွက်ရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်မှုအရ မိမိတို့ဌာနအနေဖြင့် ပန်းခင်းစီမံချက်ရေးဆွဲဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ ယင်းလုပ်ငန်းစဉ်သည် လုပ်ငန်းပမာဏ ကြီးမားကျယ်ပြန့်ပြီး ကာလသတ်မှတ်ချက်အတွင်း ပြီးစီးအောင်ဆောင်ရွက်ရမည်ဖြစ်သည့်အတွက် ဒေသအာဏာပိုင်အဖွဲ့အစည်းများ၊ အခြားဆက်စပ်ဌာနများမှ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးကြရန်နှင့် ကာယကံရှင်ပြည်သူများကလည်း သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာ၊ စီမံအုပ်ချုပ်ရေးအဖွဲ့သို့ အသိပေးဆက်သွယ် ဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း ရှင်းလင်း ပြောကြားသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်က ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ပန်းခင်းစီမံချက် အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် ပြည်သူများ ပူးပေါင်းဆောင်ရွက်နိုင်ရေး အခြေအနေများကို ရှင်းလင်းပြောကြားပြီး ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဥတ္တာသီရိရပ်ကွက်၊ ရွှေနံ့သာရပ်ကွက်၊ မင်းကုန်းကျေးရွာအုပ်စုနှင့် နယ်မြေခံတပ်နယ်အတွင်း ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်ပြီးဖြစ်သော အိမ်ထောင်စုလူဦးရေစာရင်း အစောင် ၁၀၀နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ၁၂၅ ကတ်တို့ကို ရပ်ကွက်/ကျေးရွာကိုယ်စားလှယ်များနှင့် ကာယကံရှင်ပြည်သူများထံ ပေးအပ်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဥတ္တရသီရိမြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက ဒေသခံပြည်သူများအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ထုတ်ပေးဆောင်ရွက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။ **(အပေါ်ပုံ)**



ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် နေပြည်တော်ရှိ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် အရာထမ်း၊ အမှုထမ်းများ လုပ်ငန်းခွင်မွမ်းမံ သင်တန်းအမှတ်စဉ်(၁/၂၀၂၁) သင်တန်းဖွင့်ပွဲသို့ တက်ရောက် အမှာစကားပြောကြားသည်။

သင်တန်းသို့ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနနှင့် လူမှုဖူလုံရေးအဖွဲ့တို့ရှိ နေပြည်တော်ရုံးချုပ်မှ အင်အား ၆၀နှင့် တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ ရုံးများမှ virtual စနစ်ဖြင့် တက်ရောက်မည့် အင်အား ၁၅ ဦး စုစုပေါင်း အရာထမ်း၊ အမှုထမ်း သင်တန်းသား အင်အား ၇၅ ဦးတက်ရောက်၍ သင်တန်းကာလ ရက်သတ္တနှစ်ပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးရွှေလေး မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ နာယကအဖွဲ့၊ အလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့်တွေ့ဆုံ ရန်ကုန်ပြည်သူ့ဆေးရုံကြီး အဆင့်မြင့် (၇) ထပ်ဆောင် တည်ဆောက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇွန် ၇**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရွှေလေးသည် ဇွန် ၅ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်-နေပြည်တော်-မန္တလေး အမြန်လမ်းမကြီး (ရန်ကုန်-နေပြည်တော်အပိုင်း) လမ်းပြုပြင်ထိန်းသိမ်းထားရှိမှု၊ ခရီးသွားပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် ဆောင်ရွက်ထားရှိမှုတို့ကို လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များကို တာဝန်ရှိသူများအား မှာကြားသည်။



ထို့ပြင် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရွှေလေးတို့သည် ဇွန် ၆ ရက် မွန်းလွဲ ၃နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ခရေပင်လမ်း အမှတ် ၅/က မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီရုံး အစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ နာယကအဖွဲ့နှင့် တွေ့ဆုံဆွေးနွေးပြီး ဆက်လက်၍ အလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၏ ရှေ့ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် အဆောက်အဦဦးစီးဌာန အဆောက်အဦ အထူးအဖွဲ့(၁)မှ တာဝန်ယူဆောင်ရွက်နေသော ရန်ကုန်ပြည်သူ့ဆေးရုံကြီး အဆင့်မြင့် (၇) ထပ်ဆောင် တည်ဆောက်ရေး လုပ်ငန်းခွင်သို့ ရောက်ရှိပြီး ဆေးရုံတိုးချဲ့ (၇) ထပ်ဆောင် လုပ်ငန်းဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ဆဲနှင့် ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များ၊ အရည်အသွေး ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ မြို့ပြရေသန့်၊ လျှပ်စစ်ကဏ္ဍအလိုက် လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြပြီး**(ဝဲပုံ)** ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❒ *ကျောဖုံးမှ*

ဇွန် ၉ ရက် နံနက် ၅ နာရီခွဲတွင် ကိုလံဘီယာအသင်းနှင့် အာဂျင်တီးနားအသင်းတို့ ယှဉ်ပြိုင်ကစား မည်ဖြစ်သည်။ ကိုလံဘီယာအသင်းက ၂၀၂၂ ကမ္ဘာ့ဖလား တောင်အမေရိက ဇုန်ခြေစစ်ပွဲ အမှတ်ပေးဇယားတွင် ခုနမှတ်ဖြင့် အဆင့် (၆) နေရာတွင် ရပ်တည်နေသည်။ ပြိုင်ဘက် အာဂျင်တီးနားအသင်းက ရမှတ် ၁၁ မှတ်ဖြင့် ဒုတိယနေရာတွင် ရပ်တည်နေသည်။ အဆိုပါ နှစ်သင်းတွေ့ဆုံခဲ့သည့် နောက်ဆုံးနှစ်ကြိမ်တွင် ကိုလံဘီယာအသင်းက အသာရထားပြီး တစ်ကြိမ်သရေကျပြီး တစ်ကြိမ်အနိုင်ရရှိထားသည်။ အာဂျင်တီနားအသင်းသည် ပွဲစဉ် (၇) တွင် ချီလီအသင်းနှင့် ကစားခဲ့ပြီး တစ်ဖက် တစ်ဂိုးစီ သရေကျထားသည်။

ဇွန် ၉ ရက် နံနက် ၇ နာရီတွင် ပါရာဂွေးအသင်းနှင့် ဘရာဇီးအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ပါရာဂွေးအသင်းက ရမှတ် ခုနစ်မှတ်ဖြင့် အဆင့် (၄) နေရာတွင် ရပ်တည်နေပြီး ပြိုင်ဘက် ဘရာဇီးအသင်းက ရာနှုန်းပြည့်နိုင်ပွဲနှင့်အတူ ရမှတ် ၁၅ မှတ်ဖြင့် အမှတ်ပေးဇယားကို ဦးဆောင်ထားသည်။ ဘရာဇီးအသင်းသည် ပြီးခဲ့သည့် ပွဲစဉ် ၇ တွင် အီကွေဒေါအသင်းနှင့် တွေ့ဆုံခဲ့ပြီး ရစ်ချတ်လီဆန်၊ နေမာတို့၏ သွင်းဂိုးများနှင့်အတူ နှစ်ဂိုးပြတ် အနိုင်ရရှိခဲ့သည်။ ထို့ကြောင့် ဘရာဇီးအသင်းသည် ယနေ့ပွဲစဉ်တွင် ပါရာဂွေးအသင်းကို အနိုင်ယူပြီး ရာနှုန်းပြည့်နိုင်ပွဲမှတ်တမ်းကို ဆက်လက်ထိန်းသွားနိုင်မလား စောင့်ကြည့်ရမည်ဖြစ်သည်။

နံနက် ၈ နာရီတွင် ချီလီနှင့် ဘိုလီဗီးယားအသင်းတို့ ဆက်လက် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ချီလီအသင်းနှင့် ဘိုလီဗီးယားအသင်းတို့အနေဖြင့် ရမှတ်ကွာဟမှုတွင် တစ်မှတ်သာရှိပြီး ခြေစစ်ပွဲအောင်ရန်အတွက် ယနေ့ပွဲစဉ်ကို အနိုင်ရရှိရန် လိုအပ်နေသည်။ ထို့ကြောင့် မည်သည့်အသင်းက အနိုင်ရရှိသွားမလဲ ဆိုသည်ကို ဇွန် ၉ ရက် နံနက် ၈ နာရီတွင် အဆုံးအဖြတ်ပေးသွားတော့မည်ဖြစ်သည်။

**အောင်ဇော်**

# ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများအား တပ်မတော်ဆေးအဖွဲ့က COVID-19 ရောဂါနှင့်ပတ်သက်၍ ကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် ဇွန် ၇**

ပြည်ပမှ ပြန်လည်ဝင်ရောက်လာသည့် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ ဒေသခံပြည်သူများအား COVID-19 ရောဂါနှင့်ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေး စစ်ဆေးမှုများ ပြုလုပ်ရန် အခက်အခဲဖြစ်ပေါ်လျက်ရှိသဖြင့် မော်လမြိုင်မြို့ရှိ တက္ကသိုလ် (၁၀) မြို့နယ်အဆောင်၌ Quarantine ထားရှိခဲ့သည်။

ထိုသို့ Quarantine ထားရှိသည့် ပြည်ပမှပြန်လည်ဝင်ရောက်လာသူ ၅၉ ဦးအားယနေ့နံနက်ပိုင်းတွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်ဆေးရုံမှ ဆရာဝန်များ၊ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများက မြို့နယ်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်း၍ နှာခေါင်းတို့ဖတ်၊ အာခေါင်တို့ဖတ် ရယူခြင်း၊ RDT နည်းဖြင့် စစ်ဆေးခြင်းများကို ဆက်လက်ဆောင်ရွက်ပေးသည်။

တိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်ဆေးရုံမှ ဆေးကုသရေးအဖွဲ့က ပြည်ပမှ ပြန်လည်ဝင်ရောက်လာသူများအား ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်၍ စစ်ဆေးခြင်းများကို ဖေဖော်ဝါရီ ၁၉ ရက်မှစ၍ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့အထိ ပြည်ပမှ ပြန်လည်ဝင်ရောက်လာသူ ၇၄၁၄ ဦးအား စစ်ဆေးပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့် မန္တလေးတိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံးဝန်ထမ်းများအား တွေ့ဆုံ

**နေပြည်တော် ဇွန် ၇**

တိုင်းရင်းသား လူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်၊ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်တို့သည် ဇွန် ၆ ရက် နံနက်ပိုင်းတွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန မန္တလေးတိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံးအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှုပြခန်းအား လေ့လာကြည့်ရှု၍ လိုအပ်သည်များကို မှာကြားဖြည့်ဆည်းပေးသည်။ (ယာပုံ)

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မန္တလေးတိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံးမှ ဝန်ထမ်းများကို တွေ့ဆုံ၍ မိမိတို့ဝန်ကြီးဌာနသည် နိုင်ငံတော်၏လမ်းညွှန်ချက် ချမှတ်ထားသည့်အတိုင်း ဆောင်ရွက်ဆဲလုပ်ငန်းစီမံကိန်းများ၊ လုပ်ငန်းများကို အချိန်မီ ပြီးပြတ်အောင် ဆောင်ရွက်လျက်ရှိပါကြောင်း၊ လက်ရှိနိုင်ငံတော်အတွက် ငြိမ်းချမ်းရေးသည် အရေးကြီးပါကြောင်း၊ ငြိမ်းချမ်းသွားသည့်အခါ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ပိုမိုဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ဤအချက်ကို ဝန်ထမ်းများအနေဖြင့် ကိုယ်တိုင်သိရှိ နားလည်သဘောပေါက်ရုံသာမက မိမိတို့၏ ရင်သွေးကလေးငယ်များကို အသိပညာပေးထားရမည်ဖြစ်ကြောင်း၊ လူငယ်များသည် အနာဂတ်တွင် ခေါင်းဆောင်များဖြစ်သဖြင့် ပညာရှိရန် လိုကြောင်း။

ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးတည်ချက်(၉)ရပ်တို့ကို သိရှိနားလည်သဘောပေါက်ရန်လိုကြောင်း၊ ဝန်ထမ်းများအနေဖြင့် ချမှတ်ထားသည့် ဝန်ထမ်းစည်းမျဉ်းနှင့်အညီ နေထိုင်လုပ်ကိုင်ကြပြီး မိမိအရည်အသွေး တိုးတက်နေစေရန်အတွက် ကိုယ်တိုင်တည်ဆောက်ကြရန်နှင့် မိမိသမိုင်းကြောင်း ကောင်းအောင်လုပ်ဆောင်ကြပါဟု မှာကြားလိုကြောင်း ပြောကြားသည်။



ဆက်လက်၍ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်က ဆွေးနွေးမှာကြားသည်။

ယင်းနောက် ဝန်ထမ်းများက လုပ်ငန်းဆိုင်ရာ ကိစ္စများတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တောင်ကြီးမြို့၌ အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသား စိစစ်ရေးကတ်ပြားများပေးအပ်




**တောင်ကြီး ဇွန် ၇**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အားဆိုင်ရာ တောင်ကြီးမြို့နယ် ဦးစီးမှူးရုံးမှ အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေး ကတ်ပြားပေးအပ်ပွဲကို ဇွန် ၇ ရက် မွန်းလွဲ ၂ နာရီက တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဒေါက်တာကျော်ထွန်းက နောင်ကျင်းပမည့် ရွေးကောက်ပွဲတွင် မဲပေးပိုင်ခွင့်ရှိသူတိုင်း နိုင်ငံသား စိစစ်ရေးကတ်နှင့် မဲပေးနိုင်ရေးကို စီစဉ်ဆောင်ရွက်နေကြောင်း၊ "ပန်းခင်း" စီမံချက်ဖြင့် တိုင်းဒေသကြီး ပြည်နယ်အလိုက် တစ်နိုင်ငံလုံးတွင် အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေး ကတ်ပြားထုတ်ပေးခြင်းလုပ်ငန်းကို ၂၀၂၁ ခုနှစ် မေ ၃ ရက်မှ ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၃ ရက်အထိ (၁၈) လကြာ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ယနေ့တောင်ကြီးမြို့နယ် ဦးစီးမှူးရုံးမှ ဆောင်ရွက်ပြီးဖြစ်သည့် စုစုပေါင်း နိုင်ငံသား စိစစ်ရေးကတ်ပြား ၆၄၅ ခုနှင့် အိမ်ထောင်စု လူဦးရေစာရင်း ၂၉၀ ကို ပေးအပ်မည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် လက်အောက်ခံ တပ်ရင်းတပ်ဖွဲ့များ ၊ တောင်ကြီးမြို့နယ် ကျောက်တလုံးကြီးမြို့ ကက္ကူကျေးရွာအုပ်စုမှ ကျေးရွာနေပြည်သူများအား ရှမ်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဒေါက်တာကျော်ထွန်းနှင့် အဖွဲ့ဝင်များ၊ ပြည်နယ်ဥပဒေချုပ် ဦးစိုင်းကျော်စံတို့က ပေးအပ်ကြပြီး(ဝဲပုံ) အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေး ကတ်ပြားကွင်းဆင်း ဆောင်ရွက်ပေးမှုအတွက် ဒေသခံတစ်ဦးဖြစ်သူ ဒေါ်နှင်းရီထွေးက ကျေးဇူးတင် စကားပြောကြားခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း (တောင်ကြီး)**

# ငါးရစ်ငါးသန်ကာလ ငါးမဖမ်းဆီးရေး အသိပညာပေးနှီးနှောဆွေးနွေး

**နေပြည်တော် ဇွန် ၇**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ ပန်းတနော်မြို့နယ် အင်းမကျေးရွာအုပ်စု အတွင်းသို့ ခရိုင်ငါးလုပ်ငန်းဦးစီးမှူးဦးဆန်းဝင်း ဦးဆောင်၍ ပန်းတနော်မြို့နယ် ငါးလုပ်ငန်းဦးစီးမှူးနှင့်ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများ ပါဝင်သောအဖွဲ့သည် ဇွန် ၆ ရက်က အင်းမကျေးရွာအုပ်စုအတွင်း ငါးရစ်ငါးသန်ကာလ ငါးမဖမ်းဆီးကြရေး အသိပညာပေးနှီးနှောဆွေးနွေးခဲ့ကြောင်း သိရသည်။

ငါးလုပ်ငန်းဦးစီးဌာနသည် မြန်မာနိုင်ငံရှိ ရေချိုရေငန်ရေပြင်များတွင် ငါး/ပုစွန်များ မပြုန်းတီးစေဘဲ ငါး၊ ပုစွန်အထွက်တိုးစေရန်၊ မျိုးကောင်းမျိုးသန့်များ ရေရှည်တည်တံ့တိုးပွားလာစေရန်နှင့် ငါးသယံဇာတများ ထိန်းသိမ်းနိုင်ရန်အတွက် ရည်ရွယ်၍ ရေနေသတ္တဝါများ၏မိတ်လိုက်၊ မျိုးပွားရာသီချိန်ကာလ၊ ငါးရစ်တက်ချိန်များတွင် ဖမ်းဆီးခြင်း၊ ဝယ်ယူစုဆောင်းခြင်းမပြုကြရန် အမိန့်ကြော်ငြာစာများ၊ ညွှန်ကြားချက်များဖြင့် တားမြစ်ထားပြီးဖြစ်သည်။

**သတင်းစဉ်**

# ဆေးကုသရန်အခက်အခဲဖြစ်ပေါ်လျက်ရှိသည့် ပြည်သူ့ဆေးရုံနှင့်တိုက်နယ်ဆေးရုံများသို့ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများက သွားရောက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် ဇွန် ၇**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ်ဆေးရုံ၊ ဟံဇားတိုက်နယ်ဆေးရုံ၊ ယင်းမာပင်တိုက်နယ်ဆေးရုံ၊ ညောင်ရမ်းတိုက်နယ်ဆေးရုံ၊ သပိတ်ကျင်းမြို့နယ် တကောင်းတိုက်နယ်ဆေးရုံ၊ ကျောက်ဆည်မြို့နယ် စဉ့်ကိုင်ပြည်သူဆေးရုံ၊ မတ္တရာမြို့နယ် ပြည်သူ့ဆေးရုံ၊ ပျော်ဘွယ်မြို့နယ် ယင်းတော်တိုက်နယ်ဆေးရုံ၊ ကူမဲတိုက်နယ်ဆေးရုံနှင့် ရွှေညောင်ဖူးတိုက်နယ်ဆေးရုံ၊ ဝမ်းတွင်းမြို့နယ် ပင်းတလဲတိုက်နယ်ဆေးရုံ၊ မြစ်သားမြို့နယ် ပြည်သူ့ဆေးရုံ၊ တောင်သာမြို့နယ် ဝဲလောင်တိုက်နယ်ဆေးရုံ၊ ကျောက်ပန်းတောင်းမြို့နယ် ပြည်သူ့ဆေးရုံနှင့် ညောင်ဦးခရိုင်ပြည်သူ့ဆေးရုံတို့ရှိ ဝန်ထမ်းများနှင့် လူနာရှင်များက အကူအညီတောင်းခံမှုကြောင့် တပ်မတော်မှ ဆေးကုသရေးအဖွဲ့များအားစေလွှတ်၍ ရောဂါဝေဒနာခံစားနေရသည့် ဒေသခံပြည်သူများကို လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင်လည်း ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ အရိုးအကြောရောဂါ၊ အစာအိမ်ရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများကို ဆက်လက်ဆောင်ရွက်ပေးပြီး ခွဲစိတ်ကုသရန် လိုအပ်သော လူနာများအား ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်းနှင့် ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှုအပေါ် ဒေသခံပြည်သူများအနေဖြင့် အထူးပင်ကျေးဇူးတင်ဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။



ဟံဇားတိုက်နယ်ဆေးရုံ၌ ဒေသခံပြည်သူများအား တပ်မတော်ဆေးတပ်ဖွဲ့ဝင်များက ကျန်းမာရေးစစ်ဆေးပေးစဉ်။

**သတင်းစဉ်**



## အစိုးရပထမပြန်စာမေးပွဲဖြေဆိုနေကြသည့် သံဃာတော်များ၊ သီလရှင်များနှင့် စာမေးပွဲကြီးကြပ်ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများလှူဒါန်း

**နေပြည်တော် ဇွန် ၇**

ရခိုင်ပြည်နယ် အမ်းမြို့ ဝဏ္ဏိတာရာမ ပရိယတ္တိစာသင်တိုက်၊ ပုဏ္ဏားကျွန်းမြို့ရှိ မြို့နယ်ခန်းမနှင့် မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်ရှိ မဟာသုန္ဒရာရာမကျောင်းတိုက်တို့၌ အစိုးရပထမပြန်စာမေးပွဲ ဖြေဆိုနေကြသည့် သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် စာမေးပွဲကြီးကြပ် ဆရာတော်ကြီးများအား ယနေ့တွင် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက် ဖူးမြော်ကြည်ညိုကြ၍ နဝကမ္မအလှူငွေနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး နေ့ဆွမ်းများ ဆက်ကပ် လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဒုတိယဝန်ကြီး ဦးအေးထွန်း အစိုးရဓမ္မာစရိယစာမေးပွဲနှင့် ပထမပြန်စာမေးပွဲ ကြီးကြပ်ဆရာတော်များနှင့် စာဖြေသံဃာတော်၊ သီလရှင်များအား ဖူးမြော်ကြည်ညို၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ သွားရောက်ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၇

**သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်းသည် ဇွန် ၅ ရက် တွင် အစိုးရဓမ္မာစရိယစာမေးပွဲ ကျင်းပလျက်ရှိသည့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ရန်ကင်းစာဖြေဌာန၊ သဃ်န်းကျွန်းစာဖြေဌာန၊ သာကေတစာဖြေ ဌာန၊ ဒဂုံ (ဆိပ်ကမ်း) စာဖြေဌာနတို့သို့လည်းကောင်း၊ ဇွန် ၆ ရက်တွင် ဗဟန်းစာဖြေဌာနနှင့် အင်းစိန်စာဖြေဌာနတို့သို့လည်းကောင်း သွားရောက်၍ စာမေးပွဲကြီးကြပ်ဆရာတော်များနှင့် စာဖြေသံဃာတော်များ၊ သီလရှင်များအား ဖူးမြော်ကြည်ညိုကာ နဝကမ္မအလှူတော်ငွေများ ဆက်ကပ်လှူဒါန်းသည်။**

ယင်းနောက် သာသနာရေးဦးစီးဌာန၊ ၂၀၂၀-၂၀၂၁ ခု ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း အသုံးစရိတ်ဖြင့် တည်ဆောက်လျက်ရှိသည့် ကမ္ဘာအေးကုန်းမြေရှိ အမှုထမ်းအိမ်ရာ (၆ ခန်းတွဲ ၄ ထပ်) RC ၂ လုံး တည်ဆောက်နေမှုနှင့် ပုံနှိပ်ထုတ်ဝေရေးဌာနခွဲ အဆောက်အဦအမိုး၊ မျက်နှာကြက်ပြင်ဆင်ခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

**ဖူးမြော်ကြည်ညို**

ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ခေတ္တဒုတိယပါမောက္ခချုပ် (သင်ကြား) ဆရာတော်နှင့် ဌာနကြီးမှူး ဆရာတော်များ၊ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)ရှိ ပါမောက္ခချုပ် ဆရာတော်နှင့်၊ ဒုတိယပါမောက္ခချုပ် ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညို၍ တက္ကသိုလ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

**ငွေများ ဆက်ကပ်လှူဒါန်း**

မွန်းလွဲပိုင်းတွင် ပထမပြန်စာမေးပွဲ ကျင်းပလျက်ရှိသည့် ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ မြောက်ဥက္ကလာပ စာဖြေဌာန၊ ဗဟန်းစာဖြေဌာန၊ တောင်ဥက္ကလာပ စာဖြေဌာနနှင့် ရန်ကင်းစာဖြေဌာနတို့သို့ သွားရောက်၍ စာမေးပွဲ ကြီးကြပ်ဆရာတော်များနှင့် စာဖြေသံဃာတော်များ၊ သီလရှင်များအား ဖူးမြော်ကြည်ညိုပြီး **(အောက်ပုံ)** နဝကမ္မအလှူတော်ငွေများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် တောင်ဥက္ကလာပမြို့နယ် (၁၄/၂) ရပ်ကွက်ရှိ မြင်သာ မြို့ဦးဘုန်းတော်ကြီးသင်ပညာရေးကျောင်းသို့ သွားရောက်၍ ကျောင်းထိုင်ဆရာတော်အား ဖူးမြော်ကြည်ညိုကာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တားဆီးရေးဆိုင်ရာ ညွှန်ကြားချက်များနှင့် အညီ အတန်းပညာ သင်ယူနေကြသည့် ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများကို ရင်းရင်းနှီးနှီး လိုက်လံတွေ့ဆုံနှုတ်ဆက်၍ လိုအပ်သည်များ ပံ့ပိုးပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



## ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲပြုလုပ်

**နေပြည်တော် ဇွန် ၇**

၂၀၂၁ ခုနှစ် ကာကွယ်ရေးဦးစီးချုပ် (လေ) တံခွန်စိုက်ဒိုင်း ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက မိတ္ထီလာမြို့ မြေပြင်အတတ်သင်လေတပ် စခန်း၊ အားကစားကွင်းတွင် ကျင်းပရာ နယ်မြေခံလေတပ်စခန်းဌာနချုပ် များနှင့် မိတ္ထီလာတပ်နယ်တို့မှ အရာရှိကြီးများ၊ အရာရှိ/စစ်သည်၊ မိသားစုဝင်များ၊ ပြိုင်ပွဲဝင်အသင်းများ၊ အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

တက်ရောက်လာကြသူများက ဗိုလ်လုပွဲပွဲစဉ်ဖြစ်သည့် မင်္ဂလာဒုံလေတပ်စခန်း ဌာနချုပ်အသင်းနှင့် မြေပြင်အတတ်သင် လေတပ်စခန်းအသင်းတို့၏ ယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲကိုဆက်လက်ပြုလုပ်ရာ တစ်ဦးချင်းဆုရရှိသူများနှင့် ဒုတိယဆု ရရှိခဲ့သည့် မင်္ဂလာဒုံလေတပ် စခန်းဌာနချုပ်အသင်းတို့အား တာဝန်ရှိသူများကလည်းကောင်း၊ ယနေ့ယှဉ်ပြိုင်ကစားသည့်ပွဲစဉ်တွင် အနိုင်ရရှိခဲ့သည့် မြေပြင်အတတ်သင်လေတပ် စခန်းအသင်းအား ကာကွယ်ရေးဦးစီးချုပ် (လေ) ကိုယ်စား လေကြောင်းအတတ်သင် လေတပ်စခန်းဌာနချုပ်၊ ဌာနချုပ်မှူး ဗိုလ်ချုပ်စိုးအောင်က တံခွန်စိုက်ဒိုင်းဆုအားလည်းကောင်း အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

အဆိုပါဘောလုံးပြိုင်ပွဲကို ကာကွယ်ရေးဦးစီးချုပ် (လေ) ကွပ်ကဲမှုအောက်ရှိ လေတပ်စခန်းဌာနချုပ်များမှ ပြိုင်ပွဲဝင်အသင်း (၁၀) သင်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး အုပ်စုပတ်လည် ပွဲစဉ်များကို မေ ၁၇ ရက်မှ ဇွန် ၅ ရက်အထိ ယှဉ်ပြိုင်ကစားခဲ့ကြသည်။ ယနေ့ယှဉ်ပြိုင်ကစားကြသည့် ဗိုလ်လုပွဲတွင် မြေပြင်အတတ်သင်လေတပ်စခန်းအသင်းက မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်ကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများ အေးချမ်းတည်ငြိမ်စွာ ဖွင့်လှစ်သင်ကြား



**နေပြည်တော် ဇွန် ၇**

၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် အခြေခံပညာဦးစီးဌာနအောက်ရှိ အခြေခံပညာအထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့်ကျောင်းများအား ဇွန် ၁ ရက်မှစ၍ မြန်မာနိုင်ငံတစ်ဝန်း၌ တစ်ပြိုင်တည်း အေးချမ်းတည်ငြိမ်စွာ စတင်ဖွင့်လှစ်သင်ကြားလျက်ရှိသည်။

ထိုသို့ စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်လျက်ရှိရာ ယနေ့တွင် နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ကျောင်းများအပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများက COVID-19 စည်းမျဉ်းစည်းကမ်းများနှင့် အညီ တက်ရောက်ပညာသင်ကြားလျက်ရှိသည်။

ထို့ပြင် ကျောင်းအုပ်ကြီးများ၊ ကျောင်းအုပ်ချုပ်မှုတာဝန်ခံများနှင့် ဆရာ၊ ဆရာမများက ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးအတွက် လိုအပ်သည်များ ဆောင်ရွက်ပေးပြီး ကျောင်းများလုံခြုံရေးနှင့် ကျောင်းသား၊ ကျောင်းသူများ လုံခြုံရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် တာဝန်သိပြည်သူများက ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံအားပေး စကားပြောကြားကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကိုဗစ် – ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး သတင်းအချက်အလက်နှင့် အသိပညာပေး



✻ ကျောဖုံးမှ

ခါတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ

(၇–၆–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဓာတ်ခွဲခန်းများ | (၄၅၉) ခု | (၁၂) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၄၈၉) ခု | – |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၄) ခု | – |
| ပြင်ဦးလွင်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၇၀၀) | (၁၈) ခု | – |
| စစ်တွေမြို့၊ အမှတ် (၁၇) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀) | (၁၆) ခု | – |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၆၁၁) ခု | (၂၃) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၂၁၈) ခု | (၃၃) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၃၉၁) ခု | (၇၁) ဦး |
| စုစုပေါင်း | (၂,၂၁၆) ခု | (၁၃၉) ဦး |

** ပြည်သူလူထုအနေဖြင့် COVID–19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် –

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကို မကြာခဏ ဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာ နေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် COVID–19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကို တစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID–19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

## ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများ ကိုဗစ် -၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံ

နေပြည်တော် ဇွန် ၇

တပ်မတော်အနေဖြင့် တိုင်းစစ်ဌာနချုပ်နယ်မြေအသီးသီးရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများအပါအဝင် လူမျိုးမရွေး၊ ဘာသာမရွေး အသက် (၆၅) နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် တိုင်းရင်းသားပြည်သူများအား ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနိုင်ရေးအတွက် ဆေးပစ္စည်းများကို တပ်မတော်လေယာဉ်များဖြင့် သယ်ယူပို့ဆောင်ပေးခြင်းများနှင့် ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ် တောင်ပိုင်း တောင်ကြီးမြို့၊ ကလောမြို့၊ ရပ်စောက်မြို့နှင့် ညောင်ရွှေမြို့တို့ရှိ ထေရ်ကြီးဝါကြီးဆရာတော်ကြီးများ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများကို သတ်မှတ်နေရာအသီးသီး၌ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများပါဝင်သော ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများနှင့်အတူ ပူးပေါင်း၍ ကျန်းမာရေးစစ်ဆေးပေးကာ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

### ၇-၆ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၄၂၀၈၉၆ | ၂၈၁၂၂၇၄၁ | ၆၁၂၃၇၀ |
| ၂။ | အိန္ဒိယ | ၂၈၉၁၇၀၉၉ | ၂၇၁၅၉၁၈၀ | ၃၄၉၂၉၃ |
| ၃။ | ဘရာဇီး | ၁၆၉၄၇၀၆၂ | ၁၅၃၄၂၂၈၆ | ၄၇၃၄၉၅ |
| ၄။ | ပြင်သစ် | ၅၇၁၂၇၅၃ | ၅၄၀၉၁၁၀ | ၁၀၉၉၉၈ |
| ၅။ | တူရကီ | ၅၂၈၇၉၈၀ | ၅၁၆၀၇၇၄ | ၄၈၁၆၄ |
| ၆။ | ရုရှား | ၅၁၃၅၈၆၆ | ၄၇၄၃၂၀၂ | ၁၂၄၁၁၇ |
| ၇။ | ဗြိတိန် | ၄၅၁၆၈၉၂ | ၄၂၇၅၀၉၃ | ၁၂၇၈၄၀ |
| ၈။ | အီတလီ | ၄၂၃၂၄၂၈ | ၃၉၁၃၆၃၃ | ၁၂၆၅၂၃ |
| ၉။ | အာဂျင်တီးနား | ၃၉၅၅၄၃၉ | ၃၅၂၉၀၃၃ | ၈၁၂၁၄ |
| ၁၀။ | ဂျာမနီ | ၃၇၀၉၂၆၈ | ၃၅၄၂၇၀၀ | ၈၉၈၇၂ |

### အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၇ – ၆ – ၂၀၂၁

| နိုင်ငံ | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၁၈၆၃၀၃၁ | ၁၇၁၁၅၆၅ | ၅၁၈၀၃ |
| ဖိလစ်ပိုင် | ၁၂၇၆၀၀၄ | ၁၁၉၅၁၈၁ | ၂၁၉၆၉ |
| မလေးရှား | ၆၂၂၀၈၆ | ၅၃၄၃၅၇ | ၃၄၆၀ |
| ထိုင်း | ၁၇၉၈၈၆ | ၁၂၉၁၅၁၆ | ၁၂၆၉ |
| မြန်မာ | ၁၄၄၄၅၆ | ၁၃၂၅၂၅ | ၃၂၂၇ |
| စင်ကာပူ | ၆၂၂၁၀ | ၆၁၆၃၅ | ၃၃ |
| ကမ္ဘောဒီးယား | ၃၄၈၃၃ | ၂၈၀၉၂ | ၂၆၆ |
| ဗီယက်နမ် | ၈၉၈၃ | ၃၅၀၉ | ၅၃ |
| လာအို | ၁၉၆၈ | ၁၇၂၀ | ၃ |
| ဘရူနိုင်း | ၂၄၄ | ၂၃၁ | ၃ |



# ပါကစ္စတန်တောင်ပိုင်းတွင် ရထားတိုက်မှုကြောင့် သေဆုံးသူ ၃၆ ဦးနှင့် ဒဏ်ရာရရှိသူ ၅၀ ကျော်ရှိလာ


ပါကစ္စတန်တောင်ပိုင်း ဆင်းဒ်ပြည်နယ် ဂေါ့ကီခရိုင်တွင် ရထားတိုက်မှုမြင်ကွင်းကို တွေ့ရစဉ်။

**အစ္စလာမ္မာဘတ် ဇွန် ၇**

ပါကစ္စတန်နိုင်ငံ တောင်ပိုင်း ဆင်းဒ်ပြည်နယ်တွင် ခရီးသည်တင် ရထားနှစ်စင်းတိုက်မိရာ သေဆုံးသူအရေအတွက်မှာ ဇွန် ၇ ရက်တွင် ၃၆ ဦး ရှိလာပြီး ဒဏ်ရာရရှိသူမှာလည်း ၅၀ အထက် ရှိလာသည်ဟု ဒေသခံမီဒီယာများနှင့် အာဏာပိုင်များက ပြောသည်။

ဂေါ့ကီခရိုင်တွင် မီလက်အိတ်စ်ပရက်စ်နှင့် ဆာဆေယက်အိတ်စ်ပရက်စ် ရထားတို့ တိုက်မှုဖြစ်ပွားခဲ့ခြင်း ဖြစ်သည်ဟု ပါကစ္စတန်ခရိုင် သယ်ယူပို့ဆောင်ရေးရုံးအရာရှိ ဆာဂျတ်ဝဂ်ဟိုက ဆင်ဟွာသို့ ပြောသည်။

ဒဏ်ရာရရှိသူ လူအများမှာ စိုးရိမ်ရသည့် အခြေအနေတွင်ရှိသည့်အတွက် သေဆုံးမှုနှုန်း ထပ်တိုးလာနိုင်သေးသည်ဟု ဆေးရုံအရာရှိ ပြောကြားချက်ကို ဒေသခံမီဒီယာများတွင် ဖော်ပြကြသည်။

အချို့သော ခရီးသည်များမှာ ရထားတွဲခန်းများတွင် ဆိုးဆိုးရွားရွား ပိတ်မိနေကြသည်ဟု လိုက်ပါလာသည့် ခရီးသည်တစ်ဦးက ပြောသည်။ ဒေသခံများနှင့် ကယ်ဆယ်ရေးအဖွဲ့များသည် အခင်းဖြစ်ပွားရာနေရာသို့ ရောက်လာကြပြီး ရုပ်အလောင်းများနှင့် ဒဏ်ရာရရှိသူများကို ဆွဲထုတ်ကာ နီးစပ်ရာဆေးရုံများသို့ ပို့ပေးခဲ့ကြသည်။

**ဆင်ဟွာ**

# အိုကီနာဝါတွင် အရေးပေါ်အခြေအနေကြေညာမှုအောက်၌ စာသင်ကျောင်းများပိတ်

**အိုကီနာဝါ ဇွန် ၇**

ဂျပန်နိုင်ငံတောင်ပိုင်း အိုကီနာဝါခရိုင်တွင် ဇွန် ၇ ရက်မှ စတင်ကာ ကိုဗစ်-၁၉ ရောဂါကို နှိမ်နင်းရန် အကြောင်းပြချက်ဖြင့် စာသင်ကျောင်းများကို ယာယီအားဖြင့် ပိတ်ထားမည်ဟု သိရသည်။

အိုကီနာဝါသည် မေ ၂၃ ရက်မှစတင်ကာ ကိုဗစ်-၁၉ အရေးပေါ်အခြေအနေ ကြေညာမှုအောက်သို့ ရောက်ရှိခဲ့သည်။ ခရိုင်အတွင်း ဇွန် ၆ ရက်တွင် ကိုဗစ်-၁၉ ကူးစက်ခံရသူ ၁၈၃ ဦး တွေ့ရှိခဲ့သည်။ ယခင်သီတင်းပတ်ကနှင့် နှိုင်းယှဉ်လျှင် ၈၈ ဦး ကျဆင်းသွားသည်ကို တွေ့ရသည်။ သို့သော်လည်း ကူးစက်မှုနှုန်းမှာ မြင့်မားနေဆဲဖြစ်သည်။



အိုကီနာဝါတွင် ပါးစပ်၊ နှာခေါင်းစည်းတပ်ဆင်ကာ သွားလာနေကြသူများကို တွေ့ရစဉ်။

ကူးစက်မှု စုစုပေါင်း၏ ၂၀ ရာခိုင်နှုန်းမှာ ကလေးများနှင့် ဆယ်ကျော်သက် အရွယ်များ ဖြစ်ကြသည်။ ကလေးငယ်များကြားကိုဗစ်- ၁၉ ကူးစက်ပျံ့နှံ့မှုကို တားဆီးနိုင်ရေးအတွက် စာသင်ကျောင်းများ ပိတ်ထားရသည်။ ခရိုင်အတွင်းရှိ အထက်တန်းနှင့် အလယ်တန်းကျောင်းများကို ဇွန် ၂၀ ရက်အထိ ပိတ်သွားမည်ဟု သိရသည်။

ခရိုင်မြောက်ပိုင်းနှင့် ဝေးလံသော ကျွန်းပေါ်ရှိစာသင်ကျောင်းလေးကျောင်းကိုမူ ခြွင်းချက်ထားမည်ဟု သိရသည်။ အိုကီနာဝါတွင် ကိုဗစ် -၁၉ ကူးစက်မှု ပြန်လည်မြင့်မားလာခြင်းမှာ ခရိုင်အတွင်းရှိ ကျန်းမာရေး စောင့်ရှောက်မှုစနစ်ကိုပါ လွှမ်းမိုးထားသည်။

ဂျပန်နိုင်ငံ ရှိ ခရိုင် ၄၇ ခုတွင် အိုကီနာဝါ၌ ကိုဗစ် -၁၉ ကူးစက်မှု အမြင့်ဆုံး ဖြစ်နေသည်။

**အင်န်အိတ်ချ်ကေ**

# အစ္စရေးနိုင်ငံ၌ ခန်းမအတွင်း ပါးစပ်၊ နှာခေါင်းစည်းတပ်ဆင်ရမည့်အမိန့်ကို ဖယ်ရှားပေးတော့မည်

**ဂျေရုဆလင် ဇွန် ၇**

ဇွန် ၁၅ ရက်မှစတင်ကာ အစ္စရေးနိုင်ငံတွင် အဆောက်အအုံခန်းမများအတွင်း ပါးစပ်နှာခေါင်းစည်းမဖြစ်မနေဝတ်ဆင်ရမည့် အမိန့်ကို ဖယ်ရှားပေးတော့မည်ဟု အစ္စရေးနိုင်ငံ၏ ကျန်းမာရေးဝန်ကြီး ယူလီအက်ဒါလ်စတိုင်းက ဇွန် ၆ ရက်တွင် ကြေညာသည်။

အစ္စရေးနိုင်ငံသည် ဧပြီ ၁၈ ရက်မှစတင်ကာ အဆောက်အအုံပြင်ပတွင် ပါးစပ်၊ နှာခေါင်းစည်းတပ်ဆင်ရမည့်အမိန့်ကို ဖယ်ရှားပေးခဲ့ပြီး ဖြစ်သည်။ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုများ ကျဆင်းလာပြီးနောက် ထိုသို့ လုပ်ဆောင်ပေးခဲ့ခြင်း ဖြစ်သည်။

လာမည့် ရက်များအတွင်း နောက်ထပ်ကူးစက်မှုများ တိုးလာခြင်းမရှိတော့လျှင် ကန့်သတ်ချက်များကို အပြည့်အဝ ဖယ်ရှားပေးတော့မည်ဟု ကျန်းမာရေးဝန်ကြီးက ပြောကြားသည်။

သို့သော်လည်း နိုင်ငံရပ်ခြားခရီးသွားလာမှုနှင့် သက်ဆိုင်သည့်ကိစ္စရပ်များကိုမူ ဖြေလျှော့ပေးခြင်း မရှိသေးပေ။ နိုင်ငံကိုးနိုင်ငံသို့ ခရီးသွားခွင့်ပိတ်ထားသည့်အပြင် နိုင်ငံရပ်ခြားမှပြန်လာသူများအတွက် အသွားအလာစောင့်ကြည့် ကန့်သတ်မှု ခံယူရန် အမိန့်ထုတ်ထားသည်။ ဇွန် ၆ ရက်မှစတင်ကာ အစ္စရေးနိုင်ငံတွင် အသက် ၁၂နှစ်နှင့် ၁၅ နှစ်အကြား လူငယ်များကို ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှု စတင်ခဲ့သည်ဟု သိရသည်။

**ဆင်ဟွာ**


အစ္စရေးနိုင်ငံတွင် ရုပ်ရှင်ရုံအတွင်း ပါးစပ်၊ နှာခေါင်းစည်းတပ်ဆင်ကာ ရုပ်ရှင်ကြည့်နေသူများကို တွေ့ရစဉ်။

# ယီမင်နိုင်ငံ၌ ပေါက်ကွဲမှုဖြစ်ပွားရာ ၂၁ ဦးထက်မနည်းသေဆုံး

**ဆာနား ဇွန် ၇**

ယီမင်နိုင်ငံအလယ်ပိုင်းတွင် ပေါက်ကွဲမှုကြီးဖြစ်ပွားရာ ၂၁ ဦးထက်မနည်းသေဆုံးခဲ့သည်ဟု ယီမင်အာဏာပိုင်များက ပြောသည်။

ယီမင်နိုင်ငံသည် ဆော်ဒီက ကျောထောက်နောက်ခံပြုထားသော အစိုးရနှင့် အီရန်က ထောက်ပံ့ပေးထားသော ဟူသီသူပုန်တို့အကြား တိုက်ပွဲများဖြစ်ပြီး ပြည်တွင်းစစ်ဖြစ်ပွားခဲ့သည်မှာ ခြောက်နှစ်ကျော် ကြာမြင့်ခဲ့ပြီဖြစ်သည်။

ပေါက်ကွဲမှုမှာ မာရစ်မြို့ ဓာတ်ဆီဆိုင်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ဟူသီသူပုန်တို့၏ ဒရုန်းဖြင့် တိုက်ခိုက်မှု၊ ဒုံးကျည်တစ်စင်းကျရောက်မှုတို့ကြောင့် ပေါက်ကွဲမှုဖြစ်ပွားရခြင်းဖြစ်သည်ဟု ယီမင်ဝန်ကြီးချုပ်မိန်းအဗ္ဗဒူမာလစ်ခ် ဆာအိဒ်က ပြောသည်။

သေဆုံးသူများတွင် အသက်ငါးနှစ်အရွယ် မိန်းကလေးတစ်ဦးနှင့် ၎င်း၏ဖခင်ဖြစ်သူတို့ ပါဝင်သည်။ မာရစ်မြို့သည် တိုက်ပွဲများဖြစ်ပွားရာမြို့လည်းဖြစ်သည်။ ဟူသီသူပုန်တို့သည် ဒုံးကျည်တိုက်ခိုက်မှုကို အကြိမ်ပေါင်းများစွာ ပြုလုပ်ခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# ပြည်နယ်ရွေးကောက်ပွဲတွင် ဂျာမနီဝန်ကြီးချုပ်၏ပါတီ အနိုင်ရ

**ဘာလင် ဇွန် ၇**

ဂျာမနီနိုင်ငံအရှေ့ပိုင်းတွင် ဇွန် ၆ ရက်က ပြုလုပ်သည့် ပြည်နယ်ရွေးကောက်ပွဲ၌ ဂျာမနီဝန်ကြီးချုပ် အင်ဂျလာမာကယ်၏ပါတီက အနိုင်ရခဲ့သည်ဟုသိရသည်။

ကနဦးရလဒ်များအရ ခရစ်ယာန် ဒီမိုကရက်တစ် ယူနီယံပါတီသည် မဲအရေအတွက် ၃၇ ဒသမ ၁ ရာခိုင်နှုန်းဖြင့် အနိုင်ရခဲ့ပြီး ဆက်ဆိုနီ အန်းဟတ်ပြည်နယ် ရွေးကောက်ပွဲတွင် အနိုင်ရခဲ့ခြင်းဖြစ်သည်။ ယခင်ရွေးကောက်ပွဲနှင့်နှိုင်းယှဉ်လျှင် ၇ ရာခိုင်နှုန်းကျော်ဖြင့် အနိုင်ရခဲ့ခြင်း ဖြစ်သည်။ ခရစ်ယာန် ဒီမိုကရက်တစ်ပါတီသည် လွှတ်တော်တွင် အင်အားအကြီးမားဆုံးဖြင့် လွှမ်းမိုးထားနိုင်ဆဲဖြစ်သည်။ လက်ဝဲစွန်းရောက် Alternative for Germany ပါတီသည် မဲအရေတွက် ၂၀ ဒသမ ၈ ရာခိုင်နှုန်းရရှိခဲ့သည်။

ယင်းပါတီမှာ ဒုတိယအင်အားအကြီးဆုံးအဖြစ် နေရာယူထားနိုင်ဆဲဖြစ်သည်။ ခရစ်ယာန် ဒီမိုကရက်တစ်ပါတီသည် ခေါင်းဆောင်သစ်လက်အောက်တွင် အနိုင်ရရှိရေး များစွာကြိုးစားခဲ့ရသည်။ အာမင်လက်စ်ချက်သည် ဇန်နဝါရီလအတွင်းမှစတင်ကာ ပါတီကို တာဝန်ယူခဲ့သည်။ ဆက်ဆိုနီအန်းဟတ်ပြည်နယ်ဝန်ကြီးချုပ်၏ ရေပန်းစားမှုသည်လည်း ပါတီကို အထောက်အကူပြုစေခဲ့သည်ဟု ဂျာမနီမီဒီယာများက ပြောသည်။

ကိုဗစ် -၁၉ ကပ်ရောဂါကာကွယ်ရေးတွင် မဲဆန္ဒရှင်များက ပြည်နယ်အစိုးရကို များစွာအမှတ်ပေးခဲ့သည်။ တိုင်းပြည်အတွင်း အခြေအနေများတိုးတက်လာပြီးနောက် အစိုးရသည် ကိုဗစ် -၁၉ ကန့်သတ်ချက်များကို ဖြေလျှော့ပေးခဲ့သည်။ **အင်န်အိတ်ချ်ကေ**

# ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ဆေး အသုံးပြု၊ ဖြန့်ဝေခြင်းကို ဂျပန်နိုင်ငံတစ်ဝန်း အင်တိုက်အားတိုက်ဆောင်ရွက်

တိုကျို ဇွန် ၇

**ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ဆေး အသုံးပြု၊ ဖြန့်ဝေခြင်းကို ဂျပန်နိုင်ငံတစ်ဝန်း အင်တိုက်အားတိုက်လုပ်ဆောင်လျက်ရှိသည်။ ကျန်းမာရေးဝန်ထမ်း ၇၀ ရာခိုင်နှုန်းခန့်သည် ကိုဗစ်-၁၉ ကာကွယ်ဆေး အပြည့်အဝ ထိုးနှံပြီးပြီဖြစ်သည်။ ထို့အပြင် အသက်ကြီးသူ ၂၀ ရာခိုင်နှုန်းသည် ပထမအကြိမ် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပြီးပြီဖြစ်သည်။**



အိုဆာကာရှိ ကာကွယ်ဆေးထိုးနေရာသို့ သက်ကြီးရွယ်အိုတစ်ဦး ဘီးတပ်တွန်းလှည်းဖြင့် ကာကွယ်ဆေးလာရောက်ထိုးနှံသည်ကိုတွေ့ရစဉ်။

တိုကျိုနှင့် အိုဆာကာရှိ ကာကွယ်ဆေးထိုး နေရာများတွင် လူပေါင်း ၁၇၀၀၀၀ ကျော် ကာကွယ်ဆေးထိုးမှု ခံယူခဲ့သည်။ အိုဆာကာရှိ ကာကွယ်ဆေးထိုး နေရာသည် အိမ်နီးချင်းခရိုင်များမှ အသက်ကြီးသူများကို ဇွန် ၇ ရက်တွင် စတင်ကာကွယ်ဆေးထိုးပေးနိုင်ခဲ့သည်။

အဆိုပါခရိုင်များသည် ဇွန် ၂၀ ရက်အထိ ကိုဗစ်-၁၉ အရေးပေါ် အခြေအနေအောက် ကျရောက်နေသည်။ ခရိုင်အများစုတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုသစ်များ ကျဆင်းလာသည်။ သို့သော်လည်း အိုကီနာဝါတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု မြင့်တက်လာသည်။

တောင်ပိုင်းခရိုင်မှ ကျောင်းများသည် ဇွန် ၇ ရက်မှစကာ ခဏပိတ်ထားရသည်။ အထက်တန်းကျောင်းများသည် ကျောင်းသား ကျောင်းသူများအား မိမိတို့နေအိမ်တွင် သင်ခန်းစာများ ဆက်လက် လေ့လာနိုင်စေရန် အွန်လိုင်းသင်တန်းများကို ဖွင့်လှစ်ခဲ့သည်။

အရေးပေါ် အခြေအနေ ကြေညာချက်မကုန်ဆုံးမီ သီတင်းပတ်နှစ်ပတ်အလိုတွင် ဈေးဝယ်ထွက်ခြင်းနှင့် ဖျော်ဖြေရေးနေရာများသို့ ပြည်သူများ ပိုမိုသွားလာကြသည်။ ကျန်းမာရေးကျွမ်းကျင်သူများက ယခုလို လုပ်ဆောင်မှုသည် ကိုဗစ်-၁၉ ကူးစက်မှု ပြန်လည်မြင့်မားမှုကို ဦးတည်လာနိုင်ကြောင်း သတိပေးထားသည်။

အင်န်အိတ်ချ်ကေ

# အင်ဒိုနီးရှားတွင် တစ်ရက်အတွင်း ကိုဗစ်-၁၉ ဖြင့် သေဆုံးသူ ၁၉၁ ဦးရှိ

ဂျကာတာ ဇွန် ၇

အင်ဒိုနီးရှားနိုင်ငံတွင် နောက်ထပ်ကိုရိုနာဗိုင်းရပ်စ် ဖြစ်ပွားသူ ၆၉၉၃ ဦးတိုးလာမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ ဖြစ်ပွားသူပေါင်း ၁၈၆၃၀၃၁ ဦး ရှိလာခဲ့သည်။ ထို့အတူ ကိုဗစ်-၁၉ ကြောင့် ထပ်မံသေဆုံးသူ ၁၉၁ ဦးတိုးလာသောကြောင့် စုစုပေါင်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၅၁၈၀၃ ဦးအထိ ရောက်ရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ ဇွန် ၇ ရက်က သတင်းထုတ်ပြန်ဖော်ပြလိုက်သည်။



အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တွင် ရထားစီးခရီးသည်တစ်ဦးအား ကိုဗစ်-၁၉ စစ်ဆေးရန် ကျန်းမာရေးဝန်ထမ်းတစ်ဦးက နှာခေါင်းတို့ဖတ်နမူနာရယူနေသည်ကို တွေ့ရစဉ်။

ကျန်းမာရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ဖော်ပြချက်အရ နောက်ထပ်ဆေးရုံမှ ဆင်းလာသူ ၅၅၉၄ ဦးထပ်တိုးလာမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပြန်လည်ကောင်းမွန်လာသူ ၁၇၁၁၅၆၅ ဦးအထိရှိလာခဲ့သည်။

ကိုဗစ်-၁၉ ဗိုင်းရပ်စ်သည် နိုင်ငံ၏ပြည်နယ်ပေါင်း ၃၄ ခုသို့ ကူးစက်ဖြစ်ပွားလျက်ရှိသည်။

လွန်ခဲ့သော ၂၄ နာရီအတွင်း အနောက်ဂျာဗားတွင် ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၁၇၉၀၊ အလယ်ဂျာဗားတွင် ၁၄၅၁ ဦး၊ ဂျကာတာတွင် ၁၁၉၇ ဦး၊ ရီရယ်တွင် ၃၁၃ ဦးနှင့် အရှေ့ဂျာဗားတွင် ၃၀၁ ဦး ရှိလာသည်။

အနောက် ကယ်လီမန်တန်၊ ဂိုရွန်တာလို၊ အနောက်ဆူလာဝေစီနှင့် ပါပူအာပြည်နယ်လေးခုတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသည့်သတင်းဖော်ပြခြင်းမရှိပေ။

ဆင်ဟွာ

## ဗီယက်နမ်တွင် ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၂၃၆ ဦးရှိလာ

ဟိုချီမင်း ဇွန် ၇

ဗီယက်နမ်နိုင်ငံတွင် ဇွန် ၇ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၂၃၆ ဦးရှိလာကြောင်း ဖော်ပြမှုနှင့်အတူ စုစုပေါင်းကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၈၉၈၃ ဦးအထိ ရောက်ရှိလာပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ဖော်ပြထားသည်။

အစုလိုက်ကူးစက်မှုဖြစ်စဉ်များအနက် ၁၂၂ ခုကို နိုင်ငံမြောက်ပိုင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားရာ ဗဟိုချက်နေရာဖြစ်သည့် ဘက်ဂင်ပြည်နယ်တွင် လည်းကောင်း၊ ၂၉ ခုကို မြောက်ပိုင်း ဘက်နင်ပြည်နယ်အနီးတွင်လည်းကောင်း၊ ၄၆ ခုကို ဟိုချီမင်းတောင်ပိုင်းတွင်လည်းကောင်း၊ ခုနစ်ခုကို မြောက်ပိုင်းလန်ဆန်ပြည်နယ်တွင်လည်းကောင်း တွေ့ရှိခဲ့သည်။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူအများစုသည် ကိုဗစ်-၁၉ လူနာများနှင့် ထိစပ်မှုရှိသူများ သို့မဟုတ် ကိုဗစ်-၁၉ အစုလိုက် ကူးစက်ဖြစ်ပွားမှုနှင့် တစ်နည်းနည်းဖြင့် ပတ်သက်နေသူများဖြစ်သည်။

နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ မှပြန်လည်ကောင်းမွန်လာသူ ၃၅၀၉ ဦးရှိပြီး ကန့်သတ်စောင့်ကြည့်ခြင်းခံရသူ ၁၈၃၉၀၀ ရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဖော်ပြသည်။

ဆင်ဟွာ

# အိန္ဒိယနိုင်ငံ၌ အသက် ၁၈ နှစ်အရွယ်များကို ကိုဗစ်-၁၉ ကာကွယ်ဆေး အခမဲ့ထိုးပေးသွားမည်

နယူးဒေလီ ဇွန် ၇

ဗဟိုအစိုးရသည် အသက် ၁၈ နှစ်နှင့်အထက် အသက်အပိုင်းအခြားများကို ဇွန်လမှစကာ ကိုဗစ်-၁၉ ကာကွယ်ဆေး အခမဲ့ထိုးပေးသွားမည်ဖြစ်ကြောင်း အိန္ဒိယဝန်ကြီးချုပ် နာရိန်ဒရာမိုဒီက ဇွန် ၇ ရက်က ပြောကြားလိုက်သည်။

ဇွန် ၇ ရက်ညနေက ပြောကြားသော ရုပ်မြင်သံကြားမိန့်ခွန်းတွင် မိုဒီက ဗဟိုအစိုးရနှင့် ပြည်နယ်အစိုးရများအားလုံးသည် လာမည့်သီတင်းပတ်နှစ်ပတ်အတွင်း ကိုဗစ်-၁၉ ကာကွယ်ဆေး အခမဲ့ထောက်ပံ့သွားမည့်အစီအစဉ်များကို အပြီးသတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ကာကွယ်ဆေးဖြန့်ဝေရေးဌာနသည် အခမဲ့ဖြန့်ဝေသည့် ကိုဗစ်-၁၉ ကာကွယ်ဆေး ကုန်ကျစရိတ်အကုန်လုံးကို ကျခံသွားမည်ဖြစ်သည်။ နိုင်ငံအတွင်း ထုတ်လုပ်လိုက်သော ကိုဗစ်-၁၉ ကာကွယ်ဆေးများ၏ ၇၅ ရာခိုင်နှုန်းကို အဆိုပါဌာနက ဝယ်ယူမည်ဖြစ်ကြောင်း မိုဒီက ပြောသည်။

ပုဂ္ဂလိကဆေးရုံများသည် ကိုဗစ်-၁၉ ကာကွယ်ဆေး ကုန်ကျစရိတ်အပြင် ဝန်ဆောင်ခအနေဖြင့် အမေရိကန်ဒေါ်လာ ၂ ဒေါ်လာ (အိန္ဒိယရူပီး ၁၅၀ ) ထက်ပိုယူရမည်မဟုတ်ကြောင်း သိရသည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ကာကွယ်ဆေး ပြတ်လပ်မှုဖြစ်ပွားနေချိန်တွင် ကုမ္ပဏီခုနစ်ခုသည် ကာကွယ်ဆေးထုတ်လုပ်မှုတွင် ပါဝင်ခဲ့ကြောင်း မိုဒီက ပြည်သူများကို အသိပေးပြောကြားခဲ့သည်။

နောက်ထပ် ကိုဗစ်-၁၉ ကာကွယ်ဆေးသုံးမျိုး ထပ်မံစမ်းသပ်နေမှုသည် အတော်ခရီးရောက်နေပြီဖြစ်ကြောင်း ၎င်းက ပြောသည်။ ထို့အပြင် ကိုဗစ်-၁၉ ကာကွယ်ဆေးများကို ပြည်ပနိုင်ငံများမှလည်း ဝယ်ယူလျက်ရှိကြောင်း သိရသည်။

နှာခေါင်းအစက်ချ ကိုဗစ်-၁၉ ကာကွယ်ဆေးတစ်မျိုးကိုလည်း စမ်းသပ်ထုတ်လုပ်နေကြောင်းနှင့် အကယ်၍အောင်မြင်ခဲ့ပါက မိမိတို့အနေဖြင့် အဆိုပါကာကွယ်ဆေးကို လျင်လျင်မြန်မြန် ထုတ်လုပ်နိုင်ရန် ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း မိုဒီက ပြောသည်။




အိန္ဒိယနိုင်ငံတွင် အသက် ၁၈ နှစ်အရွယ်များ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးရန် လှုံ့ဆော်ထားသည့် ကြော်ငြာတစ်ခုကို တွေ့ရစဉ်။

ယခုအချိန်အထိ အိန္ဒိယနိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပြီးသူပေါင်း ၂၃၂ သန်းကျော် ရှိလာခဲ့သည်။

ဆင်ဟွာ

## ကာကွယ်ဆေးထိုးပြီးသည့် ခရီးသည်များအတွက် စပိန်တံခါးဖွင့်ထား

မက်ဒရစ် ဇွန် ၇

ဥရောပသမဂ္ဂပြင်ပနှင့် ချန်ဂျန်ခရီးသွားဒေသများမှ ခရီးသွားများသည် ခရီးသွားလာခြင်းမပြုမီ ၁၄ ရက်အတွင်း ကိုဗစ်-၁၉ ကာကွယ်ဆေးအပြည့်အဝထိုးပြီးခဲ့ပါက ခရီးသွားလာခွင့်ကန့်သတ်မှုများကို အဆုံးသတ်ပေးမည်ဖြစ်ပြီး တံခါးဖွင့်ကြိုဆိုသွားမည်ဖြစ်ကြောင်း စပိန်နိုင်ငံက ပြောကြားလိုက်သည်။

စပိန်ခရီးသွားကဏ္ဍမြင့်တင်ရန် ကြိုးစားမှုအနေဖြင့် မေ ၂၄ ရက်မှစကာ အင်္ဂလန်မှခရီးသွားများကို ကန့်သတ်ချက်များ ဖယ်ရှားပေးလိုက်ပြီးနောက် ယခုလို ဆုံးဖြတ်လိုက်ခြင်းဖြစ်သည်။ စပိန်ကျန်းမာရေးဝန်ကြီး ကာရိုလီနာဒါးရီး ယက်စ်က စပိန်နိုင်ငံသည် လုံခြုံစိတ်ချရသော ခရီးသွားနေရာတစ်ခုဖြစ်ကြောင်း တွစ်တာပေါ်တွင် ပြောကြားခဲ့သည်။

ဆင်ဟွာ

# အသွင်ပြောင်း ကိုဗစ်- ၁၉ ဗိုင်းရပ်စ်ကို ကမ္ဘာ့ခေါင်းဆောင်တွေ အရေးတယူမလုပ်ဘူးဆိုရင် ဆိုးရွားမှုတွေနဲ့ ကြုံတွေ့နိုင်

ထွန်းသစ်စ

ကိုဗစ်- ၁၉ ရောဂါကို ကမ္ဘာ့ခေါင်းဆောင်တွေ အရေးတယူမလုပ်ဘူးဆိုရင် ကိုဗစ်- ၁၉ ရောဂါရဲ့ အဆုံးသတ်ဟာ ဆိုးရွားမှုတွေနဲ့ အဆုံးသတ်နိုင်ပါတယ်။ အလားတူ ပိုမိုကူးစက်မြန်တဲ့ အသွင်ပြောင်း ကိုဗစ်-၁၉ ဟာ ကမ္ဘာ့လူသန်းပေါင်းများစွာကို ဇီဝိန်ချုပ်စေခဲ့ပါတယ်။

## ပျံ့နှံ့လျက်ရှိ

အိန္ဒိယနိုင်ငံမှာ ပထမဆုံးတွေ့ရှိခဲ့တဲ့ ကိုရိုနာဗိုင်းရပ်စ်မျိုးစိတ်သစ်တစ်မျိုးဖြစ်တဲ့ B. 1.617.2 မျိုးစိတ်ဟာ ဗြိတိန်မှာ တွေ့ရှိခဲ့တဲ့ နောက်ထပ်အသွင်ပြောင်း ကိုရိုနာဗိုင်းရပ်စ်မျိုးစိတ်တစ်မျိုးဖြစ်တဲ့ B. 1.1.7 ထက်ကိုပဲ ပိုမိုကူးစက်မြန်စေပါတယ်။ ဗြိတိန် အသွင်ပြောင်း ကိုရိုနာဗိုင်းရပ်စ်မျိုးစိတ်သစ်ဟာ အခုဆိုရင် ကမ္ဘာ့နိုင်ငံအတော်များများကို ကူးစက်ပျံ့နှံ့နေသလို အိန္ဒိယ အသွင်ပြောင်း ကိုရိုနာဗိုင်းရပ်စ်ဟာလည်း ပျံ့နှံ့လျက်ရှိပါတယ်။

## ထပ်မတိုးဘဲ တန့်နေ

ကိုဗစ်- ၁၉ ကာကွယ်ဆေးကို ကျယ်ကျယ်ပြန့်ပြန့် ထိုးပေးနိုင်တဲ့နိုင်ငံတွေ ဥပမာ အမေရိကန်ပြည်ထောင်စုနဲ့ ဗြိတိန်တို့လိုမျိုး နိုင်ငံတွေမှာတော့ ဆေးရုံတက်ရောက်ကုသနေရတဲ့ ကိုရိုနာဗိုင်းရပ်စ်လူနာ အပါအဝင် ကိုရိုနာဗိုင်းရပ်စ်ကြောင့် သေဆုံးတဲ့လူနာအရေအတွက်ဟာ ကျဆင်းခြင်း သို့မဟုတ် ထပ်မတိုးဘဲ တန့်နေခြင်းမျိုးတွေ ဖြစ်နေပါတယ်။

ဒါဟာ ဘာကိုပြသလဲဆိုရင် ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ဆေးဟာ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ဖြစ်ပွားမှုကို ကောင်းစွာ ဟန့်တားနိုင်တယ်ဆိုတာပဲ ဖြစ်ပါတယ်။

## ကပ်ဘေးကြီးအသွင် ပေါ်ပေါက်စေနိုင်

တခြားကမ္ဘာ့နိုင်ငံအတော်များများမှာတော့ ဒီအသွင်ပြောင်း ကိုရိုနာဗိုင်းရပ်စ်မျိုးစိတ်သစ်တွေဟာ ပိုမိုကူးစက်ဖြစ်ပွားမှုကို ဖြစ်စေနိုင်ပြီး ကြီးမားလှတဲ့ ကပ်ဘေးကြီးအသွင် ပေါ်ပေါက်လာနိုင်ပါတယ်။

အသွင်ပြောင်း ကိုရိုနာဗိုင်းရပ်စ်ပိုး ကူးစက်ပျံ့နှံ့နေချိန်မှာ အီးယူက ကာကွယ်ဆေးကို လျင်လျင်မြန်မြန် ဖြန့်ချိနိုင်ရေးလုပ်ဆောင်နေပါတယ်။

## လျင်လျင်မြန်မြန်လုပ်ဆောင်မယ်

အသွင်ပြောင်း ကိုရိုနာဗိုင်းရပ်စ်မျိုးစိတ်သစ် ကူးစက်ပျံ့နှံ့မှုဖြစ်ပွားနေတာကြောင့် ဥရောပသမဂ္ဂဟာ ကာကွယ်ဆေးထုတ်လုပ် ဖြန့်ချိမှုတွေကို လျင်လျင်မြန်မြန် လုပ်ဆောင်ဖို့ ရည်ရွယ်ချက်ထား ဆောင်ရွက်လျက်ရှိပါတယ်။ သို့သော်လည်း အီးယူဟာလတ်တလောမှာ အခက်အခဲနဲ့ကြုံတွေ့နေတဲ့ ကာကွယ်ဆေးထုတ်လုပ်ရေးအစီအစဉ်ကို ကာကွယ်ပြောကြားလိုက်သလို ကာကွယ်ဆေးဖြန့်ဝေခြင်းနဲ့ပတ်သက်တဲ့ ကတိကဝတ်အသစ်တွေလည်း ထပ်ပေးလိုက်ပါတယ်။

အီးယူရဲ့ နှေးကွေးနေတဲ့ ကာကွယ်ဆေးထုတ်လုပ်ရေးအစီအစဉ်အပေါ် စိတ်ဆိုးဒေါသထွက်မှုတွေ ကြီးထွားလာနေတဲ့အချိန်မှာ ဆေးဝါးထုတ်လုပ်ရေးကုမ္ပဏီတွေအနေနဲ့လည်း ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာမာကယ် ဘာလင်မှာ ပြုလုပ်မယ့် ဆွေးနွေးပွဲမတိုင်မီမှာ ကာကွယ်ဆေးတွေကို ပိုမိုထုတ်လုပ်ဖြန့်ဝေနိုင်ဖို့ ကြိုးစားလျက်ရှိပါတယ်။



အသွင်ပြောင်း ကိုရိုနာဗိုင်းရပ်စ်မျိုးစိတ်သစ် ကူးစက်ပျံ့နှံ့မှုဖြစ်ပွားနေတာကြောင့် ဥရောပသမဂ္ဂဟာ ကာကွယ်ဆေးထုတ်လုပ်ဖြန့်ချိမှုတွေကို လျင်လျင်မြန်မြန်လုပ်ဆောင်ဖို့ ရည်ရွယ်ချက်ထား ဆောင်ရွက်လျက်ရှိပါတယ်။ သို့သော်လည်း အီးယူဟာလတ်တလောမှာ အခက်အခဲနဲ့ကြုံတွေ့နေတဲ့ ကာကွယ်ဆေးထုတ်လုပ်ရေးအစီအစဉ်ကို ကာကွယ်ပြောကြားလိုက်သလို ကာကွယ်ဆေးဖြန့်ဝေခြင်းနဲ့ပတ်သက်တဲ့ ကတိကဝတ်အသစ်တွေလည်း ထပ်ပေး

## သေဆုံးသူပေါင်း ၃ ဒသမ ၇ သန်းကျော်လာ

ယခုအချိန်အထိ ကမ္ဘာတစ်ဝန်းမှာ လူပေါင်း ၁၇၄ သန်းကျော် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ဖြစ်ပွားလျက်ရှိပြီး သေဆုံးသူပေါင်းဟာလည်း ၃ ဒသမ ၇ သန်းကျော်ရှိပါတယ်။ ကမ္ဘာ့နိုင်ငံတွေဟာ ကာကွယ်ဆေးထိုးခြင်းတွေကို အားကြိုးမာန်တက် လုပ်ဆောင်လျက်ရှိပြီး စီးပွားရေးဆိုင်ရာ ကန့်သတ်ပိတ်ဆို့မှုတွေကို ပြန်လည်ဖယ်ရှားလျက်ရှိပါတယ်။

အခုအခါမှာတော့ တစ်ပူပေါ်နှစ်ပူဆင့် ဆိုသလို အရင်ထဲကမှ ကိုရိုနာဗိုင်းရပ်စ်ပြဿနာကို ဖြေရှင်းလို့မနိုင်သေးခင်မှာ နောက်ထပ် ဗီဇပြောင်း ကိုရိုနာဗိုင်းရပ်စ်မျိုးစိတ်သစ်ကလည်း ထပ်မံကူးစက်ပြန့်ပွားလျက်ရှိတဲ့အတွက် အဲဒီမျိုးစိတ်သစ်ဟာ အရင်ကိုရိုနာဗိုင်းရပ်စ်ထက် ပိုမိုကူးစက်ပျံ့နှံ့မှု မြန်ပါတယ်။ လစ်သူယေးနီးယားနိုင်ငံဟာ အဆိုပါ ဗြိတိန်မှာ တွေ့ရှိခဲ့တဲ့ အသွင်ပြောင်းကိုရိုနာဗိုင်းရပ်စ်မျိုးစိတ်သစ် တွေ့ရှိခဲ့ရာ နောက်ဆုံးနိုင်ငံတစ်နိုင်ငံ ဖြစ်လာခဲ့ပါတယ်။

## ဗြိတိန်နိုင်ငံမှာ အတော်များများတွေ့ရှိ

ဗြိတိန်နိုင်ငံဟာ သူ့နိုင်ငံအတွင်းမှာ တောင်အာဖရိက က ပထမဆုံးတွေ့ရှိခဲ့တဲ့ အဲဒီအသွင်ပြောင်း ကိုရိုနာဗိုင်းရပ်စ်မျိုးစိတ်သစ်ဖြစ်ပွားမှု အတော်များများ အတည်ပြုတွေ့ရှိပြီးတဲ့ နောက်ပိုင်းမှာတော့ အခုဆိုရင် ကိုရိုနာဗိုင်းရပ်စ်စစ်ဆေးခြင်းတွေကို ပိုမိုလုပ်ဆောင်လျက်ရှိပါတယ်။

ဥရောပသမဂ္ဂမှာ ကာကွယ်ဆေးဝယ်ယူခြင်းရော ဖြန့်ချိခြင်းပါ နှစ်မျိုးလုံးမှာ နှောင့်နှေးမှုတွေရှိနေပါတယ်။ အဲဒီလိုနှောင့်နှေးနေခြင်းက ဗြိတိန်ကဲ့သို့သော ကာကွယ်ဆေးကို အလျင်အမြန်အင်တိုက်အားတိုက်ထိုးနှံမှုပြုလုပ်နေသော နိုင်ငံတွေအတွက် အားမလိုအားမရဖြစ်ရပါတယ်။ သို့သော်လည်း ဂျာမနီရဲ့ ဘိုင်ရွန်တက်ခ်နဲ့ သူ့ရဲ့ အမေရိကန်မိတ်ဖက်ကာကွယ်ဆေးထုတ်လုပ်တဲ့ ကုမ္ပဏီဖြစ်တဲ့ ဖိုက်ဇာတို့ကတော့ ကာကွယ်ဆေးထုတ်လုပ်မှုမှာ တိုးတက်မှုများရှိလာခြင်းက အလျင်အမြန်ကာကွယ်ဆေးထောက်ပံ့ပေးနိုင်မှာ ဖြစ်တယ်လို့ ပြောကြားလိုက်ပါတယ်။

## ၂၀၂၂ ခုနှစ်မှာ ကြေညာထား

ဓာတုဗေဒကုမ္ပဏီ ဘေယာဟာ ဂျာမန်ဆေးဝါးကုမ္ပဏီ ကူးဝါးဗက်က တိုးတက်ထုတ်လုပ်နေတဲ့ ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ဆေးတစ်မျိုးကို ၂၀၂၂ ခုနှစ်မှာ ထုတ်လုပ်သွားမယ်လို့ ကြေညာချက်ထုတ်ပြန်လိုက်ပါတယ်။ နိုင်ငံပေါင်း ၂၇ နိုင်ငံပါဝင်တဲ့ ဥရောပသမဂ္ဂအတွက် ကာကွယ်ဆေးဝယ်ပေးဖို့ ဥရောပသမဂ္ဂကော်မရှင်ကို ခွင့်ပြုပေးဖို့ရာမှာ အိန်ဂျလာမာကယ်အတွက် အခက်အခဲဖြစ်လျက်ရှိကြောင်း သိရပါတယ်။

အမေရိကန်ပြည်ထောင်စုမှာ ကိုရိုနာဗိုင်းရပ်စ်ကြောင့် ဒုက္ခရောက်နေသူတွေကို ကယ်ဆယ်ဖို့ ရည်ရွယ်ထားတဲ့ ကယ်ဆယ်ရေးအစီအစဉ်တွေကို ဖော်ဆောင်ထားပါတယ်။

## တင်းကျပ်တဲ့ကန့်သတ်ချက်တွေကို ချမှတ်ထား

ကိုရိုနာဗိုင်းရပ်စ်ကူစက်ပျံ့နှံ့မှုကို တားဆီးဖို့နဲ့ မကြာသေးမီက တွေ့ရှိခဲ့တဲ့ ကူးစက်မြန် အသွင်ပြောင်း ကိုရိုနာဗိုင်းရပ်စ်သစ်ကူးစက်မှုကို တိုက်ဖျက်ဖို့ ကမ္ဘာ့နိုင်ငံအတော်များများမှာ တင်းကျပ်တဲ့ ကန့်သတ်ချက်တွေကို ဆက်လက်ချမှတ်ထားခဲ့ရခဲ့ပါတယ်။

ပြင်သစ်နိုင်ငံမှာလည်း ပြည်ဝင်ခွင့်တွေ ကန့်သတ်ထားပါတယ်။ အရေးပေါ်ကိစ္စမှလွဲပြီး ကျန်တဲ့ ခရီးသွားလာမှုများကို ခွင့်မပြုထားပါဘူး။ ခြွင်းချက်နဲ့ ခွင့်ပြုထားတဲ့ ခရီးသွားတွေအနေနဲ့လည်း ကိုရိုနာဗိုင်းရပ်စ်ကင်းစင်ကြောင်း အထောက်အထားပြသရမှာ ဖြစ်ပါတယ်။

အကယ်၍ ကပ်ရောဂါဆိုင်ရာ အသွားအလာကန့်သတ်ပိတ်ဆို့မှုကို မနာခံဘဲ စားသောက်ဆိုင်တွေကို ဖွင့်လှစ်သွားမယ့် စားသောက်ဆိုင်ပိုင်ရှင်တွေအနေနဲ့လည်း ကိုဗစ်- ၁၉ ဘဏ္ဍာငွေထောက်ပံ့မှု ဆုံးရှုံးရမည်ဖြစ်ကြောင်း ပြင်သစ်ဘဏ္ဍာရေးဝန်ကြီး ဘရူနိုလီမိုင်ရီက ပြောကြားလိုက်ပါတယ်။

## နည်းဗျူဟာတွေကို အကောင်အထည်ဖော် ကျင့်သုံးမယ်

ကမ္ဘာ့နိုင်ငံတချို့မှာ ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာကန့်သတ်ပိတ်ဆို့မှုတွေကို ဖယ်ရှားပေးခဲ့သလို တချို့နိုင်ငံတွေမှာတော့ တင်းကျပ်တဲ့ ကန့်သတ်ပိတ်ဆို့မှုတွေကို ပြန်လည်ချမှတ် ဖော်ဆောင်လာခဲ့ပါတယ်။

ပိုလန်နိုင်ငံမှာလည်း ပြတိုက်များ၊ အနုပညာပြခန်းတွေ၊ စာကြည့်တိုက်တွေနဲ့ ဈေးဝယ်ကုန်တိုက်တွေကို ပြန်လည်ဖွင့်လှစ်ခွင့်ပြုလိုက်ပါပြီ။ သို့သော်လည်း ကျောင်းအများစု၊ ဘားတွေနဲ့ စားသောက်ဆိုင်များကိုတော့ ဆက်လက်ပိတ်ထားဆဲ ရှိပါတယ်။

အခုဆိုရင် ကမ္ဘာ့ခေါင်းဆောင်တွေဟာ အသစ်ထပ်မံတွေ့ရှိခဲ့တဲ့ အသွင်ပြောင်း ကိုရိုနာဗိုင်းရပ်စ်မျိုးစိတ်သစ်ကို အကောင်းဆုံး ကိုင်တွယ်သွားနိုင်ဖို့ ကြိုးစားလျက်ရှိပြီး ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ရေးဆိုင်ရာ နည်းဗျူဟာတွေကို အကောင်အထည်ဖော် ကျင့်သုံးလျက်ရှိပါတယ်။ ။

ကိုးကား - အေအက်ဖ်ပီ

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

## စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၃၇ မြို့နယ်၏ မဲစာရင်းများနှင့် မဲပေးခဲ့မှုအခြေအနေများကို စစ်ဆေး

၂၀၂၁ ခုနှစ်၊ ဇွန်လ ၇ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၃၇ မြို့နယ်၏ မဲစာရင်းများနှင့် မဲပေးခဲ့မှုအခြေအနေများကို စစ်ဆေးခဲ့ပြီးဖြစ်ပါသည်။

၂။ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ မြို့နယ် ၃၇ မြို့နယ်၌ မဲရုံပေါင်း ၄၁၀၇ ရုံ၊ မဲဆန္ဒရှင် စုစုပေါင်း ၄၃၀၅၄၀၃ ဦး ရှိသည့်အနက် ၃၃၈၃၁၈၃ ဦး မဲပေးခဲ့ကြသဖြင့် မဲပေးမှုရာခိုင်နှုန်း ၇၈.၅၈ ရာခိုင်နှုန်း ရှိခဲ့ပြီး အောက်ဖော်ပြပါ နိုင်ငံရေးပါတီ ၁၆ ပါတီကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်းများ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်-

(က) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၊
(ခ) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ၊
(ဂ) ပြည်ထောင်စုကောင်းကျိုးဆောင်ပါတီ၊
(ဃ) တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊
(င) ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၊
(စ) ညီညွတ်သောတိုင်းရင်းသားလူမျိုးများဒီမိုကရေစီပါတီ၊
(ဆ) ပြည်သူ့ရှေ့ဆောင်ပါတီ၊
(ဇ) တိုင်းလိုင်(ရှမ်းနီ)အမျိုးသားများဖွံ့ဖြိုးတိုးတက်ရေးပါတီ၊
(ဈ) ရှမ်းနီ(တိုင်းလျှန်)သွေးစည်းညီညွတ်ရေးပါတီ၊
(ည) မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ၊
(ဋ) အမျိုးသားနိုင်ငံရေးဒီမိုကရက်တစ်ပါတီ၊
(ဌ) နာဂအမျိုးသားပါတီ၊
(ဍ) ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၊
(ဎ) အခြေခံလူတန်းစားဘဝမြင့်မားရေးပါတီ၊
(ဏ) အမျိုးသားတိုးတက်ရေးပါတီ၊
(တ) ပြည်သူ့ပါတီ၊
(ထ) တစ်သီးပုဂ္ဂလ။

၃။ စစ်ဆေးရာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၃ အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ သက်ဆိုင်ရာ မြို့နယ်အလိုက် ယခင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ သက်ဆိုင်ရာ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနှင့်အတူ မြေပြင်ဖွင့်ဖောက်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပါသည်။

၄။ မဲဆန္ဒရှင်စာရင်းစစ်ဆေးချက်များအရ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၃၇ မြို့နယ်တွင် ယခင်ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ခဲ့သည့် မဲဆန္ဒရှင်စာရင်းမှာ ၄၃၀၅၄၀၃ ဦး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလစာရင်းအရ အသက် ၁၈ နှစ်ပြည့်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများမှာ ၃၄၅၆၄၂၉ ဦးဖြစ်သည်။ မဲဆန္ဒရှင်စာရင်းများတွင် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ၊ လက်မှတ်မရှိသူများမှာ ၃၃၇၄၈၄ ဦး၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်တစ်ခုတည်းဖြင့် မဲစာရင်းတွင် ၃ ကြိမ်နှင့်အထက်ပါဝင်နေသူများမှာ ၃၉၂၂၀ ဦး၊ ၂ ကြိမ် ပါဝင်နေသူများမှာ ၄၆၀၉၁၆ ဦးဖြစ်သည်။

၅။ မြေပြင်စစ်ဆေးချက်များအရ အဆိုပါ ၃၇ မြို့နယ်တွင် မဲရုံပေါင်း ၄၁၀၇ ရုံ၊ စုစုပေါင်း ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၄၈၃၄၀၅၂ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၃၃၅၈၆၅၉၊ ကျန်ရှိရမည့်အရေအတွက်မှာ ၁၄၇၅၃၉၃၊ မြေပြင်လက်ကျန် ၁၄၁၀၂၂၀ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ကွာခြားချက်အနေဖြင့် ကျန်ရှိရမည့် အရေအတွက်ထက် လျော့နည်းသော မဲလက်မှတ်အရေအတွက် ၁၂၉၅၄၅ ဖြစ်ပြီး၊ အပိုတွေ့ရှိရသော မဲလက်မှတ်အရေအတွက်မှာ ၆၄၃၇၂ ဖြစ်သည်။ မြို့နယ်အလိုက် ဆန္ဒမဲလက်မှတ်များ လျော့နည်းပျောက်ဆုံးခြင်း၊ တရားမဝင်အပိုရရှိနေခြင်းတို့ကို တွေ့ရှိရသည်။

၆။ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများနှင့် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင် စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

### မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများ စိစစ်တွေ့ရှိမှု

| စဉ် | မြို့နယ် | မဲရုံပေါင်း | မြို့နယ်ကော်မရှင်စာရင်း | လဝကစာရင်း | နိုင်ငံသားစိစစ်ရေးကတ်မရှိဘဲ မဲစာရင်းတွင်ပါဝင်နေသူများ | နိုင်ငံသားစိစစ်ရေးကတ်တစ်ခုတည်းဖြင့် မဲစာရင်း ၃ ကြိမ်နှင့်အထက်ပါဝင်နေသူများ | နိုင်ငံသားစိစစ်ရေးကတ်တစ်ခုတည်းဖြင့် မဲစာရင်း ၂ ကြိမ်ပါဝင်နေသူများ |
|---|---|---|---|---|---|---|---|
| ၁ | ပုလဲ | ၁၆၁ | ၁၂၆၇၄၀ | ၇၇၄၄၃ | ၅၇၉၆ | ၈၃၇ | ၁၃၀၅၀ |
| ၂ | ကနီ | ၁၂၁ | ၁၁၇၂၂၁ | ၈၄၀၄၈ | ၈၅၄၈ | ၆၃၈ | ၁၀၉၇၄ |
| ၃ | ချောင်းဦး | ၈၆ | ၈၉၂၂၅ | ၇၅၆၈၀ | ၈၄၁၅ | ၆၃၅ | ၉၆၁၆ |
| ၄ | ဆားလင်းကြီး | ၉၆ | ၁၀၉၂၁၉ | ၈၀၈၆၅ | ၆၇၂၈ | ၄၆၉ | ၉၆၃၀ |
| ၅ | အရာတော် | ၁၂၃ | ၁၄၂၃၆၆ | ၁၁၁၈၁၂ | ၁၇၀၈၂ | ၁၀၄၆ | ၁၅၆၅၆ |
| ၆ | ဘုတလင် | ၁၀၀ | ၁၁၈၃၃၆ | ၇၆၂၄၀ | ၈၂၂၉ | ၈၇၆ | ၁၂၇၃၀ |
| ၇ | မုံရွာ | ၁၉၁ | ၂၉၃၁၇၆ | ၁၉၉၇၉၁ | ၂၆၁၆၈ | ၂၉၈၈ | ၃၄၁၀၀ |
| ၈ | ယင်းမာပင် | ၁၀၀ | ၁၂၃၆၀၆ | ၁၀၀၁၉၁ | ၄၄၅၉ | ၆၂၁ | ၁၂၄၅၆ |
| ၉ | စစ်ကိုင်း | ၁၆၃ | ၂၄၇၉၉၈ | ၂၀၁၁၃၆ | ၄၁၇၉ | ၄၀၄၂ | ၃၅၅၆၈ |
| ၁၀ | မြင်းမူ | ၆၆ | ၉၅၈၀၅ | ၆၀၂၄၃ | ၄၂၈၅ | ၇၅၅ | ၁၀၂၉၀ |
| ၁၁ | မြောင် | ၇၆ | ၈၉၈၄၁ | ၆၆၈၁၁ | ၄၂၀၅ | ၇၁၂ | ၉၄၇၄ |
| ၁၂ | ရေဦး | ၉၀ | ၁၀၄၆၈၄ | ၈၆၀၀၇ | ၂၆၁၃ | ၆၅၄ | ၁၁၂၁၂ |
| ၁၃ | တန့်ဆည် | ၁၁၆ | ၁၄၆၄၉၈ | ၁၄၁၇၂၉ | ၄၄၆၃ | ၃၈၂ | ၁၀၃၁၄ |
| ၁၄ | ကျွန်းလှ | ၉၁ | ၇၇၁၆၄ | ၅၁၀၅၉ | ၄၃၁၇ | ၃၂၃ | ၆၄၀၄ |
| ၁၅ | ကန့်ဘလူ | ၂၀၄ | ၂၃၈၀၃၉ | ၂၈၁၉၆၂ | ၃၁၆၄၆ | ၂၄၉၃ | ၂၉၁၄၀ |
| ၁၆ | ဝက်လက် | ၁၃၄ | ၁၇၃၅၇၄ | ၁၂၈၇၅၅ | ၁၈၇၀၁ | ၁၂၂၆ | ၁၆၁၇၆ |
| ၁၇ | ရွှေဘို | ၁၇၁ | ၂၂၄၅၆၃ | ၁၆၅၈၅၄ | ၂၈၀၃၅ | ၁၈၉၇ | ၂၄၁၇၂ |
| ၁၈ | ခင်ဦး | ၁၁၂ | ၁၂၃၁၄၈ | ၁၃၀၀၇၉ | ၁၀၀၄၂ | ၆၇၃ | ၁၁၉၄၈ |
| ၁၉ | ဒီပဲယင်း | ၁၂၅ | ၁၂၂၉၇၅ | ၉၂၇၉၇ | ၉၁၇၈ | ၈၃၉ | ၁၃၈၁၀ |
| ၂၀ | တမူး | ၇၆ | ၈၄၃၈၄ | ၆၇၀၅၉ | ၄၈၃၃ | ၅၂၁ | ၈၀၃၆ |
| ၂၁ | ကောလင်း | ၁၃၃ | ၁၁၄၈၁၇ | ၁၀၇၀၃၅ | ၆၀၄၇ | ၄၄၆ | ၉၈၄၀ |
| ၂၂ | ကလေးဝ | ၆၉ | ၄၄၀၅၈ | ၄၂၇၃၇ | ၁၀၆၄၅ | ၁၁၁ | ၂၆၀၈ |
| ၂၃ | မင်းကင်း | ၁၃၃ | ၈၈၁၂၀ | ၇၅၉၁၄ | ၅၆၁၀ | ၄၁၃ | ၇၅၆၈ |
| ၂၄ | ကလေး | ၁၉၅ | ၂၈၅၄၀၉ | ၁၈၂၅၀၀ | ၂၁၅၇၉ | ၃၃၆၁ | ၃၆၉၈၀ |
| ၂၅ | ထီးချိုင့် | ၉၂ | ၉၅၇၆၈ | ၇၈၄၃၁ | ၇၄၄၄ | ၈၉၃ | ၁၁၂၅၈ |
| ၂၆ | ဝန်းသို | ၅၃ | ၅၅၈၂၁ | ၄၀၀၉၅ | ၁၆၅၈ | ၁၈၉ | ၄၄၅၂ |
| ၂၇ | ဗန်းမောက် | ၁၁၁ | ၇၁၆၆၄ | ၅၇၄၅၂ | ၇၂၉ | ၃၃ | ၁၉၀၄ |
| ၂၈ | ပင်လည်ဘူး | ၁၂၈ | ၈၄၂၆၆ | ၆၆၁၄၃ | ၅၁၈၁ | ၇၈၃ | ၉၉၀၂ |
| ၂၉ | ကသာ | ၁၁၀ | ၁၂၂၅၂၇ | ၁၁၁၅၅၅ | ၁၃၅၄၉ | ၁၁၇၀ | ၁၃၇၃၈ |
| ၃၀ | အင်းတော် | ၈၄ | ၉၂၄၇၃ | ၉၃၆၅၉ | ၁၆၅၉ | ၃၅၄ | ၈၉၇၈ |
| ၃၁ | ခန္တီး | ၃၄ | ၃၁၃၈၄ | ၂၀၁၄၉ | ၂၈၄၀ | ၁၆၈ | ၂၉၄၈ |
| ၃၂ | ဟုမ္မလင်း | ၁၈၃ | ၁၆၇၇၀၃ | ၁၂၁၄၀၆ | ၂၉၄၅၅ | ၁၆၀၀ | ၁၇၁၅၈ |
| ၃၃ | လေရှီး | ၅၅ | ၁၀၉၁၉ | ၉၂၆၂ | ၃၀၇ | ၇၀ | ၁၁၀၈ |
| ၃၄ | လဟယ် | ၁၀၅ | ၃၃၇၁၃ | ၃၀၉၉၅ | ၂၂၁၁ | ၂၁၂၆ | ၈၉၀၄ |
| ၃၅ | နန်းယွန်း | ၈၂ | ၃၁၇၄၄ | ၃၀၂၀၅ | ၈၈၂ | ၄၂၃၀ | ၇၈၉၈ |
| ၃၆ | မော်လိုက် | ၅၂ | ၄၀၃၄၈ | ၃၆၇၆၄ | ၂၀၈၅ | ၂၉၁ | ၄၂၄၄ |
| ၃၇ | ဖောင်းပြင် | ၈၆ | ၈၆၁၀၇ | ၇၂၅၆၆ | ၁၃၆၈၁ | ၃၅၅ | ၆၆၇၂ |
| | စုစုပေါင်း | ၄၁၀၇ | ၄၃၀၅၄၀၃ | ၃၄၅၆၄၂၉ | ၃၃၇၄၈၄ | ၃၉၂၂၀ | ၄၆၀၉၁၆ |

### မြို့နယ်အလိုက် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်

| စဉ် | မြို့နယ် | မဲရုံပေါင်း | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | ပုလဲ | ၁၆၁ | ၁၄၄၈၇၀ | ၁၀၁၁၁၄ | ၄၃၇၅၆ | ၄၁၉၂၈ | ၂၅၁၅ | ၆၈၇ |
| ၂ | ကနီ | ၁၂၁ | ၁၃၄၄၇၇ | ၈၈၁၄၆ | ၄၆၃၃၁ | ၄၄၈၉၄ | ၁၄၄၇ | ၁၀ |
| ၃ | ချောင်းဦး | ၈၆ | ၁၀၀၂၄၉ | ၇၄၅၀၇ | ၂၅၇၄၂ | ၂၄၂၀၀ | ၁၇၅၅ | ၂၁၃ |
| ၄ | ဆားလင်းကြီး | ၉၆ | ၁၂၁၃၈၉ | ၈၉၅၈၅ | ၃၁၈၀၄ | ၃၀၇၈၂ | ၁၄၂၁ | ၃၉၉ |
| ၅ | အရာတော် | ၁၂၃ | ၁၅၉၈၃၄ | ၁၁၃၄၈၉ | ၄၆၃၄၅ | ၄၀၅၅၂ | ၆၀၁၂ | ၂၁၉ |
| ၆ | ဘုတလင် | ၁၀၀ | ၁၃၅၃၇၂ | ၈၄၅၈၉ | ၅၀၇၈၃ | ၄၅၅၁၉ | ၅၉၈၄ | ၇၂၀ |
| ၇ | မုံရွာ | ၁၉၁ | ၃၁၉၉၇၂ | ၂၃၇၁၇၈ | ၈၂၇၉၄ | ၇၄၂၁၄ | ၁၁၉၁၈ | ၃၃၃၈ |
| ၈ | ယင်းမာပင် | ၁၀၀ | ၁၃၈၅၅၈ | ၉၆၄၇၉ | ၄၂၀၇၉ | ၃၉၈၁၃ | ၃၅၄၇ | ၁၂၈၁ |
| ၉ | စစ်ကိုင်း | ၁၆၃ | ၂၇၂၅၇၆ | ၁၉၉၄၆၀ | ၇၃၁၁၆ | ၇၀၈၄၆ | ၂၉၅၀ | ၆၈၀ |
| ၁၀ | မြင်းမူ | ၆၆ | ၁၀၆၉၁၆ | ၇၈၈၇၂ | ၂၈၀၄၄ | ၂၇၆၁၉ | ၄၇၇ | ၅၂ |
| ၁၁ | မြောင် | ၇၆ | ၁၀၂၃၅၂ | ၇၄၅၈၆ | ၂၇၇၆၆ | ၂၇၂၇၄ | ၅၂၀ | ၂၈ |
| ၁၂ | ရေဦး | ၉၀ | ၁၁၈၅၄၆ | ၈၃၆၁၄ | ၃၄၉၃၂ | ၃၄၅၁၉ | ၉၉၇ | ၅၈၄ |
| ၁၃ | တန့်ဆည် | ၁၁၆ | ၁၆၃၂၈၂ | ၁၁၄၉၃၃ | ၄၈၃၄၉ | ၄၇၇၂၆ | ၁၆၂၈ | ၁၀၀၅ |
| ၁၄ | ကျွန်းလှ | ၉၁ | ၈၈၄၂၇ | ၅၉၆၈၁ | ၂၈၇၄၆ | ၂၇၂၄၃ | ၁၉၇၉ | ၄၇၆ |
| ၁၅ | ကန့်ဘလူ | ၂၀၄ | ၂၆၄၂၀၀ | ၁၈၀၂၂၆ | ၈၃၉၇၄ | ၈၀၇၃၇ | ၄၇၉၂ | ၁၅၅၅ |

စာမျက်နှာ ၁၆ သို့ ☆

☆ စာမျက်နှာ ၁၅ မှ

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ၁၆ | ဝက်လက် | ၁၃၄ | ၁၉၃၄၄၃ | ၁၄၅၉၁၀ | ၄၇၅၃၃ | ၄၆၄၇၈ | ၇၈၄၂ | ၆၇၈၇ |
| ၁၇ | ရွှေဘို | ၁၇၁ | ၂၄၆၀၄၅ | ၁၇၈၈၈၅ | ၆၇၁၆၀ | ၆၁၀၃၅ | ၇၀၂၆ | ၉၀၁ |
| ၁၈ | ခင်ဦး | ၁၁၂ | ၁၃၉၁၄၆ | ၉၉၈၃၂ | ၃၉၃၁၄ | ၃၆၅၀၇ | ၉၇၉၈ | ၆၉၉၁ |
| ၁၉ | ဒီပဲယင်း | ၁၂၅ | ၁၃၈၉၉၃ | ၉၇၅၉၆ | ၄၁၃၉၇ | ၄၀၇၃၀ | ၁၅၂၇ | ၈၆၀ |
| ၂၀ | တမူး | ၇၆ | ၉၂၆၉၈ | ၅၉၇၂၇ | ၃၂၉၇၁ | ၃၁၂၇၈ | ၃၃၇၇ | ၁၆၈၄ |
| ၂၁ | ကောလင်း | ၁၃၃ | ၁၃၁၅၄၀ | ၉၅၅၄၃ | ၃၅၉၉၇ | ၃၅၆၈၃ | ၇၆၃ | ၄၄၉ |
| ၂၂ | ကလေးဝ | ၆၉ | ၅၂၀၉၃ | ၃၅၇၇၉ | ၁၆၄၁၄ | ၁၅၁၀၅ | ၁၆၃၄ | ၃၂၅ |
| ၂၃ | မင်းကင်း | ၁၃၃ | ၁၀၂၃၇၉ | ၇၁၄၁၆ | ၃၀၉၆၃ | ၃၀၈၄၉ | ၂၄၈၃ | ၂၃၆၉ |
| ၂၄ | ကလေး | ၁၉၅ | ၃၁၉၂၅၆ | ၁၉၆၄၇၈ | ၁၂၂၇၇၈ | ၁၂၃၅၈၄ | ၂၉၃၆ | ၃၇၄၂ |
| ၂၅ | ထီးချိုင့် | ၉၂ | ၁၀၅၇၂၄ | ၇၁၈၀၂ | ၃၃၉၂၂ | ၃၀၈၇၉ | ၇၉၁၅ | ၄၈၇၂ |
| ၂၆ | ဝန်းသို | ၅၃ | ၆၃၆၄၈ | ၄၄၆၈၄ | ၁၈၉၆၄ | ၁၈၈၆၂ | ၁၃၆၀ | ၁၂၅၈ |
| ၂၇ | ဗန်းမောက် | ၁၁၁ | ၈၂၂၅၀ | ၅၉၈၈၁ | ၂၂၃၆၉ | ၂၁၉၃၂ | ၂၉၁၈ | ၂၄၈၁ |
| ၂၈ | ပင်လည်ဘူး | ၁၂၈ | ၉၈၅၅၂ | ၆၈၃၆၀ | ၃၀၁၉၂ | ၂၈၆၄၃ | ၂၉၆၉ | ၁၄၂၀ |
| ၂၉ | ကသာ | ၁၁၀ | ၁၃၇၄၅၅ | ၈၉၂၄၁ | ၄၈၂၁၄ | ၄၆၁၀၇ | ၁၃၅၅၈ | ၁၁၄၅၁ |
| ၃၀ | အင်းတော် | ၈၄ | ၁၀၅၈၄၀ | ၇၀၆၃၄ | ၃၅၂၀၆ | ၃၄၁၄၆ | ၁၇၂၂ | ၆၆၂ |
| ၃၁ | ခန္တီး | ၃၄ | ၃၄၃၇၃ | ၂၂၃၀ | ၁၂၁၄၃ | ၁၁၄၅၄ | ၇၂၉ | ၄၀ |
| ၃၂ | ဟုမ္မလင်း | ၁၈၃ | ၁၇၉၃၄၇ | ၁၁၆၁၆၃ | ၆၃၁၈၄ | ၅၉၂၁၉ | ၇၈၂၂ | ၃၈၅၇ |
| ၃၃ | လေရှီး | ၅၅ | ၁၄၆၆၈ | ၉၂၂၀ | ၅၄၄၈ | ၅၃၀၀ | ၁၀၃၆ | ၈၈၈ |
| ၃၄ | လဟယ် | ၁၀၅ | ၄၁၈၂၃ | ၂၇၉၇၆ | ၁၃၈၄၇ | ၁၂၃၀၉ | ၁၇၂၂ | ၁၈၄ |
| ၃၅ | နန်းယွန်း | ၈၂ | ၃၈၆၆၆ | ၂၄၈၃၆ | ၁၃၈၃၀ | ၁၃၂၀၃ | ၇၀၃ | ၇၆ |
| ၃၆ | မော်လိုက် | ၅၂ | ၄၆၃၉၀ | ၃၁၁၇၅ | ၁၅၂၁၅ | ၁၅၂၁၈ | ၁၉၅ | ၁၉၈ |
| ၃၇ | ဖောင်းပြင် | ၈၆ | ၉၈၆၀၃ | ၆၄၈၃၂ | ၃၃၇၇၁ | ၃၃၈၃၃ | ၁၅၆၈ | ၁၆၃၀ |
| | **စုစုပေါင်း** | **၄၁၀၇** | **၄၈၃၄၀၅၂** | **၃၃၅၈၆၅၉** | **၁၄၇၅၃၉၃** | **၁၄၁၀၂၂၀** | **၁၂၉၅၄၅** | **၆၄၃၇၂** |

၇။ စစ်ကိုင်းတိုင်းဒေသကြီး၊ မြို့နယ် ၃၇ မြို့နယ်၏ စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) **သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၆(က)အရ** ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် အသက် ၁၈ နှစ်ပြည့်ပြီး ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သော နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူများသာ မဲစာရင်းတွင် ပါဝင်ခွင့်ရှိပါသည်။ စစ်ကိုင်းတိုင်းဒေသကြီး၏ မဲဆန္ဒရှင်စာရင်းများတွင် နိုင်ငံသားစိစစ်ရေးကတ်မရှိဘဲ မဲစာရင်းတွင် ပါဝင်နေသူများမှာ ၃၃၇၄၈၄ ဦး၊ ၃ ကြိမ်နှင့်အထက် ပါဝင်နေသူ ၃၉၂၂၀ ဦး၊ ၂ ကြိမ်ပါဝင်နေသူ ၄၆၀၉၁၆ ဦးရှိနေကြောင်း စိစစ်တွေ့ရှိရသဖြင့် စစ်ကိုင်းတိုင်းဒေသကြီး၌ မဲစာရင်းများ ကောက်ယူရာတွင် ဥပဒေနှင့်ညီညွတ်ခြင်းမရှိသော မှားယွင်းမှုများကို တွေ့ရှိရသည်။

(ခ) မဲရုံပေါင်း ၄၁၀၇ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ် အရေအတွက်မှာ ၄၈၃၄၀၅၂ ဖြစ်ပြီး၊ မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၃၃၅၈၆၅၉၊ ကျန်ရှိရမည့်အရေအတွက်မှာ ၁၄၇၅၃၉၃၊ မြေပြင်လက်ကျန် ၁၄၁၀၂၂၀ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ကျန်ရှိရမည့် အရေအတွက်ထက်လျော့နည်းသော မဲလက်မှတ်အရေအတွက် ၁၂၉၅၄၅၊ အပိုတွေ့ရှိရသော မဲလက်မှတ်အရေအတွက် ၆၄၃၇၂ ဖြစ်သည်။ မြို့နယ်များတွင် မဲရုံများအလိုက် ဆန္ဒမဲလက်မှတ်များ လျော့နည်းပျောက်ဆုံးခြင်း၊ တရားမဝင်အပိုရှိနေခြင်းတို့ကို တွေ့ရှိရသည်။ မဲရုံများသို့ မဲလက်မှတ်များ သတ်မှတ်အရေအတွက်ဖြင့် ထုတ်ပေးခဲ့ခြင်းဖြစ်ရာ အပိုတွေ့ရှိမှုများနှင့် မဲလက်မှတ်ပျောက်ဆုံးခြင်းများသည် တရားမဝင်ဆောင်ရွက်မှုများကြောင့်ဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

(ဂ) ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် အဆိုပါ မြို့နယ် ၃၇ မြို့နယ်၌ ပြည်သူ့လွှတ်တော်အတွက် ဆန္ဒမဲပေးခဲ့သူဦးရေမှာ ၃၃၈၃၁၈၃ ဦး၊ မဲပေးအသုံးပြုခဲ့သည့် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် ၃၃၅၈၆၅၉ စောင်ဖြစ်၍ မဲလက်မှတ်သုံးစွဲမှုတွင် ၂၄၅၂၄ စောင် လျော့နည်းအသုံးပြုထားကြောင်း တွေ့ရှိရသည်။

(ဃ) ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး မြို့နယ် ၃၇ မြို့နယ်၌ ပြည်သူ့လွှတ်တော်အတွက် မဲပေးသူဦးရေမှာ ၃၃၈၃၁၈၃ ဦး ဖြစ်ပြီး မဲရုံမဲပေးသူ ၂၆၅၀၀၉၄ ဦး၊ ကြိုတင်မဲပေးသူ ၇၃၃၀၈၉ ဦး ဖြစ်သဖြင့် မဲရုံမဲပေးသူ ၇၈.၃၃ ရာခိုင်နှုန်း၊ ကြိုတင်မဲပေးသူ ၂၁.၆၇ ရာခိုင်နှုန်းဖြစ်သည်။

(င) မဲလက်မှတ်လက်ခံဖြတ်ပိုင်းပါ မဲရုံအိတ်အချို့ပျောက်ဆုံးနေကြောင်းတွေ့ရှိရပြီး မြေပြင်ဖွင့်ဖောက်စစ်ဆေးမှု ပြုလုပ်သည့်အချိန်မှသာ သက်ဆိုင်ရာမဲရုံမှူးတာဝန် ထမ်းဆောင်ခဲ့သူမှ လာရောက်အပ်နှံခဲ့သည်ကို စိစစ်တွေ့ရှိရသည်။

(စ) မဲဆန္ဒရှင်စာရင်းပုံစံ(၁)များတွင် မဲဆန္ဒရှင်လက်မှတ် သို့မဟုတ် လက်ဝဲလက်မ လက်ဗွေ ရေးထိုးရိုက်နှိပ်ခြင်းမရှိဘဲ အမှန်ခြစ်အမှတ်အသားများသာ ရေးမှတ်၍ မဲလက်မှတ်များ ခွင့်ပြုထုတ်ပေးထားသည်ကို စိစစ်တွေ့ရှိရသည်။

(ဆ) သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ တင်ပြခြင်းမရှိဘဲ မဲဆန္ဒရှင်စာရင်းပုံစံ(၁)စာအုပ်များတွင် နောက်တိုးမဲဆန္ဒရှင်များကို လက်ရေးဖြင့်ဖြည့်သွင်း၍ ဆန္ဒမဲပေးခွင့်ပြုထားသည်ကို စိစစ်တွေ့ရှိရသည်။

(ဇ) သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေ ၁၅(က)ပါအတိုင်း မဲဆန္ဒရှင်စာရင်း ပုံစံ(၁)၏ စာမျက်နှာတိုင်းတွင် ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ လက်မှတ်ရေးထိုးခြင်းမရှိသည်ကို စိစစ်တွေ့ရှိရသည်။

(ဈ) ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများအနေဖြင့် ကြိုတင်ဆန္ဒမဲလက်မှတ်များကောက်ခံရာတွင် ကြိုတင်ဆန္ဒမဲလက်ခံဖြတ်ပိုင်းများနှင့် ဆန္ဒမဲလက်မှတ်အပိုများကို ဥပဒေနှင့်အညီအပ်နှံရန် ပျက်ကွက်ခဲ့ကြောင်း စိစစ်တွေ့ရှိရသည်။

(ည) ဆန္ဒမဲလက်မှတ် လက်ခံဖြတ်ပိုင်းများ၌ ဆန္ဒမဲပေးသူ၏ အမည်၊ မဲစာရင်း အမှတ်စဉ်၊ မဲရုံအမှတ်၊ ရပ်ကွက်/ကျေးရွာအမည်၊ လက်မှတ် သို့မဟုတ် လက်ဗွေတို့ကို ဖြည့်သွင်းရေးသားထားမှုမရှိဘဲ မဲပေးသုံးစွဲထားမှုများ စိစစ်တွေ့ရှိရသည်။

(ဋ) နိုင်ငံသားစိစစ်ရေးကတ်မရှိသူများ မဲစာရင်းတွင် အစုလိုက်အပြုံလိုက် ပါဝင်ပြီး မဲဆန္ဒရှင်သက်သေခံလက်မှတ်များဖြင့်သာ နိုင်ငံသားစိစစ်ရေးကတ်မပါဘဲ မဲပေးမှုကို လက်ခံဆောင်ရွက်ခဲ့ကြောင်း စိစစ်တွေ့ရှိရသည်။

(ဌ) ကြိုတင်မဲများကောက်ခံရာတွင်လည်း ဥပဒေနှင့်ညီညွတ်မှုမရှိသော ဆန္ဒမဲပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း စိစစ်တွေ့ရှိရသည်။

(ဍ) COVID–19 ရောဂါနှင့်စပ်လျဉ်း၍ ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များကို အကြောင်းပြုကာ ရွေးကောက်ပွဲကျင်းပရန် အချိန်နီးကပ်မှသာ ဥပဒေနှင့် ညီညွတ်မှုမရှိသော ညွှန်ကြားချက်များ ထုတ်ပြန်၍ မဲစာရင်းများ ကောက်ခံမဲပေးစေခြင်း၊ ကြိုတင်မဲပေးစေခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း စိစစ်တွေ့ရှိရသည်။

၈။ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် အောက်ပါအတိုင်း ဥပဒေနှင့်ညီညွတ်မှုမရှိသော ဆောင်ရွက်မှုများ ဖြစ်ပေါ်ခဲ့ကြောင်း စိစစ်တွေ့ရှိရသည်–

(က) မဲစာရင်းများပြုစုရန်အတွက် လူဦးရေစာရင်းအချက်အလက်များ ကောက်ယူရာတွင် ရပ်/ကျေးအုပ်ချုပ်ရေးမှူးများက ဥက္ကဋ္ဌအဖြစ် ပါဝင်သည့် လူဦးရေစာရင်း ကောက်ယူရေးလုပ်ငန်းအဖွဲ့က အဓိကဆောင်ရွက်ခဲ့သည်။ မဲဆန္ဒရှင်စာရင်းများ မြေပြင်ကောက်ယူရာတွင် NLD အစိုးရက ခန့်အပ်ထားသည့် ရပ်/ကျေး အုပ်ချုပ်ရေးမှူးများနှင့် အချို့နေရာများတွင် NLD ပါတီ၏ အောင်နိုင်ရေးအဖွဲ့များ ပူးပေါင်းကောက်ယူကြောင်း စိစစ်သိရှိရသည်။ ယင်းသို့ စာရင်းများ ကောက်ယူရာတွင် ရပ်ကွက်/ကျေးရွာအတွင်း အမှန်တကယ်နေထိုင်ခြင်း ရှိ/မရှိ၊ နိုင်ငံသားစိစစ်ရေးကတ် ရှိ/မရှိ၊ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေအရ မဲပေးပိုင်ခွင့်ရှိသူ ဟုတ်/ မဟုတ် စိစစ်နိုင်ခြင်း မရှိခဲ့သည့်အတွက် မဲစာရင်းတွင် နိုင်ငံသားစိစစ်ရေးကတ်မရှိသူများ အစုလိုက်အပြုံလိုက်ပါဝင်ခြင်း၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ် တစ်ခုတည်းဖြင့် မဲစာရင်း ၂ ကြိမ်၊ ၃ ကြိမ်နှင့်အထက် ပါဝင်နေခြင်းတို့ကို စိစစ်တွေ့ရှိရသည်။ **သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ အခန်း(၆)မဲစာရင်းပြုစုခြင်းပါ ပုဒ်မ ၁၅(ဂ)တွင် “မဲဆန္ဒနယ်များရှိ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ မည်သူမဆို သက်ဆိုင်ရာ မဲဆန္ဒနယ်၏ မဲစာရင်းတစ်ခုမှအပ အခြားမဲဆန္ဒနယ်၏ မဲစာရင်းများ၌ တစ်ချိန်တည်းတွင် အမည်စာရင်း ပါဝင်ခြင်း မရှိစေရ”** ဟု ပြဋ္ဌာန်းထားသော်လည်း မဲစာရင်းများကောက်ယူရာတွင် ဥပဒေနှင့်ညီညွတ်ခြင်းမရှိသော မှားယွင်းမှုများကို တွေ့ရှိရသည်။ **သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၁၉(ခ)အရ မဲစာရင်းတွင် ပါဝင်ခွင့်မရှိဘဲ ပါဝင်ကြောင်းတွေ့ရှိလျှင် ထိုအမည်များကို မဲစာရင်းမှ ပယ်ဖျက်ရမည်**ဟု ပြဋ္ဌာန်းထားသော်လည်း ပယ်ဖျက်ခြင်းမရှိဘဲ ထည့်သွင်းမဲပေးခဲ့ကြောင်း စိစစ်တွေ့ရှိရသည်။

(ခ) အသက် ၆၀ နှစ်နှင့်အထက် မဲဆန္ဒရှင်များ ကြိုတင်မဲပေးရန်အတွက် ရွေးကောက်ပွဲနေ့မတိုင်မီ ၂၉–၁၀–၂၀၂၀ ရက်နေ့မှစတင်၍ ဆောင်ရွက်နိုင်ကြောင်း ယခင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ညွှန်ကြားချက်ထုတ်ပြန်ဆောင်ရွက်ခဲ့သည့်အတွက် ကြိုတင်ဆန္ဒမဲများ ကောက်ခံရာတွင် အချို့နေရာများ၌ NLD ပါတီ အောင်နိုင်ရေးအဖွဲ့များပါဝင်၍ နေအိမ်များသို့ သွားရောက်ကာ ဆောင်ရွက်ခဲ့ကြသဖြင့် ဥပဒေနှင့်မညီသော မဲပေးမှုဖြစ်စဉ်များ ပေါ်ပေါက်ခဲ့သည်။ ကိုဗစ်–၁၉ ရောဂါနှင့်စပ်လျဉ်း၍ ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်အရ မိမိမဲဆန္ဒနယ်သို့ ပြန်လည်ဆန္ဒမဲပေးခြင်း မပြုနိုင်သည့် မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲပေးရန် အသိပေးကြေညာချက်ကို ၈– ၁၀– ၂၀၂၀ ရက်နေ့နှင့် ညွှန်ကြားချက်ကို ၁၁– ၁၀– ၂၀၂၀ ရက်နေ့တို့တွင် ယခင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ကြေညာဆောင်ရွက်ခဲ့သည်။ ယင်းညွှန်ကြားချက်များကြောင့် မဲစာရင်းများထပ်ခြင်း၊ နိုင်ငံသားစိစစ်ရေးကတ်မရှိသူများ အစုလိုက်အပြုံလိုက် မဲစာရင်းတွင်ထည့်သွင်း၍ မဲပေးခဲ့ခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း စိစစ်တွေ့ရှိရသည်။

(ဂ) မဲဆန္ဒရှင်များ ဆန္ဒမဲပေးသည့်အခါတွင် နိုင်ငံသားစိစစ်ရေးကတ်မရှိသူ မဲဆန္ဒရှင်များ မဲပေးခွင့်ရရှိရေးအတွက် ယခင်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၉– ၈– ၂၀၂၀ ရက်နေ့တွင် ညွှန်ကြားချက်ထုတ်ပြန်၍ ဆောင်ရွက်ခဲ့သဖြင့် မဲရုံများတွင် နိုင်ငံသားစိစစ်ရေးကတ်စိစစ်မှု မပြုနိုင်သော မဲဆန္ဒရှင်သက်သေခံလက်မှတ်များဖြင့် မဲပေးခဲ့ခြင်းကြောင့် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ ဥပဒေများနှင့် ညီညွတ်မှုမရှိသော နိုင်ငံသားစိစစ်ရေးကတ်မရှိသူများ မဲပေးခွင့်ပြုခဲ့ခြင်း၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ် တစ်ခုတည်းဖြင့် ၂ ကြိမ်၊ ၃ ကြိမ်နှင့် အထက် မဲစာရင်းတွင် ပါဝင်သူများ မဲပေးခွင့်ရရှိခဲ့ကြသဖြင့် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၅၉ ပါ ပြဋ္ဌာန်းချက်များကို ကျူးလွန်ဖောက်ဖျက်မှုများရှိခဲ့ကြောင်း စိစစ်တွေ့ရှိရပါသည်။ ရွေးကောက်ပွဲနေ့တွင် မဲရုံများ၌ အသုံးပြုခဲ့သည့် ဆန္ဒပြု အမှန်ခြစ်တံဆိပ်တုံးများနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရာတွင် UEC တံဆိပ်မပါရှိသည့် အမှန်ခြစ်တံဆိပ်တုံးရိုက်နှိပ်ထားသော မဲလက်မှတ်များကို တွေ့ရှိပါကလည်း ခိုင်လုံမဲအဖြစ် သတ်မှတ်မည်ဖြစ်ကြောင်း ညွှန်ကြားခဲ့ခြင်းသည် မဲရေတွက်မှုများတွင် ရှုပ်ထွေးမှုများကို ဖြစ်ပေါ်စေခဲ့သဖြင့် မဲရလဒ်များ မှန်ကန်မျှတမှုမရှိကြောင်း စိစစ်တွေ့ရှိရပါသည်။

(ဃ) ယခင် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဟောင်း ဒေါက်တာမြင့်နိုင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများကို ပြန်လည်ဖွဲ့စည်းခဲ့ရာတွင် အမည်စာရင်းပေးပို့နိုင်ရေးအတွက် သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များပါဝင်ဦးဆောင် ရွေးချယ်နိုင်ရန် ခရိုင်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများသို့ ညွှန်ကြားခဲ့ပါသည်။ ထို့ပြင် ကသာခရိုင်နှင့် အင်းတော်မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ ဖွဲ့စည်းရာတွင် NLD ပါတီလိုလားသူများ ပါဝင်မှုမရှိသဖြင့် သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များက ပါဝင်စွက်ဖက်ခဲ့ကြပြီး ကော်မရှင်အဖွဲ့ခွဲများ ပြင်ဆင်ဖွဲ့စည်းပေးရန်အတွက် ယခင် တိုင်းဒေသကြီးဝန်ကြီးချုပ်ဟောင်း ဒေါက်တာမြင့်နိုင်အနေဖြင့် ယခင်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ဖိအားပေးဆောင်ရွက်ခဲ့ကြောင်း စိစစ်တွေ့ရှိရသည်။ **(ယခင် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့က ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ ပြင်ဆင်ဖွဲ့စည်းပေးရန် ယခင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ အကြောင်းကြားစာများ ပူးတွဲဖော်ပြထားပါသည်။)**

စာမျက်နှာ ၁၇ သို့ ☆

☆ စာမျက်နှာ ၁၆ မှ

၉။ အထက်ပါ မဲစာရင်းများ အရေအတွက်များပြားစွာ မဲရုံတိုင်း၌ မှားယွင်းမှုများဖြစ်ပေါ်ရခြင်းသည် မတော်တဆဖြစ်ပေါ်ခဲ့သော မှားယွင်းမှုမျိုးမဟုတ်ဘဲ ကြိုတင်ကြံစည်ဆောင်ရွက်ခဲ့ခြင်းကြောင့်သာ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ထို့ပြင် မဲစာရင်းကောက်ယူခြင်း၊ မဲဆွယ်စည်းရုံးခြင်း၊ ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီများဖွဲ့စည်းခြင်း၊ ကြိုတင်ဆန္ဒမဲပေးခြင်း၊ ရွေးကောက်ပွဲနေ့ ဆန္ဒမဲပေးခြင်း စသည့် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တွင် ဝင်ရောက်စွက်ဖက်၍ မလျော်သြဇာအသုံးပြု၍ မသမာမှုများ ဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိရသည့်အပြင် ယခင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အနေဖြင့်လည်း တရားဝင်အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြုကာ ဥပဒေ၊ နည်းဥပဒေများကို ကျော်လွန်ဖောက်ဖျက်ဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိရသည်။

၁၀။ သို့ဖြစ်၍ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ စစ်ကိုင်းတိုင်းဒေသကြီး မြို့နယ် ၃၇ မြို့နယ်၏ မဲစာရင်းများနှင့် မဲပေးခဲ့မှုအခြေအနေများကို စစ်ဆေးခဲ့ရာတွင် NLD ပါတီသည် ရွေးကောက်ပွဲတွင် ယင်းတို့ ပါတီတစ်ခုတည်းသာ အနိုင်ရရှိပြီး အစိုးရအဖွဲ့ ဖွဲ့စည်းနိုင်ရေးအတွက် ပြိုင်ဘက်ပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ မဲဆွယ်စည်းရုံးရေး အပါအဝင် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုများအားလုံးကို COVID-19 ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ကန့်သတ်ချက်/ တားမြစ်ချက်ကို အလွဲသုံး၍လည်းကောင်း၊ အုပ်ချုပ်ရေးအာဏာကို အလွဲသုံး၍လည်းကောင်း ကန့်သတ်ထိန်းချုပ်ခဲ့ပြီး နိုင်ငံတော်အာဏာကို မတရားရယူနိုင်ရန် ကြိုတင်ကြံစည်ဆောင်ရွက်ခဲ့ကြောင်း စိစစ်တွေ့ရှိရသည်။ အထက်ပါ စိစစ်ချက်များအရ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ/နည်းဥပဒေများနှင့် ညီညွတ်မှုမရှိသည်ကို စစ်ဆေးတွေ့ရှိရသဖြင့် ရွေးကောက်ပွဲသည် လွတ်လပ်၍ တရားမျှတမှုမရှိကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**






အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ(NLD)မှ မင်းကင်းမြို့ပေါ်ရှိ ရပ်ကွက်များတွင် မဲဆွယ်စည်းရုံးရေးကာလအတွင်း ဆန်၊ ဆီ၊ ပဲ ပေးဝေနေမှုမှတ်တမ်းဓာတ်ပုံများ။




စစ်ကိုင်းတိုင်းဒေသကြီး ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးမှု မှတ်တမ်းဓာတ်ပုံများ။

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၈-၆-၂၀၂၁ အင်္ဂါနေ့

### MRTV

**၀၆:၀၀** ရတနသုတ်ပရိတ်တရားတော်
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၇:၃၅** လေ့လာစရာစုံလင်အမိမြန်မာပြည်တစ်ခွင်
**၀၈:၃၅** ညောင်ကန်ကြေးခေတ်ယဉ်ကျေးမှုနယ်မြေဆီသို့
**၁၀:၀၀** သတင်းထဲကသတင်း
**၁၀:၃၀** သမိုင်းပြတိုက်ထဲက ချစ်စရာပန်းကလေးတို့မြေ
**၁၁:၃၀** ပြည်သူ့နီတိ **'အလင်းလက်ဆုံးသော'**
**၁၂:၃၀** နိုင်ငံခြားဇာတ်လမ်းတွဲ **'သူ့ရဲကောင်းတို့ရဲ့ဒဏ္ဍာရီ'** (အပိုင်း-၈၉)
**၁၃:၃၀** MRTV National News
**၁၅:၀၀** Grade-11 ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများ **'ဘောဂဗေဒဘာသာရပ်'**
**၁၆:၃၅** ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ
**၁၇:၀၅** ချက်ချင်းမသေတဲ့အဆိပ်
**၁၇:၃၅** ဒေသတစ်ခုထုတ်ကုန်တစ်မျိုး **'စစ်ကိုင်းမြို့ကျောက်စိမ်းပုတီးလုပ်ငန်း'**
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၃၀** ကြိုလင့်လက်ကမ်း CBT စမ်းလှမ်း
**၁၉:၂၅** နိုင်ငံခြားဇာတ်လမ်းတွဲ **'ပေတ္တာလွန်ဆွဲပွဲ'** (အပိုင်း-၇၂)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၁:၂၅** နိုင်ငံခြားဇာတ်လမ်းတွဲ **'နတ်ဆိုးမလေးရဲ့ကိုယ်ရံတော်'** (အပိုင်း-၂)
**၂၂:၂၀** ပြည်သူ့နီတိ **'လှူ'**

### mitv

**07:27** Dhamma Settkyar (Nan Sandi)
**07:36** Sayit-wyne Girls
**08:01** ASEAN Women Entrepreneurship: Myanmar
**08:12** The Art of Making Paper Toys
**08:17** Talk & Discussion: All about Weight Loss 1
**08:40** Talk & Discussion: All about Weight Loss 2
**09:01** Discovering Tribes: "Myaung Zee (or) Hmong: their life and customs" -1
**09:19** Discovering Tribes: "Myaung Zee (or) Hmong: their life and customs" -2
**09:34** Products of Myanmar - Myanmar Circular Stone Slab
**09:47** Dances of Myanmar "Muun Traditional Dance"

### MRTV NK

**ကချင် (၀၆:၀၀ မှ ၀၈:၀၀)**
စာပေစကားပြောကြရအောင်(အပိုင်း-၂)
**ကယား (၀၈:၀၀ မှ ၁၀:၀၀)**
အလှမှာယဉ်ဆေးဖက်ဝင်သည့် တရုတ်စကားပွင့်လေးများ
**ဝကေါကရင် (၁၀:၀၀ မှ ၁၁:၀၀)**
တလေဒူးခုန်ခြင်း
**အနောက်ပိုးကရင် (၁၁:၀၀ မှ ၁၂:၀၀)**
သာယာလှပဘိုကလေးမြို့အလှ
**အရှေ့ပိုးကရင် (၁၂:၀၀ မှ ၁၃:၀၀)**
ခံတွင်းမြိန်စေမယ့်ဒေါ်လေးရဲ့လက်ရာ
**ချင်း(လိုင်ဇို) (၁၃:၀၀ မှ ၁၄:၀၀)**
သင်မယ်၊ ရေးမယ်ဒို့ချင်းစာ(အပိုင်း-၆)
**ချင်း(ချိုး) (၁၄:၀၀ မှ ၁၅:၀၀)**
ချင်းရိုးရာကြိမ်ထိုင်ခုံပြုလုပ်ခြင်း
**မွန် (၁၅:၀၀ မှ ၁၇:၀၀)**
ဒေါင်လန်ဖုးသို့အလည်တစ်ခေါက်(အပိုင်း-၂)
**ရခိုင် (၁၇:၀၀ မှ ၁၉:၀၀)**
အဆင်တူချည်တူမှညီမျှတဲ့သည်မေတ္တာ (ရခိုင်ရိုးရာသမက်တက်ပွဲ)
**ရှမ်း (၁၉:၀၀ မှ ၂၁:၀၀)**
ရှမ်းခေါင်းပေါင်းပေါင်းနည်း
**ဝ (၂၁:၀၀ မှ ၂၃:၀၀)**
ရိုးရာယဉ်ကျေးမှုပြခန်းနှင့်တူရိယာအကြောင်း

### MRTV Sports

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း


MRTV Farmers' Channel
MRTV Farmers' Channel ကို
နေ့စဉ် နံနက် (၆:၀၀)နာရီမှ ည (၁၀:၀၀)နာရီထိ၊
Education Channel
ကို
စနေ၊ တနင်္ဂနွေနှင့် အစိုးရရုံးပိတ်ရက်များမှအပ နံနက် (၁၀:၀၀)နာရီမှ ညနေ(၆:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

www.mrtv.gov.mm
t.me/mrtvnews
www.twitter.com/mrtvwebportal


# အမှန်နှင့်အမှား၊ ဓမ္မနှင့် အဓမ္မ ပြည်သူတွေကွဲပြားကြဖို့ လိုပါပြီနှင့် အခြားဆောင်းပါးများ

**နေပြည်တော် ဇွန် ၆**

ပြန်ကြားရေးဝန်ကြီးဌာန၏ စီစဉ်မှုဖြင့် အမှန်နှင့်အမှား၊ ဓမ္မနှင့် အဓမ္မ ပြည်သူတွေကွဲပြားကြဖို့ လိုပါပြီနှင့် အခြားဆောင်းပါးများ ပါဝင်သည့် ဆောင်းပါးပေါင်းချုပ် စာအုပ်ထွက်ရှိလာသည်။

ယင်းစာအုပ်တွင် ကနောင်၊ မင်းပြည့်စုံ၊ ဒေါင်၊ ဘမောင်တိုး၊ ကိုထွန်းခင်၊ နေခြည်သွေး၊ မောင်သောမန၊ စွန်ရဲ၊ ကိုလူလှ၊ မောင်ပြည်ချစ်၊ ညိုချော အစရှိသည့် ကလောင်စုံရေးဖွဲ့ထားသည့် ဆောင်းပါး ၅၂ ပုဒ်ပါဝင်သည်။

ယင်းဆောင်းပါးပေါင်းချုပ်စာအုပ်တွင် ဆောင်းပါးရှင် မင်းပြည့်စုံက **"နောက်အစိုးရတက်လာမှ အလုပ်လုပ်မယ်ဆိုတဲ့ ရွှေပြည်တော်မျှော်သူတွေကို အချိန်တန်လို့ အများဆန္ဒနဲ့အညီ ရွေးကောက်တင်မြှောက်တဲ့ အစိုးရတစ်ရပ်ကရော ဘယ်လိုယူဆမယ်လို့ ထင်ပါသလဲ၊ တက်လာတဲ့ အစိုးရတိုင်းကို မကြိုက်ဘူးဆိုပြီး ဝန်ထမ်းတွေက တစ်ခါပြန်ပြီး CDM လုပ်ကြမယ်ဆိုရင် အမယ်ဘုတ်နဲ့ သူ့ရဲ့ ချည်ငင်လိုတိုးတက်ရာ တိုးတက်ကြောင်းမရှိဘဲ ဝန်ထမ်းတွေ ခံစားချက်ကို ရှေ့တန်းတင်နေကြတာနဲ့တင် တိုင်းပြည် ဘယ်လိုလုပ် မြင့်မားလာပါတော့မလဲ"**ဟု မတူညီတာတွေကို နားလည်ပြီး အတူတူရှေ့ဆက်နိုင်မှ ဒီမိုကရေစီ ဆောင်းပါးဖြင့် ထောက်ပြထားသည်။




အလားတူ ဆောင်းပါးရှင် ဒေါင်က တစ်ဖက်ပိတ်ဝါဒီနှင့် (၂၁)ရာစု ဒေဝဒတ်လက်သစ်များ မဖြစ်စေလိုပါ ခေါင်းစဉ်ဖြင့် **"ကလေးတွေကို လမ်းပေါ်ထွက်ခိုင်းပြီး ကိုယ်တိုင်တော့ ထောက်ပံ့ကြေးလေးထုတ်လိုက်၊ အဲယားကွန်းအေးအေးလေးနဲ့ အချိုရည်လေးစုပ်ပြီး ဝေဖန်လေကန်လိုက်နဲ့သူတွေက (၂၁)ရာစုရဲ့ ခေတ်သစ် ဒေဝဒတ်တွေပေါ့။ သူတို့က ပညာတတ်တွေသာဆိုတယ်။ သူတို့လုပ်ရပ်တွေက အတ္တကြီးကြီးနဲ့ တိုင်းပြည်နစ်မွန်းအောင် ဝန်ထမ်းတွေ အလုပ်မလာရဲအောင်၊ လူတွေလမ်းပေါ်ထွက်ပြီး အပြစ်ပေးအရေးယူခံကြရအောင် လုပ်နေတာမို့ လူ့အတ္တသမားတွေလိုပေါ့ဗျာ"**ဟု ကိုသံချောင်း၊ မစာဥ တစ်ခန်းရပ်စကားပြောခန်း(၁၀) တွင် ရေးသားတင်ပြထားသည်။

ထို့ပြင် ဆောင်းပါးရှင် ကိုထွန်းခင်က **မြင့်မြတ်တဲ့ စိတ်စေတနာတွေနဲ့ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းတွေမှာ ပူးပေါင်းပါဝင်နိုင်ကြပါစေ** ဆောင်းပါးဖြင့် **"မြန်မာနိုင်ငံမှာ နိုင်ငံ့ဝန်ထမ်းအရေအတွက်က နိုင်ငံလူဦးရေရဲ့ ၁ ဒသမ ၄ ရာခိုင်နှုန်းခန့်ရှိပါတယ်။ နိုင်ငံ့ဝန်ထမ်းတွေ၊ ပြည်သူ့ဝန်ထမ်းတွေဆိုရင်လည်း ပြည်သူကချီးမြှင့်တဲ့ လစာကိုယူနေသူတွေဖြစ်တဲ့အတွက် ပြည်သူကို သစ္စာရှိရမှာဖြစ်ပါတယ်။ ပြည်သူကို စေတနာထားပြီး ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းတွေမှာ တာဝန်ကျေပွန်အောင် ထမ်းဆောင်ကြရမှာ ဖြစ်ပါတယ်"**ဟု နိုင်ငံ့ဝန်ထမ်းများနှင့်ပတ်သက်၍ ရေးသားတင်ပြထားသည့် ဆောင်းပါးများကို လေ့လာဖတ်ရှုနိုင်မည်ဖြစ်သည်။

အဆိုပါ စာအုပ်ကို သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်အရောင်းဆိုင်အမှတ် (၁၇၂/၁၇၅) ပန်းဆိုးတန်းလမ်း(အလယ်)၊ ကျောက်တံတားမြို့နယ် ရန်ကုန်တိုင်းဒေသကြီး ဖုန်း ၀၁-၈၂၄၈၁၀၂ သို့ ငွေကျပ် ၃၅၀၀ ဖြင့် ဆက်သွယ်ဝယ်ယူနိုင်ပြီဖြစ်သည်။

မြန်မာ့အလင်း

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၇ - ၆ - ၂၀၂၁

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၅၇၀၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၄၇၇၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၅၆၅၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၄၇၂၉၀၀ |

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၀၁၅ | ကျပ် | ၁၀၅၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၀၃၅ | ကျပ် | ၁၀၆၅ | ကျပ် |
| အောက်တိန်း ၉၂ | ၁၀၁၅ | ကျပ် | ၁၀၅၅ | ကျပ် |
| အောက်တိန်း ၉၅ | ၁၁၀၀ | ကျပ် | ၁၁၅၅ | ကျပ် |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၆၁၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၈၃၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၁၆၀ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၉ . ၅၀ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၃၈၀ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၄၈ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၃၈ |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၀၀၀ | ၉၁၀၀ | ၁၇၅ | ၁၅၇၈၀၀၀ |
| MTSH | ၃၅၀၀ | ၃၅၅၀ | ၉၀၇ | ၃၂၀၂၇၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၁၉၅၀၀ | ၁၉၅၀၀ | ၁၀ | ၁၉၅၀၀၀ |
| TMH | ၂၇၀၀ | ၂၇၀၀ | ၆၃ | ၁၇၀၁၀၀ |
| EFR | ၂၉၅၀ | ၂၉၅၀ | ၉ | ၂၆၅၅၀ |

ညီညီ - စုစည်းသည်


မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - ဝင်းကျော်
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မိမိဖြိုး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# အလေးထားစောင့်ကြည့်ရမည့် တတိယလှိုင်း

○ ဒေါက်တာဇင်ဇေယျာဝင်း ○

### ကိုဗစ်-၁၉ နဲ့ လက်ရှိကမ္ဘာ

၂၀၂၁ ခုနှစ် ဇွန်လ ၂ ရက်နေ့အထိ ကိုဗစ်-၁၉ ကာကွယ်ဆေးပေါင်း သန်း ၂၀၂၀ ခန့်၊ တစ်နည်းအားဖြင့် ကမ္ဘာ့လူဦးရေရဲ့ ၂၆ ရာခိုင်နှုန်းဟာ ကာကွယ်ဆေးတစ်ကြိမ် သို့မဟုတ် နှစ်ကြိမ်အပြည့် ထိုးပြီးကြောင်း သိရှိရပါတယ်။ ဒါပေမယ့် တစ်ကမ္ဘာလုံး အတိုင်းအတာနဲ့ ပိုးတွေ့လူနာသစ်အရေအတွက်ဟာ မတ်လဆန်းက ပြန်တက်လာခဲ့တာ မေလဆန်းပိုင်းမှာ အမြင့်ဆုံးရောက်ခဲ့ပါတယ်။ အခု ပြန်ကျလာပြီဆိုပေမယ့် မတ်လဆန်းမတိုင်ခင် အခြေအနေကို ပြန်မရောက်သေးပါဘူး။

၂၀၂၁ ခုနှစ် ဇွန်လ ၄ ရက်နေ့အထိ ရရှိတဲ့ အချက်အလက်တွေအရ ရောဂါဖြစ်ပွားသူ ၁၇၄ သန်းကျော်၊ သေဆုံးသူ ၃ ဒသမ ၇ သန်းကျော် ရှိကြောင်း သိရပါတယ်။ ဒီအရေအတွက်တွေဟာ တရားဝင်ထုတ်ပြန်ချက်တွေအပေါ်မှာ အခြေခံထားတာဖြစ်ပါတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ကြောင့် အမှန်တကယ် သေဆုံးသူ အရေအတွက်ဟာ လက်ရှိစာရင်းဇယားတွေထက် သုံးဆလောက်ပိုများနိုင်တယ်လို့ မကြာသေးခင်က ထုတ်ပြန်ခဲ့ပါတယ်။ ၂၀၂၁ ခုနှစ် ဇွန်လ ၄ ရက်နေ့အထိ ထုတ်ပြန်ချက်တွေအရ အမေရိကန်ပြည်ထောင်စုမှာ ရောဂါကူးစက်ခံရသူ ၃၄ သန်းကျော်၊ သေဆုံးသူ ခြောက်သိန်းကျော်ရှိပြီး ထိပ်ဆုံးမှာရှိနေပါတယ်။

### အိန္ဒိယလှိုင်းရဲ့ရိုက်ခတ်မှု

ဒုတိယနေရာက အိန္ဒိယနိုင်ငံမှာ တစ်ရက်တည်း ပိုးတွေ့လူနာသစ် ငါးသောင်းကျော်၊ သေဆုံးသူ ၇၃၁ ဦးရှိပြီး စုစုပေါင်း ရောဂါကူးစက်ခံရသူ ၂၈ သန်းကျော်၊ သေဆုံးသူ သုံးသိန်းလေးသောင်းကျော်သွားပြီဖြစ်ပါတယ်။ လူတစ်သိန်းကျော်ဟာ မကြာသေးခင် တစ်လအတွင်းမှာ သေဆုံးခဲ့တာပါ။ တကယ်တော့ အိန္ဒိယဆိုတာ ကမ္ဘာပေါ်မှာ ကိုဗစ်ကာကွယ်ဆေးအများဆုံးထုတ်နေတဲ့ Serum Institute of India ကုမ္ပဏီအခြေစိုက်တဲ့နေရာ ဖြစ်ပါတယ်။ ဒါပေမယ့် ကာကွယ်ဆေးထိုးပြီးတဲ့ အရေအတွက်ဟာ လူဦးရေပမာဏနဲ့ယှဉ်ရင် အလွန်နည်းနေသေးပြီး ပြီးခဲ့တဲ့ရက်သတ္တပတ်အထိ အိန္ဒိယနိုင်ငံအတွင်း လူဦးရေရဲ့ ၁၀ ရာခိုင်နှုန်းကို ကာကွယ်ဆေးတစ်ကြိမ် ထိုးနှံပြီးကြောင်း၊ နှစ်ရာခိုင်နှုန်းခန့်သာ နှစ်ကြိမ်အပြည့်ထိုးနှံပြီးကြောင်း သိရပါတယ်။ ဒီအချက်ကြောင့်လည်း အိန္ဒိယနိုင်ငံ ရဲ့ ကပ်ရောဂါအခြေအနေဟာ ကျန်တဲ့ကမ္ဘာ့နိုင်ငံတွေအပေါ် အကြီးအကျယ် ထိခိုက်စေလျက်ရှိပါတယ်။ မတ်လအတွင်း အိန္ဒိယနိုင်ငံမှာ ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှု တစ်ဟုန်ထိုးတိုးတက်လာချိန်ကစပြီး နိုင်ငံအစိုးရအနေနဲ့ ပြည်တွင်းထုတ် ကာကွယ်ဆေးတွေ နိုင်ငံတကာကို တင်ပို့မှု ရပ်ဆိုင်းခဲ့ပါတယ်။ ဒီကာကွယ်ဆေးတွေထဲမှာ ကုလသမဂ္ဂရဲ့ အထောက် အပံ့နဲ့ ဖြန့်ချိပေးမယ့် ဝင်ငွေအလယ်အလတ်နဲ့ နည်းပါးတဲ့ နိုင်ငံတွေအတွက် ကာကွယ်ဆေးတွေ ပါဝင်ပါတယ်။

### စိုးရိမ်ဖွယ်ရာ ဗီဇပြောင်းမျိုးကွဲတွေ

ကိုဗစ်-၁၉ ရောဂါကိုဖြစ်စေတဲ့ SARS-CoV-2 ဗိုင်းရပ်စ်အပါအဝင် ဗိုင်းရပ်စ်တွေ မျိုးပွားတိုင်း မျိုးဗီဇပြောင်းလဲမှု (mutation) အနည်းနဲ့အများ ပါဝင်လာတာ သဘာဝဖြစ်ပါတယ်။ အဲဒီလို mutation တွေ တစ်ခု သို့မဟုတ် တစ်ခုထက်ပိုပြီး ပိုင်ဆိုင်ထားတဲ့ ဗိုင်းရပ်စ်တွေကို မျိုးကွဲများ (variants) လို့ ခေါ်ပါတယ်။ မူလဗိုင်းရပ်စ်မျိုးရင်းထက် ကူးစက်နိုင်စွမ်း (ပျံ့အား) သို့မဟုတ် ရောဂါပိုမိုပြင်းထန်နိုင်စွမ်း (ပြင်းအား) ပိုများတဲ့ မျိုးကွဲတွေကို စိုးရိမ်ဖွယ်ရာမျိုးကွဲတွေ (Variants of concerns) အဖြစ်သတ်မှတ်လေ့ရှိပါတယ်။

လက်ရှိအနေအထားမှာ စိုးရိမ်ဖွယ်ရာ မျိုးကွဲလေးခုရှိပြီး အဲဒါတွေကတော့ ယူကေမှာ ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၁၄ ရက်နေ့က စတွေ့တဲ့ B.1.1.7 မျိုးကွဲ၊ တောင်အာဖရိကမှာ ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၁၈ ရက်နေ့ကစတွေ့တဲ့ B.1.351 မျိုးကွဲ၊ ဘရာဇီးမှာ ၂၀၂၁ ခုနှစ် ဇန်နဝါရီလ ၁၂ ရက်နေ့က စတွေ့တဲ့ P.1 မျိုးကွဲနဲ့ အိန္ဒိယမှာ ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလ ၅ ရက်နေ့က စတွေ့တဲ့ B.1.617.2 မျိုးကွဲတို့ဖြစ်ကြပါတယ်။

၂၀၂၁ ခုနှစ် မေလ ၃၁ ရက်နေ့မှာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ယူကေမျိုးကွဲကို Alpha၊ တောင်အာဖရိက မျိုးကွဲကို Beta၊ ဘရာဇီးမျိုးကွဲကို Gamma နဲ့ အိန္ဒိယ မျိုးကွဲကို Delta ဆိုပြီး အမည်ပေးခဲ့ပါတယ်။

> ❖ **ကိုဗစ်-၁၉ ကို ကာကွယ်တားဆီးရာမှာ ကာကွယ်ဆေးဟာ နောက်ဆုံးကျည်ဆန်ပါ။ ကာကွယ်ဆေးထိုးခြင်းကြောင့် ပြည်သူ့ကျန်းမာရေးနဲ့ တစ်ဦးချင်း အသက်အန္တရာယ်ကို ကာကွယ်ပေးနိုင်တဲ့ အကျိုးကျေးဇူးတွေ ရရှိနိုင်တာ ထင်ရှားလှပါတယ်။ ကမ္ဘာတစ်ဝန်း ဆင်းရဲချမ်းသာမရွေး ကာကွယ်ဆေးရရှိနိုင်ရေးဟာ လတ်တလော ပျံ့နှံ့နေတဲ့ ကပ်ရောဂါအတွက် အရေးတကြီးလိုအပ်ချက် ဖြစ်ပါတယ်။ လူများများကာကွယ်ဆေးထိုးပြီးလေ၊ ရောဂါပိုးကူးစက်ပျံ့နှံ့မှု နည်းလေ၊ ဗိုင်းရပ်စ်တွေ မျိုးဗီဇပြောင်းဖို့ အခွင့်အလမ်းနည်းလေ ဖြစ်ပါတယ်**

ပိုးစတင်တွေ့တဲ့ နိုင်ငံဒေသတွေကို အစွဲပြုပြီး အမည်ပေးတာ ကို ရှောင်ရှားဖို့နဲ့ သာမန်လူတွေ နားလည်လွယ်ဖို့ အခုလိုလုပ်ဆောင်ခဲ့တာလို့ တာဝန်ရှိသူတွေကဆိုပါတယ်။ လက်ရှိအနေအထားမှာ ကမ္ဘာတစ်ဝန်း Alpha မျိုးကွဲက နိုင်ငံ ၁၆၀ ရောက်ရှိနေပြီး အများဆုံး ပျံ့နှံ့နေပါတယ်။ Gamma မျိုးကွဲက ၁၁၃ နိုင်ငံမှာ ပျံ့နှံ့နေပြီး Beta မျိုးကွဲကတော့ ၆၄ နိုင်ငံ နဲ့ Delta မျိုးကွဲကတော့ ၆၂ နိုင်ငံအထိ ရောက်ရှိနေပါပြီ။

### ဗိုင်းရပ်စ်မျိုးကွဲတွေရဲ့ဝိသေသလက္ခဏာတွေ

သုတေသနတွေ့ရှိချက်တွေအရ Alpha မျိုးကွဲဟာ မူလမျိုးရင်းထက် ၃၀ ရာခိုင်နှုန်းကနေ ၅၀ ရာခိုင်နှုန်းအထိ ပိုကူးစက်နိုင်ကြောင်း သိရပါတယ်။ အလားတူပဲ Gamma နဲ့ Beta မျိုးကွဲတို့ဟာ ပဋိပစ္စည်းတွေကို ဝင်ရောက်နိုင်တယ်လို့ ဆိုပါတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထုတ်ပြန်ချက်အရ စိုးရိမ်ဖွယ်ရာ မျိုးကွဲလေးခုလုံးဟာ ရောဂါကူးစက်မှုမြန်ကြောင်း၊ ဒါပေမယ့် ရောဂါပြင်းထန်စေမှုနဲ့ ပတ်သက်လို့ သိပ္ပံနည်းကျ သက်သေပြနိုင်တာမရှိသေးကြောင်း၊ Delta မျိုးကွဲရဲ့ တခြားဝိသေသလက္ခဏာတွေကို လေ့လာနေဆဲဖြစ်ပြီး ကျန်မျိုးကွဲသုံးခုကတော့ ဆေးရုံတက်ရောက်ရမှုနဲ့ ရောဂါပြင်းထန်စေမှု၊ သေဆုံးမှုများတာမျိုး ဖြစ်နိုင်ကြောင်း သိရပါတယ်။

ရောဂါဖြစ်ပြီးသူတွေမှာ ပြန်ကူးစက်ခံရမှု (Reinfection) နဲ့ပတ်သက်လို့ Gamma မျိုးကွဲက ဖြစ်နိုင်ခြေများကြောင်း ပြောထားပါတယ်။ သုတေသနတွေ့ရှိချက်တွေအပေါ် သုံးသပ်ခန့်မှန်းချက်တွေအရ Pfizer ကာကွယ်ဆေးက Alpha မျိုးကွဲကို ရောဂါဖြစ်ပွားမှုကနေ ၉၁ ရာခိုင်နှုန်း၊ ကူးစက်မှုကနေ ၈၆ ရာခိုင်နှုန်း ကာကွယ်နိုင်ပြီး Astrazeneca က ၇၄ ရာခိုင်နှုန်းနဲ့ ၅၂ ရာခိုင်နှုန်း၊ Sputnik-V က ၉၂ ရာခိုင်နှုန်းနဲ့ ၈၁ ရာခိုင်နှုန်း၊ Covaxin က ၇၈ ရာခိုင်နှုန်းနဲ့ ၆၉ ရာခိုင်နှုန်း၊ Sinopharm က ၇၃ ရာခိုင်နှုန်းနဲ့ ၆၅ ရာခိုင်နှုန်းကာကွယ်နိုင်ကြောင်း သိရပါတယ်။

### ကပ်ရောဂါလှိုင်းသစ်တွေကြားက နိုင်ငံတွေ

အင်္ဂလန်နိုင်ငံမှာ ရောဂါကူးစက်ပျံ့နှံ့မှုဟာ မေလနောက်ဆုံးပတ်အတွင်း နှစ်ဆတက်လာခဲ့ပြီး နိုင်ငံအတွင်း အများဆုံးပျံ့နှံ့နေတဲ့ ဗိုင်းရပ်စ်ဟာ အရင်လို Alpha မျိုးကွဲမဟုတ်တော့ဘဲ Delta မျိုးကွဲ ဖြစ်နေကြောင်း သိရပါတယ်။ ဒါကြောင့် နိုင်ငံတစ်ဝန်း လာမယ့် ဇွန်လ ၂၁ ရက်နေ့မှာ ရောဂါကာကွယ်ရေး ထိန်းချုပ်ကန့်သတ်မှုတွေ အားလုံးဖြေလျှော့ပေးဖို့ စီစဉ်ထားတာကို ပြန်လည်သုံးသပ်လျက်ရှိပါတယ်။ စင်ကာပူနိုင်ငံမှာ ဇွန်လ ၃ ရက်နေ့က လူထုအတွင်း ကူးစက်ပျံ့နှံ့မှုကြောင့် ပိုးတွေ့လူနာသစ် ၃၅ ဦးရှိခဲ့ပြီး နှစ်ဦးဟာ ဘယ်ကကူးစက်မှန်း မဖော်ထုတ်နိုင်ဘူးလို့ သိရပါတယ်။

အင်ဒိုနီးရှားမှာ မေလ ၁၅ ရက်နေ့က ပိုးတွေ့လူနာသစ် ၂၃၈၅ ဦးရှိခဲ့ပြီး နှစ်ပတ်အကြာမှာတော့ ၆၅၆၅ ဦးအထိ နှစ်ဆကျော် မြင့်တက်ခဲ့ပါတယ်။ မကြာသေးခင်က အင်ဒိုနီးရှားကျန်းမာရေးဝန်ထမ်း ၄၂ ဦးဟာ အိန္ဒိယပြန် သင်္ဘောသားတွေဆီက တစ်ဆင့် Delta မျိုးကွဲ ကူးစက်ခံခဲ့ရတယ်လို့ သိရပါတယ်။ ထိုင်းနိုင်ငံမှာလည်း မေလ ၂၇ ရက်နေ့က ပိုးတွေ့လူနာသစ် ၂၄၅၅ ဦးနဲ့ သေဆုံးသူ စံချိန်တင် ၄၁ ဦး ရှိခဲ့ပါတယ်။

ထိုင်းနိုင်ငံမှာ Alpha၊ Beta နဲ့ Delta မျိုးကွဲ သုံးခုလုံး ပျံ့နှံ့နေပြီး အများစုဟာ Alpha မျိုးကွဲ ဖြစ်တယ်လို့ သိရပါတယ်။ ဒါ့အပြင် မကြာသေးခင်က ထိုင်းနိုင်ငံကို ခရီးသွားပြီး ပြန်လာသူတွေမှာ ဗိုင်းရပ်စ်မျိုးကွဲအသစ်တစ်ခု တွေ့ရှိခဲ့ရာ C.36.3 လို့ အမည်ပေးခဲ့ပြီး လက်ရှိမှာ ဒီမျိုးကွဲကို စောင့်ကြည့်ရမယ့် မျိုးကွဲစာရင်း (Variants under investigation) မှာ ထည့်သွင်းထားကြောင်း သိရပါတယ်။

ဖိလစ်ပိုင်နိုင်ငံမှာ မကြာသေးခင်ကပဲ တစ်ရက်တည်းမှာ ပိုးတွေ့လူနာသစ် ၅၃၁၀ နဲ့ သေဆုံးသူ ၁၅၀ ကျော်ရှိခဲ့ပါတယ်။ သီရိလင်္ကာနိုင်ငံမှာလည်း ပြီးခဲ့တဲ့ တစ်လလောက်အတွင်း လူပေါင်း ငါးသောင်း ကျော် ကူးစက်ခံခဲ့ရပြီး တစ်ရက်တည်းမှာ လူ ၄၄ ဦး စံချိန်တင် သေဆုံးခဲ့တယ်လို့ သိရပါတယ်။ မလေးရှားနိုင်ငံမှာတော့ လွန်ခဲ့တဲ့တစ်လလောက်ကတည်းက Delta မျိုးကွဲကို စတွေ့ခဲ့ပြီး ရောဂါကူးစက်မှုတွေ များပြားလာခဲ့ပါတယ်။

ပြီးခဲ့တဲ့ရက်ပိုင်းက ထုတ်ပြန်ချက်အရ ပိုးတွေ့လူနာအသစ် ၉၀၂၀ နဲ့ သေဆုံးသူ ၉၈ ဦး စံချိန်တင်ခဲ့ပြီး အစိုးရက ဇွန်လကစပြီး နှစ်ပတ် အသွားအလာကန့်သတ်မယ်လို့ကြေညာခဲ့ပါတယ်။ ဒါပေမယ့် ၂၀၂၁ ခုနှစ် ဇွန်လ ၂ ရက်နေ့မှာလည်း ပိုးတွေ့လူနာသစ် ၇၇၀၃ ဦး၊ သေဆုံးသူ ၁၂၆ ဦး ရှိခဲ့ပြီး ထပ်မံစံချိန်တင်ခဲ့ပါတယ်။ ဒါ့အပြင် ဗီယက်နမ်နိုင်ငံမှာ မကြာသေးခင်က Alpha နဲ့ Delta မျိုးကွဲအစပ် ဗိုင်းရပ်စ်ကို တွေ့ရှိရကြောင်း ကြေညာခဲ့ပါတယ်။ ဗီယက်နမ်အစိုးရဟာ မေလ ၃၁ ရက်နေ့ကစပြီး ဟိုချီမင်းမြို့ကို နှစ်ပတ်အကြာ အသွားအလာကန့်သတ်မှု အမိန့်ထုတ်ပြန်လိုက်ပြီး မြို့လူဦးရေ ကိုးသန်းကို ရောဂါ ရှိ၊ မရှိ အမြန်ဆုံးစစ်ဆေးဖို့ ပြင်ဆင်နေပါတယ်။

### တစ်ကမ္ဘာလုံးအတွက် အချက်ပေးခေါင်းလောင်းသံတွေ

**တကယ်တော့ ဒီနိုင်ငံတွေရဲ့ အခြေအနေတွေဟာ တစ်ကမ္ဘာလုံးအတွက် တုန်လှုပ်စရာ အချက်ပေးခေါင်းလောင်းသံတွေ ဖြစ်ပါတယ်။ ဘာလို့လဲဆိုတော့ ဗိုင်းရပ်စ်မှာ နယ်နိမိတ်သတ်မှတ်ချက်မရှိ၊ လူမျိုးမရွေး၊ ဘာသာမရွေး၊ ကျား/မ မရွေး၊ အသက်အရွယ်မရွေး ကူးစက်ပျံ့နှံ့နိုင်၊ သေဆုံးနိုင်တဲ့အတွက် ဖြစ်ပါတယ်။ ဒီကပ်ရောဂါက ကမ္ဘာ့ နိုင်ငံတစ်ခုကနေ တခြားနိုင်ငံတွေဆီ ဘယ်လောက်အထိ မြန်မြန်ဆန်ဆန် ကူးစက်ပျံ့နှံ့နိုင်တယ်ဆိုတာ သက်သေပြခဲ့ပြီး ဖြစ်ပါတယ်။**

အထူးသဖြင့် စာရေးသူတို့နိုင်ငံလို အိန္ဒိယ၊ ထိုင်း၊ ဘင်္ဂလားဒေ့ရှ်တို့နဲ့ အိမ်နီးချင်းနိုင်ငံအဖို့ ဘယ်လောက်ဂရုစိုက် စောင့်ကြည့်ကာကွယ်ဖို့ လိုမလဲဆိုတာ ဆိုဖွယ်ရာမရှိပါဘူး။ ကိုရိုနာဗိုင်းရပ်စ်ပိုးရဲ့ မျိုးဗီဇပြောင်းလဲမှုဟာ မျှော်လင့်ထားပြီးသား ဖြစ်ပေမယ့် မိမိတို့နိုင်ငံ၊ ဒေသပြည်သူ လူထုအကြား ဗိုင်းရပ်စ်မျိုးကွဲ ဝင်ရောက်ကူးစက် ပျံ့နှံ့နိုင်မှုကို မျက်ခြည်မပြတ် စောင့်ကြည့်ဖို့ အရေးကြီးလှပါတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က နိုင်ငံဒေသအသီးသီးဟာ မျိုးကွဲဗိုင်းရပ်စ်တွေရဲ့ ကူးစက်ပျံ့နှံ့မှုကို မျက်ခြည်မပြတ်စောင့်ကြည့်နေဖို့ လိုကြောင်း၊ အဲဒီလိုမှမဟုတ်ရင် မိမိတို့လက်ရှိ ကာကွယ်ဆေးတွေနဲ့ မကာကွယ်နိုင်တဲ့မျိုးကွဲတွေနဲ့ ရင်ဆိုင်ရဖွယ်ရှိတယ်လို့ သတိပေးခဲ့ပါတယ်။

### နောက်ဆုံးကျည်ဆန်

**ကိုဗစ်-၁၉ ကိုကာကွယ်တားဆီးရာမှာ ကာကွယ်ဆေးဟာ နောက်ဆုံးကျည်ဆန်ပါ။ ကာကွယ်ဆေးထိုးခြင်းကြောင့် ပြည်သူ့ကျန်းမာရေးနဲ့ တစ်ဦးချင်း အသက်အန္တရာယ်ကို ကာကွယ်ပေးနိုင်တဲ့ အကျိုးကျေးဇူးတွေ ရရှိနိုင်တာ ထင်ရှားလှပါတယ်။ ကမ္ဘာတစ်ဝန်း ဆင်းရဲချမ်းသာမရွေး ကာကွယ်ဆေးရရှိနိုင်ရေးဟာ လတ်တလောပျံ့နှံ့ နေတဲ့ ကပ်ရောဂါအတွက် အရေးတကြီးလိုအပ်ချက် ဖြစ်ပါတယ်။ လူများများ ကာကွယ်ဆေးထိုးပြီးလေ၊ ရောဂါပိုးကူးစက်ပျံ့နှံ့မှု နည်းလေ၊ ဗိုင်းရပ်စ်တွေ မျိုးဗီဇပြောင်းဖို့ အခွင့်အလမ်းနည်းလေ ဖြစ်ပါတယ်။**

*စာမျက်နှာ ၂၁သို့*

## ပိုးသတ်ဆေးများ အလွန်အကျွံ ပက်ဖျန်းခြင်းကြောင့် ပိုးမွှားများ ဆေးယဉ်ပါးပြီး နှိမ်နင်းရခက်ခဲနိုင်



ရန်ကုန် ဇွန် ၇

ပိုးသတ်ဆေးများ အလွန်အကျွံ ပက်ဖျန်းခြင်းကြောင့် ပိုးမွှားများ ဆေးယဉ်ပါးပြီး နှိမ်နင်းရ ပိုမိုခက်ခဲနိုင်ကြောင်း စိုက်ပျိုးရေးကျွမ်းကျင်သူများက ပြောသည်။

မေလကုန် ဇွန်လကာလများတွင် ရာသီဥတုပြောင်းလဲဖောက်ပြန်မှုများ ဖြစ်ပေါ်နေသည့်အတွက် သီးနှံပင်များပေါ်သို့ သက်ဆိုင်ရာ သီးနှံဖျက်ပိုးများ ကျရောက်ဖျက်ဆီးနေပြီး ပိုးသတ်ဆေးဖျန်းပက်ရသည့် အကြိမ်ရေများလာသော်လည်း ပိုးကျရောက်မှု လျော့နည်းမသွားခြင်းဖြစ်သည်။

"ရာသီဥတု ပူပြင်းတဲ့အတွက်ရယ်၊ စိုက်ပျိုးသီးနှံ အများစု ရိတ်သိမ်းချိန် ဖြစ်တာရယ်၊ မိုးမရွာသေးတော့ ပေါင်းမြက်တွေ စိမ်းစိမ်းစိုစို မရှိတာရယ်၊ ရှိတဲ့ပေါင်းမြက်တွေကို ပေါင်းသတ်ဆေးဖျန်းပြီး သတ်ထားကြတာရယ်ကြောင့် ပတ်ဝန်းကျင်မှာ ပိုးမွှားအင်းဆက်များ မှီခိုစားသောက်စရာ အပင်တွေ မရှိကြတော့ဘူးလေ။ ဆေးတွေ အမျိုးမျိုးဖျန်းလည်း ဆေးဖိုးသာကုန် ပိုးတွေမသေ ဖြစ်တာကြောင့် စိုက်စရိတ်ကုန်ပြီး တောင်သူတွေ တွက်ခြေမကိုက်ကြတော့ဘူး။ ပိုးတွေမသေတာဟာပိုးကဆေးမကြောက်တော့ဘဲ ဆေးဒဏ်ခံနိုင်ရည်ရှိပြီး ဆေးယဉ်ပါးလာတာကြောင့် ဖြစ်ပါတယ်။ ဆေးဖျန်းပြီး ပိုးတွေမသေတာ တွေ့ကြတော့ စိုက်ပျိုးသူတွေက ဆေးတွေထဲကများ ပိုးတွေ ပါလာလေသလားလို့တောင် သံသယဖြစ်လာကြပါတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့မှ စီးပွားဖြစ် ကွမ်းစိုက်ပျိုးရေးလုပ်ငန်းနှင့် စိုက်ပျိုးရေး နည်းပညာဖြန့်ဝေရေး လုပ်ဆောင်သူ ဦးဝင်းနိုင်က ပြောသည်။

လေ့း၊ ပျ၊ ယင်ဖြူ၊ ပိုးစေးနဲ၊ မွှားပင့်ကူနီ စသည့် အပင်ဖျက်ပိုးများသည် ၎င်းတို့၏ အသက်ရှင်ရပ်တည်မှုအတွက် စားကျက်ရှာကြရင်း နွေဦးရာသီက စိုက်ပျိုးခဲ့သော စိမ်းစိုနေသည့် သီးနှံစိုက်ခင်းများနှင့် ကွမ်းခြံများ၊ (အပေါ်ပုံ) နှစ်ရှည် ပင်ခြံများအတွင်းသို့ ဝင်ရောက်လာခြင်း ဖြစ်သည်။

"စိုက်ပျိုးသူ အများစုကလည်း ကိုယ့်သီးနှံတွေ ပိုးဖျက်ဆီးပြီး သီးနှံအရည်အသွေး ကျတာ၊ ဈေးကောင်း မရတာတွေ ကြုံကြတော့ ဈေးကောင်းရပြီး တွက်ခြေကိုက်ဖို့အတွက် ပိုးမွှားအင်းဆက်သတ်တဲ့ ဆေးတွေ အမျိုးမျိုး ဖျန်းကြပါတော့တယ်။ ဒါ့ကြောင့်လည်း ပိုးတွေက ပိုးသတ်ဆေးတွေကို မကြောက်ကြတော့ဘူး။ ကျွန်တော့်ဆီကို တောင်သူတွေ လာရောက် မေးမြန်းထားတဲ့ ပိုးမွှားရောဂါနဲ့ ဆိုင်တဲ့ မေးခွန်းတွေကို စစ်ဆေးကြည့်တော့ စိုက်ပျိုးသူ တချို့ဟာ ပိုးလား၊ ရောဂါလားဆိုတာကို ခွဲခြားမသိကြသေးတာတွေ့ရတယ်။ စိတ်မကောင်းဖြစ်ရပါတယ်"ဟု ၎င်းက ဆက်လက်ပြောသည်။

ယခုကဲ့သို့ရာသီဥတုပြင်းထန်သည့် ကာလမျိုးကို ကြုံတွေ့ရသည့်အချိန်တွင် အတတ်နိုင်ဆုံးခံနိုင်ရည် ရှိစေရန်အတွက် စိုက်ပျိုးသူများအနေဖြင့် အခြေအနေအရပ်ရပ်ကို ကြိုတင်သုံးသပ်ပြီး စိုက်ခင်းထောင့်များ ခြံစည်းရိုးများတွင် ပိုးနှင်စေသည့် အပင်များ ကြိုတင်စိုက်ပျိုးထားရှိခြင်း၊ သဘာဝပိုးနှင်ဆေးများ ပြုလုပ်၍ ရာသီချိန်အလိုက် ကြိုတင်ကာကွယ်ပေးခြင်းတို့ကို ပြုလုပ်သင့်ကြောင်း သိရသည်။

**နန်းထက်ထက်ချစ်**

## နတ်မောက်မြို့နယ်တွင် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းနည်းစနစ်များဖြင့် စိုက်ပျိုးထုတ်လုပ်ခြင်း ကွင်းဆင်းဆောင်ရွက်

နတ်မောက် ဇွန် ၇

နတ်မောက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်အတွင်းရှိ ကျေးရွာများသို့ ယမန်နေ့က မိုးသီးနှံစိုက်ခြင်းနှင့် စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်းနည်းစနစ် (GAP) စိုက်ပျိုးထုတ်လုပ်ခြင်းအတွက် ကွင်းဆင်း ဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ၂၀၂၀-၂၀၂၁ မိုးရာသီ မိုးနှမ်း၊ မိုးမြေပဲ၊ မိုးပဲတီစိမ်း၊ မိုးစပါး၊ မိုးနေကြာ မျိုးစေ့ထုတ်လုပ်ငန်းများနှင့် မိုးနှမ်း၊ မိုးပဲတီစိမ်း၊ မိုးမြေပဲများကို GAP စနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်ခြင်း လုပ်ငန်းများ ဆောက်ရွက်မည်ဖြစ်ရာ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများက ညောင်ကျပွင် ကျေးရွာအုပ်စုနှင့် တဲကြီးကျေးရွာအုပ်စုများသို့ သွားရောက်ပြီး တောင်သူများနှင့် တွေ့ဆုံဆွေးနွေးခြင်းများဆောင်ရွက်ကြောင်း မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြင့်မြင့်ချိုထံမှ သိသည်။

**သင်းသင်းမြတ်**

## စေတုတ္တရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ တောင်သူများအား မျိုးစေ့၊ မြေဩဇာနှင့် ပိုးသတ်ဆေးသွင်းအားစုများ ထောက်ပံ့

စေတုတ္တရာ ဇွန် ၇

မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ မျိုးစေ့၊ မြေဩဇာနှင့် ပိုးသတ်ဆေးသွင်းအားစုများ ထောက်ပံ့ပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၌ ပြုလုပ်သည်။

အခမ်းအနားတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမြစံက တောင်သူများအနေဖြင့် မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင် စေရန်နှင့် သီးနှံအရည်အသွေးနှင့် အထွက်နှုန်းကောင်းမွန်သော သီးနှံမျိုးစေ့များကို ထုတ်လုပ်ဖြန့်ဖြူးနိုင်ရန်၊ စိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုအောင်မြင်ဖြစ်ထွန်းစေရန်အတွက် မျိုးစေ့၊ မြေဩဇာနှင့် ပိုးသတ်ဆေးများအား ထောက်ပံ့ပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးမြစံနှင့် ဝန်ထမ်းများက မျိုးစေ့ထုတ်စိုက်ခင်းဆောင်ရွက်သည့် အုပ်စု ငါးအုပ်စုရှိ အကျိုးဆောင်တောင်သူ ၂၃ ဦးအား စပါးမျိုး ၂၅ တင်းနှင့် ကွန်ပေါင်း မြေဩဇာ ၁၅ အိတ်ကို လည်းကောင်း၊ မြေနီကုန်းကျေးရွာရှိ တောင်သူ လေးဦး၏ နှမ်းစံပြစိုက်ခင်း ၁၀ ဧကအတွက် နှမ်းမျိုးပြည် ၂၀ နှင့် ကွန်ပေါင်း မြေဩဇာ ငါးအိတ်ကိုလည်းကောင်း၊ အမှတ်(၁) ရပ်ကွက်ရှိ SRI စံပြကွက် စိုက်ခင်းအကျိုးဆောင်တောင်သူ သုံးဦးအား စပါးမျိုးသုံးတင်းနှင့် ကွန်ပေါင်းမြေဩဇာ ငါးအိတ်ကို လည်းကောင်း၊ တက်ရောက်လာကြသော တောင်သူများအား အဆီဖိတ်၊ ဇွန်ဘီနှင့် တမာပိုးသတ်ဆေးများကိုလည်းကောင်း၊ ဟင်းသီးဟင်းရွက် မျိုးစေ့ ၁၃ မျိုး အထုပ် ၁၃၀ ကိုလည်းကောင်း အခမဲ့ ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

*စာမျက်နှာ ၂၀ မှ*

မျိုးကွဲတွေ များများမပျံ့နှံ့ခင် ကာကွယ်ဆေးထုတ်လုပ်မှု အရှိန်မြှင့်တင်ပြီး ကာကွယ်ဆေးတွေ အလျင်အမြန် ဖြန့်ချိထိုးနှံဖို့ရာ အလွန်အရေးကြီးလျက်ရှိပါတယ်။ အထူးသဖြင့် ကူးစက်နိုင်ဖို့ အခွင့်အလမ်းပိုများသူတွေ၊ ကူးစက်ခံရရင် အသက်အန္တရာယ်များတဲ့သူတွေ၊ လူအများအပြားနဲ့ ထိတွေ့နေရသူတွေကို ဦးစားပေးကာကွယ်နိုင်မှ ကမ္ဘာတစ်ဝန်း မျိုးကွဲတွေ ကူးစက်ပျံ့နှံ့မှုကို ကာကွယ်တားဆီးနိုင်မှာ ဖြစ်ပါတယ်။ ကာကွယ်ဆေးတွေက မျိုးကွဲတချို့ကို အပြည့်အဝ မကာကွယ်နိုင်ရင်တောင် ကာကွယ်ဆေးထိုးနှံမှုစီမံချက်တွေကို အရှိန်အဟုန်နဲ့ လုပ်ဆောင်သွားရမှာ ဖြစ်ပါတယ်။

### မြန်မာနိုင်ငံနဲ့ ဗိုင်းရပ်စ်မျိုးကွဲတွေရဲ့အန္တရာယ်

မြန်မာနိုင်ငံမှာ ၂၀၂၁ ခုနှစ် မေလ ၂၇ ရက်နေ့က စပြီး စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့နယ်နဲ့ ချင်းပြည်နယ် တွန်းဇံမြို့နယ် ကျီခါးမြို့တွေမှာ အစုလိုက်ရောဂါဖြစ်ပွားမှုတွေနဲ့အတူ ပိုးတွေ့လူနာ အရေအတွက် ရုတ်တရက် မြင့်တက်လာခဲ့ပါတယ်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ၂၀၂၁ ခုနှစ် ဇွန်လ ၄ ရက်နေ့ ထုတ်ပြန်ချက်အရ လူ ၁၇၇၈ ဦးကို ဓာတ်ခွဲစစ်ဆေးရာမှာ ပိုးတွေ့သူ ၁၂၂ ဦးရှိပြီး ပိုးတွေ့ ရာခိုင်နှုန်း စံချိန်တင် ၁၁ ဒသမ ၉ ရာခိုင်နှုန်းရှိကြောင်း စိုးရိမ်ဖွယ်သိရပါတယ်။

> ❍ **မိမိတို့အနေနဲ့ ရောဂါကာကွယ်ရေးနည်းလမ်းတွေကို အလေးမထား၊ ပေါ့ဆမှုတွေ၊ သွားလာလှုပ်ရှားမှုတွေကို အချိန်မီ မထိန်းချုပ်နိုင်မှုတွေကြောင့် ဒုတိယလှိုင်းမှာ အကြီးအကျယ် ထိခိုက်ခဲ့ရတာ မမေ့သင့်ပါဘူး။ လက်ရှိအချိန်ထိ သုတေသနတွေ့ရှိချက်တွေအရ မျိုးကွဲတွေ ပျံ့နှံ့မှုကို ကာကွယ်ထိန်းချုပ်ဖို့ ရောဂါကာကွယ်ရေး အစီအမံတွေ၊ ရောဂါရှာဖွေစစ်ဆေးတဲ့နည်းလမ်းတွေ၊ ဆေးဝါးကုသမှုတွေကို ပြောင်းလဲပြင်ဆင်လုပ်ဆောင်ဖို့ မလိုအပ်သေးကြောင်း သိရပါတယ်**

အခုလို ရုတ်တရက် ပိုးတွေ့နှုန်းမြင့်တက်လာမှုကြောင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက မေလ ၂၇ ရက်နေ့မှာ ချင်းပြည်နယ် တွန်းဇံမြို့နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့နယ်တို့ကိုလည်းကောင်း၊ ဇွန်လ ၄ ရက်နေ့မှာ တီးတိန်မြို့နယ်၊ ဖလမ်းမြို့နယ်၊ ထန်တလန်မြို့နယ်၊ ဟားခါးမြို့နယ်တို့ကိုလည်းကောင်း Stay at Home သတ်မှတ်ခဲ့ပါတယ်။ ကျိုင်းတုံ၊ ကလေး၊ တာချီလိတ်၊ ထားဝယ်၊ မြိတ်နဲ့ ကော့သောင်းမြို့တွေကို ပျံ့သန်းတဲ့ ပြည်တွင်း လေကြောင်းခရီးစဉ်တွေကိုလည်း မေလ ၂၉ ရက်နေ့ ကနေ ဇွန်လ ၈ ရက်နေ့အထိ ရပ်နားခဲ့ပါတယ်။

### အလေးထားစောင့်ကြည့်ရမည့် တတိယလှိုင်း

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေနဲ့ လတ်တလောရောဂါပိုးတွေ့လူနာများလာမှုတွေဟာ မျိုးကွဲတွေ ဝင်ရောက်ကူးစက်ပျံ့နှံ့မှုကြောင့် ဟုတ်၊ မဟုတ် သိနိုင်ဖို့ ကူးစက်မှုများနေတဲ့နေရာ၊ ဒေသတွေက ဓာတ်ခွဲနမူနာတွေမှာ မျိုးဗီဇအသေးစိတ် စစ်ဆေးရှာဖွေမှု (Genome sequencing) ကို အမြန်ဆုံးလုပ်ဆောင်လျက်ရှိပါတယ်။ ဒါ့အပြင် ကပ်ရောဂါကာကွယ်ထိန်းချုပ်ရေးမှာ လူတွေရဲ့ ပြုမူလှုပ်ရှားသွားလာမှုကလည်း အရေးကြီးလှပါတယ်။

**မိမိတို့အနေနဲ့ ရောဂါကာကွယ်ရေးနည်းလမ်းတွေကို အလေးမထား၊ ပေါ့ဆမှုတွေ၊ သွားလာလှုပ်ရှားမှုတွေကို အချိန်မီ မထိန်းချုပ်နိုင်မှုတွေကြောင့် ဒုတိယလှိုင်းမှာ အကြီးအကျယ် ထိခိုက်ခဲ့ရတာ မမေ့သင့်ပါဘူး။ လက်ရှိအချိန်ထိ သုတေသနတွေ့ရှိချက်တွေအရ မျိုးကွဲတွေ ပျံ့နှံ့မှုကို ကာကွယ်ထိန်းချုပ်ဖို့ ရောဂါကာကွယ်ရေးအစီအမံတွေ၊ ရောဂါ ရှာဖွေစစ်ဆေးတဲ့နည်းလမ်းတွေ၊ ဆေးဝါးကုသမှုတွေကို ပြောင်းလဲပြင်ဆင်လုပ်ဆောင်ဖို့ မလိုအပ်သေးကြောင်း သိရပါတယ်။**

ဒါကြောင့် မိမိတို့အနေနဲ့ လက်ရှိရောဂါကာကွယ်ရေးနည်းလမ်းတွေဖြစ်တဲ့ လက်ခဏခဏဆေးတာ၊ နှာခေါင်းစည်းတပ်တာ၊ လူစုလူဝေးရှောင်တာ၊ တစ်ဦးနဲ့တစ်ဦး ခပ်ခွာခွာနေတာတွေကိုပဲ ဆက်လက်အလေးထားလုပ်ဆောင်သွားရမှာဖြစ်ပါတယ်။ ဒါမှသာ မိမိနိုင်ငံအနေနဲ့ မျိုးကွဲတွေရဲ့ကူးစက်ပျံ့နှံ့မှုကို ကာကွယ်တားဆီးနိုင်ပြီး တတိယလှိုင်းကို အောင်မြင်စွာကျော်ဖြတ်နိုင်မှာဖြစ်ကြောင်း အသိပေးတင်ပြအပ်ပါတယ်။ ။

# မကွေးတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီနှင့် တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများ လုပ်ငန်းညှိနှိုင်း

**မကွေး ဇွန် ၇**

မကွေးတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီနှင့် တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများ လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ဇွန် ၄ ရက်က တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။



**ဝမ်းမြောက်ဝမ်းသာ ကြိုဆို**

လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးတင့်လွင်က မိမိတို့ဌာနအလိုက်၊ သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အလိုက် ပြည်ထောင်စု ဘတ်ဂျက်ရန်ပုံငွေ၊ တိုင်းဒေသကြီး ဘတ်ဂျက်ရန်ပုံငွေ၊ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေတို့ဖြင့် ဆောင်ရွက်လျက်ရှိရာ အမှန်တကယ်လိုအပ်သည့် အရေးကြီးလုပ်ငန်းများရှိလာပါက တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ဖြည့်ဆည်း ပံ့ပိုးဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ဦးတည်ချက်(၉)ရပ်တို့ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ရှေ့လုပ်ငန်းစဉ်နှင့် ဦးတည်ချက်များထဲတွင် ပါဝင်သည့်အချက်များအလိုက် မိမိတို့ဌာနနှင့် သက်ဆိုင်သည့် လုပ်ငန်းစဉ်များကို အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ CDM ဝန်ထမ်းများ လုပ်ငန်းခွင်သို့ ပြန်လည်တာဝန်ထမ်းဆောင်လာပါက နိုင်ငံအတွက် ကောင်းမွန်သည့် အကျိုးရလဒ်များ ရရှိမည်ဖြစ်သည့်အတွက် ဝမ်းမြောက်ဝမ်းသာ ကြိုဆိုရမည်ဖြစ်ကြောင်း စသည်ဖြင့်ပြောကြားသည်။

ဆက်လက်ပြီး တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများက မိမိတို့ဌာနလုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့် လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြကြပြီး ဌာနများ၏ တင်ပြဆောင်ရွက်မှုများအပေါ် တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက အကြံပြု ဖြည့်စွက်ဆွေးနွေးမှုများ ဆောင်ရွက်ကြောင်း သိရသည်။

**မောင်ညီညာ(မကွေး)**

# သန်လျင်မြို့နယ်တွင် နှာခေါင်းစည်းမဖြစ်မနေတပ်ဆင်ရေး လူထုလှုပ်ရှားမှု ပြုလုပ်

**ရန်ကုန် ဇွန် ၇**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် ကိုဗစ်- ၁၉ စည်းကမ်းထိန်းသိမ်းရေးအဖွဲ့မှ သန်လျင်မြို့နယ်အတွင်း ကိုဗစ်- ၁၉ ရောဂါကူးစက်ပျံ့နှံ့မှု လျော့နည်းကျဆင်းစေရေးနှင့် ကိုဗစ်- ၁၉ ရောဂါကြိုတင်ကာကွယ်ရေးအတွက် နှာခေါင်းစည်းများဝေငှခြင်းနှင့် အသိပညာပေးခြင်းများကို ဇွန် ၇ ရက်က သန်လျင်- သီလဝါသွားကျိုက်ခေါက်ဘုရားလမ်းမကြီး၌ ပြုလုပ်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ် ကိုဗစ်- ၁၉ စည်းကမ်းထိန်းသိမ်းရေးအဖွဲ့ သန်လျင်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းလေးနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝန်ထမ်းများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်ရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့နှင့် လူမှုရေးအသင်းအဖွဲ့များက လမ်းသွားလမ်းလာပြည်သူများအား ကိုဗစ်- ၁၉ ရောဂါကာကွယ်ရေး အသိပညာပေးခြင်းနှင့် ပါးစပ်နှာခေါင်းစည်းများ (အခမဲ့) ဖြန့်ဝေကြောင်း သိရသည်။

သန်လျင်မြို့နယ်အတွင်း ပြည်သူများ မဖြစ်မနေ နေအိမ်ပြင်ပထွက်ခွာသွားလာတိုင်း ကိုဗစ်- ၁၉ ရောဂါကာကွယ်ရေးအတွက် ပါးစပ်နှာခေါင်းစည်းများတပ်ဆင်ရေး မြို့နယ် ကိုဗစ်- ၁၉ စည်းကမ်းထိန်းသိမ်း ရေးအဖွဲ့က ပါးစပ်နှာခေါင်းစည်း အခုရေ ၁၀၀၀ ကို အခမဲ့ ဖြန့်ဝေပေးကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

**အိုဇုန်းလွှာနှင့် ရာသီဥတု ကောင်းမွန်ဖို့ လက်တွဲညီညီ ဆောင်ရွက်စို့**

# ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ

**တောင်ကြီး ဇွန် ၇**

ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ဇွန် ၅ ရက်က တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ရှမ်းပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဒေါက်တာ ကျော်ထွန်းတက်ရောက် အမှာစကားပြောကြားသည်။



**အလေးထားဆောင်ရွက်**

ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့အတွက် တစ်ကမ္ဘာလုံး အတိုင်းအတာအနေဖြင့် ဦးတည်ကြွေးကြော်သံ ပမ်းအားထုတ်ပေးရန် တိုက်တွန်းထားရှိမှုမှာ "ပတ်ဝန်းကျင်ရေရှည် တည်တံ့ကောင်းမွန်ဖို့ ဂေဟစနစ်ကို ပြန်လည်ပြုပြင်ထိန်းသိမ်းကြပါစို့" ဖြစ်ကြောင်း၊ ရှမ်းပြည်နယ်အနေဖြင့် ဂေဟစနစ် စုံလင်သော ပြည်နယ်တစ်ခုဖြစ်ပြီး တောင်တန်းဂေဟစနစ်၊ အင်းလေးကန် ရေတိမ်ဂေဟစနစ်၊ သစ်တော ဂေဟစနစ်၊ မြစ်ချောင်း ဂေဟစနစ်၊ သစ်ဆွေးမြေ ဂေဟစနစ်၊ မြို့ပြဂေဟစနစ်နှင့် လယ်ယာမြေဂေဟစနစ် စသည်ဖြင့် စုံလင်စွာဖြင့်တည်ရှိနေပြီး အဆိုပါ ဂေဟစနစ်များ မပျက်စီးစေရေး အားလုံးက ဝိုင်းဝန်းထိန်းသိမ်းကြရန် အထူးပင်လိုအပ်ပါကြောင်း၊ ဇီဝမျိုးစုံမျိုးကွဲများ ပျက်စီးဆုံးရှုံးမှုနှင့် ဂေဟစနစ်ပျက်စီးမှုများကြောင့် ၂၀၃၀ ပြည့်နှစ်တွင် ကမ္ဘာကြီးသည် နောက်ထပ် ရေပမာဏ ၄၀ ရာခိုင်နှုန်း၊ အစားအစာ ၅၀ ရာခိုင်နှုန်း၊ စွမ်းအင် ၄၀ ရာခိုင်နှုန်းနှင့် သစ်နှင့်ဖိုက်ဘာ ၄၀ ရာခိုင်နှုန်း၊ ပိုမိုလိုအပ်လာနိုင်ကြောင်း သုံးသပ်ထားသည့်အတွက် ရေရှည်ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ဆောင်မှုများကို အလေးထား ဆောင်ရွက်ကြရန် ပြောကြားသည်။

ဆက်လက်၍ ကုလသမဂ္ဂ ပတ်ဝန်းကျင်အစီအစဉ်မှ ပေးပို့လာသော ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ Video Clip ကိုပြသပြီး ၂၀၂၀ - ၂၀၂၁ ပညာသင်နှစ် သန့်ရှင်း၍ စိမ်းလန်းစိုပြည်သောကျောင်းဆု ရရှိခဲ့သည့် ရှမ်းပြည်နယ် (တောင်ပိုင်း) ဟဲဟိုးမြို့ အ.ထ.က လေးကျောင်းကို ရှမ်းပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဒေါက်တာ ကျော်ထွန်းကလည်းကောင်း ၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့ အ.ထ.က ငါးကျောင်းကို ပြည်နယ်စီမံ အုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဦးခွန်သိမ်းမောင်ကလည်းကောင်း၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့ အ.ထ.က နှစ်ကျောင်းကို ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဦးစိုင်းလိတ်က လည်းကောင်း ဆုချီးမြှင့်ပေးကြကြောင်း သိရသည်။

**မောင်မောင်သန်း (တောင်ကြီး)**

# သီပေါမြို့နယ်၌ ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်

**သီပေါ ဇွန် ၇**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ ပန်းခင်းစီမံချက်အရ နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲကို ယမန်နေ့က မြို့နယ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာကျောက်မဲခရိုင် လဝကဦးစီးမှူး ဦးထိန်ဝင်းက ပန်းခင်းစီမံချက်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်ကိုလည်းကောင်း၊ သီပေါမြို့နယ်စီမံခန့်ခွဲရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်စိုးဝင်းက နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ပျက်စီးပျောက်ပျက်ခြင်းမရှိစေရန် ထိန်းသိမ်းခြင်းဆိုင်ရာများကိုလည်းကောင်း ပြောကြားပြီး ခရိုင် လဝကမှူး၊ မြို့နယ်စီမံခန့်ခွဲရေးဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကောင်းခံ၊ မိုင်းလာ၊ တွန်ကျိုင်း၊ နောင်အန်ကျေးရွာအုပ်စုများနှင့် ဌာနဆိုင်ရာမိသားစုဝင်များကို နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ကြသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် အသက် ၁၆ နှစ်နှင့် ၁၈ နှစ်အကြား အသက် ၁၈ နှစ်ပြည့်သူများ အိမ်ထောင်စုစာရင်းမရှိ ပျောက်ဆုံးသူများနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ပျောက်ပျက်စီးသူများအား သီပေါမြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှူးနှင့် ဝန်ထမ်းများက ကျန်ရှိသည့် ရပ်ကွက်/ကျေးရွာများသို့ ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

**စိုင်း(သီပေါ)**



# သုံးခွမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ သောက်ရေသန့်များ အခမဲ့ စတင်ဖြန့်ဝေပေး

**သုံးခွ ဇွန် ၇**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့ပေါ်တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ရေကန်ပေါင်း ၅၇ ကန်ရှိပြီး ၄င်းတို့အထဲမှ မြို့ပေါ်ရပ်ကွက်ပေါင်း ၁၂ ရပ်ကွက်သို့ ရေပိုက်လိုင်းဖြင့် ရေဖြန့်ဝေပေးနေသော ရေပေးဝေရေးကန် လေးကန်၊ ရေကူကန် ငါးကန်မှာ ရေများခန်းခြောက်သွားသဖြင့် ပြည်သူများအဆင်ပြေစေရန် အမှတ်(၅) ရပ်ကွက်ရှိ စက်ရေတွင်း ငါးတွင်းမှ ရေကို သုံးရေအဖြစ် ရေပိုက်လိုင်းဖြင့် ဖြန့်ဝေပေးနေကြောင်း သိရသည်။

သောက်ရေအဆင်ပြေစေရန်အတွက်လည်း ကံမြင့်ကျေးရွာတွင် တူးဖော်ထားသော စက်ရေတွင်းမှ သောက်ရေများကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ဂါလန် ၁၆၀၀ ဆံ့ ရေသယ်ယာဉ်နှစ်စီးဖြင့် သယ်ဆောင်ကာ ဖြန့်ဝေပေးနေကြောင်း သိရသည်။

ယခုအခါ မြို့နယ်စည်ပင်သာယာရေးအဖွဲ့က အမှတ်(၅)ရပ်ကွက်တွင် တူးဖော်ထားသော စက်ရေတွင်း ငါးတွင်းအနက် အမှတ်(၁)စက်ရေတွင်းမှရေကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ရေသန့်ဌာန၏ ပံ့ပိုးမှုဖြင့် ရေသန့်စင်စက်ဖြင့် ပြန်လည်သန့်စင်ကာ ကျန်းမာရေးနှင့် ညီညွတ်သော သောက်ရေသန့်များကို ပြည်သူများအား ဇွန် ၆ ရက်မှစတင်၍ အခမဲ့ ဖြန့်ဝေပေးလျက်ရှိပြီး ထိုသောက်ရေသန့်များကို မည်သူမဆို အခမဲ့ လာရောက်ယူဆောင်နိုင်ကြောင်း သိရသည်။

ပြည်သူများအား ရေသန့်များ စတင်ဖြန့်ဝေပေးနေမှု အခြေအနေကို မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခိုင်ကြည်သာလှနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးထွန်းထွန်းလင်းတို့ကလည်း ဇွန် ၆ ရက်က လာရောက်ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။



**ကျော်ဆန်း**

# ကျွန်းလှမြို့နယ်၌ အားကစားနည်းသုံးမျိုး အခြေခံသင်တန်းများ ဖွင့်လှစ်ပို့ချ

**ကျွန်းလှ ဇွန် ၇**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်အတွင်းမှ လူငယ်လူရွယ်များ ကျန်းမာကြံ့ခိုင်ပြီး အားကစားနည်းအလိုက် စနစ်တကျ လေ့ကျင့်နိုင်ရန်အတွက် အခြေခံအားကစားနည်းသင်တန်းများကို မြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနက ကြီးမှူးကာ ဇွန်လ ပထမပတ်အတွင်း မြို့နယ် ပြည်သူ့အားကစားကွင်း၌ စတင်ဖွင့်လှစ်၍ သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

ဖွင့်လှစ်ပို့ချသော အားကစားနည်း သုံးမျိုးမှာ ဘောလုံး၊ ပိုက်ကျော်ခြင်းနှင့် Physical Fitness Dance အားကစားနည်း သင်တန်းများဖြစ်ပြီး သင်တန်းနည်းပြ သုံးဦးဖြင့် သင်ကြားလျက်ရှိကြောင်း၊ သင်တန်းများသို့ သင်တန်းသား သင်တန်းသူ ၈၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ၁၀ ရက်ဖြစ်ကြောင်း ကျွန်းလှမြို့နယ် အားကစားနှင့် ကာယပညာ ဦးစီးဌာနမှူး ဒေါ်နွယ်နွယ်ထွန်းက ပြောကြားသည်။

**မျိုးဝင်းညို(ကျွန်းလှ)**



# ပွင့်ဖြူမြို့နယ်၌ ကျွဲ ၊ နွား တိရစ္ဆာန်များအား ကာကွယ်ဆေးများ ကွင်းဆင်းထိုးနှံပေးလျက်ရှိ

**ပွင့်ဖြူ ဇွန် ၇**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနသည် မြို့နယ်အတွင်း မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဒေသခံပြည်သူများ တစ်ပိုင်တစ်နိုင် မွေးမြူရေးလုပ်ငန်း ဆောင်ရွက်လုပ်ကိုင်ခြင်းဖြင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ ဇွန် ၂ ရက်မှ စတင်ကာ ကျေးရွာများသို့ ကွင်းဆင်းသွားရောက်ပြီး ဒေသခံပြည်သူများ မွေးမြူထားသော ကျွဲ၊ နွား တိရစ္ဆာန်များတွင် ကူးစက်ရောဂါကင်းဝေးစေရန် ကြိုတင်ကာကွယ်ဆေးများ ကွင်းဆင်းထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာသန့်ဇော်ထွေး၏ ဦးဆောင်မှုဖြင့် ဝန်ထမ်းများက ကျေးရွာများရှိ အခြေခံတိရစ္ဆာန်ကျန်းမာရေးလုပ်သားများနှင့် ပူးပေါင်းကာ အဖွဲ့များခွဲ၍ ပွင့်ဖြူမြို့နယ်အတွင်းမှ ဆင်လူးကျေးရွာ၊ ကုလားကုန်းကျေးရွာ ၊ အရှေ့လေးအိမ်ကျေးရွာ၊ ကုန်းဇောင်းကျေးရွာ၊ ရွာခိုင်ကျေးရွာ၊ ကန်ပြည့်ကျေးရွာ၊ သာဂရကျေးရွာ၊ အနောက်လေးအိမ်ကျေးရွာ၊ မဲဇလီကျေးရွာ၊ မဒဲကျေးရွာ၊ ကနီကျေးရွာ၊ ရွှေဘိုရွာမကျေးရွာ၊ ရွှေဘိုရွာသစ်ကျေးရွာ၊ အုတ်ဖိုကျေးရွာ၊ သနပ်ကျေးရွာ၊ မင်းဇံကျေးရွာ၊ မင်းမြေကျေးရွာ၊ ကျောင်းတော်ရာကျေးရွာ၊ ဇီးတောကျေးရွာ၊ ဇီးကိုင်းကျေးရွာ၊ ဝဲဒေါင့်ကျေးရွာ၊ သစ်တော်ကျေးရွာနှင့် ညောင်ခြုံကျေးရွာများသို့ ကွင်းဆင်းသွားရောက်ပြီး ကျွဲနွားတိရစ္ဆာန်များကို ကျန်းမာရေးအခြေအနေ စစ်ဆေးပေးကာ ပေါင်ပုပ်လက်ပုပ်ရောဂါ ကာကွယ်ဆေးကို ကျွဲနွား ကောင်ရေ ၁၈၀၀၊ လည်ချောင်းကွဲရောဂါ ကာကွယ်ဆေးကို ကျွဲနွား ကောင်ရေ ၃၀၀၊ ဒေါင့်သန်းရောဂါကာကွယ်ဆေးကို ကျွဲနွား ကောင်ရေ ၆၀၀ တို့အား ထိုးနှံပေးခဲ့ခြင်းဖြစ်သည်။

"အခုအချိန်က မြို့နယ်အတွင်းက ဒေသခံကျေးလက်နေပြည်သူတွေ သီးနှံစိုက်ပျိုးရာသီ ဖြစ်တဲ့အတွက် ကျွဲနွား တိရစ္ဆာန်တွေ ကျန်းမာရေးကောင်းဖို့ ပေါင်ပုပ်လက်ပုပ်ရောဂါ၊ လည်ချောင်းကွဲရောဂါနဲ့ ဒေါင့်သန်းရောဂါ ကာကွယ်ဆေးတွေကို ကြိုတင်ပြီးတော့ ကွင်းဆင်းထိုးနှံပေးခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအနေနဲ့ အခုလို ကျွဲနွားတိရစ္ဆာန်ကာကွယ်ဆေးတွေ ကွင်းဆင်းထိုးနှံပေးခြင်းအပြင် မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကောင်းမွန်သော တိရစ္ဆာန်မွေးမြူရေးကျင့်စဉ်များနဲ့အညီ ဒေသခံပြည်သူတွေ စနစ်တကျ မွေးမြူတတ်စေဖို့အတွက် အခါအားလျော်စွာ သင်တန်းများ ဖွင့်လှစ်ပို့ချပေးခြင်း၊ အသိပညာပေးဆွေးနွေးခြင်းနဲ့ တိရစ္ဆာန်အာဟာရဖြည့်စွက်စာများ ထောက်ပံ့ပေးခြင်းတို့ကိုလည်း အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ပေးနေပါတယ်။ ဆက်လက်ပြီးတော့ ကျန်ရှိတဲ့ သိုး၊ ဆိတ်၊ ကြက်၊ ဝက် စတဲ့ တိရစ္ဆာန်တွေကိုလည်း ကူးစက်ရောဂါကင်းဝေးအောင် ကာကွယ်ဆေးထိုးနှံခြင်းတွေကို ဆောင်ရွက်ပေးသွားဦးမှာပါ"ဟု မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာသန့်ဇော်ထွေးက ပြောသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**



# ပလင်းကမ်းသာယာဆင်စခန်း ပိတ်ထားသည့်ကာလအတွင်း အွန်လိုင်းမှတစ်ဆင့် ဆင်စာဘူဖေးကျွေးမှု ၁၈၅ ကြိမ်ရှိ

**ညောင်ဦး ဇွန် ၇**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် မြင်းခြံ-ပခုက္ကူကားလမ်းမကြီးဘေးအနောက်ပုလင်းရွာအနီး ရောဝတီမြစ်ကမ်းဘေး၌ ဖွင့်လှစ်ထားသည့် ပလင်းကမ်းသာယာ ဆင်စခန်းကို ကိုဗစ်-၁၉ ရောဂါကြောင့် ပိတ်ထားခဲ့ရာမှ မေ ၂၅ ရက်မှစတင်၍ ပြန်လည်ဖွင့်လှစ်ထားပြီဖြစ်ကြောင်းနှင့် ဆင်စခန်းပိတ်ထားခဲ့စဉ်ကာလအတွင်း မြန်မာနိုင်ငံ အရပ်ရပ်မှ ဆင်ချစ်သူများက အွန်လိုင်းမှတစ်ဆင့် ဆင်စာဘူဖေးကျွေးမှုများ မကြာခဏရှိခဲ့ကြောင်း သိရသည်။

မြန်မာ့သစ်လုပ်ငန်းက ဖွင့်လှစ်ထားသည့် ပလင်းကမ်းသာယာဆင်စခန်းကို ကိုဗစ်-၁၉ ကူးစက်ရောဂါ ကြိုတင်ကာကွယ်သည့်အနေဖြင့် ၂၀၂၀ မတ် ၂၅ ရက်ကတည်းက ယာယီပိတ်ထားခဲ့သော်လည်း ပိတ်ထားသည့် ၁၄ လကျော်အတွင်း မြန်မာနိုင်ငံ အရပ်ရပ်ရှိ ဆင်ချစ်သူများက အွန်လိုင်းမှတစ်ဆင့် ဆင်စာဘူဖေးများ ကျွေးမွေးလှူဒါန်းမှု ၁၈၅ ကြိမ်အထိ ရှိခဲ့ခြင်းဖြစ်ကာ နောက်ထပ်ကျွေးမွေးရန် အွန်လိုင်းမှ ကြိုတင်ချိတ်ဆက်ထားမှုများလည်း ရှိနေသေးကြောင်း ဆင်စခန်းတာဝန်ခံ ဦးမျိုးမင်းကိုထံမှ သိရသည်။

မြန်မာနိုင်ငံ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဆင်စခန်း ၂၂ ခုအထိ ဖွင့်လှစ်ထားပြီး ဆင်စာဘူဖေး ကျွေးမွေးလှူဒါန်းလိုပါက ပလင်းကမ်းသာယာ ဆင်စခန်းတာဝန်ခံ လက်ထောက်မန်နေဂျာ ဦးမျိုးမင်းကို ဖုန်း-၀၉-၇၉၃၈၂၀၅၃၂ မှတစ်ဆင့် သက်ဆိုင်ရာ ဆင်စခန်းများသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း၊ ဆင်စာအဖြစ် ကြံ၊ နေပီယာမြက်၊ ငှက်ပျောသီး၊ ဖရုံသီး၊ ဖရဲသီး၊ သခွားသီး၊ သရက်သီး၊ အုန်းသီးနှင့် ပြောင်းဖူးများကို အဓိက ကျွေးကြကာ ရာသီပေါ် သီးနှံများကိုလည်း ကျွေးမွေးကြောင်း၊ ဆင်စာဘူဖေး တစ်ခါကျွေးလျှင် ကျပ် ၃၀၀၀၀ မှ ၅၀၀၀၀ အထိ လှူဒါန်းရမည်ဖြစ်ကာ ဆင်ခုနှစ်ကောင် တစ်ရက်စာအတွက် ကျပ်တစ်သိန်းနှုန်းဖြင့်လည်း လှူဒါန်းနိုင်ကြောင်း သိရသည်။



ပလင်းကမ်းသာယာ ဆင်စခန်းမှ ဆင်များကို ဆင်စာဘူဖေး ကျွေးမွေးနေစဉ်

မြန်မာနိုင်ငံအတွင်း မြို့အခြေပြုသည့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးမှုအတွက် ရည်ရွယ်ဖွင့်လှစ်ခဲ့သည့် ဆင်စခန်းများမှာ ကိုဗစ်-၁၉ ကာလအတွင်း ဆင်စာအခက်အခဲ ကြုံရလျက်ရှိကာ တောတောင်၊ ရေမြေသဘာဝကို အခြေခံဖွင့်လှစ်ထားသော ဆင်စခန်းများရှိဆင်များအတွက်မူ အစာရေစာ မခက်ခဲကြောင်း သိရသည်။

**မောင်မောင်ထိန်(ကျောက်ပန်းတောင်း)**

# KIA အဖွဲ့ထံတွင် စစ်အခြေခံနှင့် ဖောက်ခွဲရေးသင်တန်း တက်ရောက်ခဲ့သူအား လက်ပစ်ဗုံးများ၊ အကြမ်းဖက်ရာတွင် အသုံးပြုသည့်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၇**

နိုင်ငံတော်မှ အကြမ်းဖက် အဖွဲ့အစည်းများအဖြစ် ကြေညာထားသော CRPH အနေဖြင့် နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားထိခိုက်စေရန် ရည်ရွယ်၍ အများပြည်သူလူထု သွားလာလှုပ်ရှား လျက်ရှိသည့် နေရာများကို မိုင်းထောင်တိုက်ခိုက်ခြင်း၊ ကလေးသူငယ်များ၏ ပညာရေးကို ထိခိုက်စေရန် စာသင်ကျောင်းများကို မီးရှို့ဖျက်ဆီးခြင်း၊ မိုင်းထောင်တိုက်ခိုက်ခြင်းများကို လူသားချင်းစာနာ ထောက်ထားမှုမရှိဘဲ ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ အကြမ်းဖက်မှုဖြစ်စဉ်များကို ပြုလုပ်ရန် ရည်ရွယ်ချက်ဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ များထံတွင် စစ်အခြေခံနှင့် ဖောက်ခွဲရေးသင်တန်းသို့ တက်ရောက်ခဲ့သည့် ထူးဝေလင်း (၂၃ နှစ်)(ဘ) ဦးညီညီခင်အား ဇွန် ၅ ရက် ညပိုင်းတွင် မင်္ဂလာဒုံ မြို့နယ် ထောက်ကြန့်စစ်သင်္ချိုင်းအနီး၌ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ ထူးဝေလင်း၏ ထွက်ဆိုချက်အရ ၎င်းနေထိုင်ရာ စမ်းချောင်းမြို့နယ် လင်းလွန်း တောင်ရပ်ကွက် ဗားကရာလမ်း မူလဥယျာဉ်တိုက် အတွင်းရှိ အေးစေတီကျောင်းတိုက်ကို ဆက်လက် ရှာဖွေခဲ့ရာ M-67 အမျိုးအစား လက်ပစ်ဗုံးသုံးလုံး၊ ဖိုက်ဘာဦးထုပ်အလုံး ၇၀၊ Hand Speaker လေးလုံး တို့ကို ယင်းနေ့တွင်ပင် သိမ်းဆည်းရမိခဲ့ပြီး ၎င်းနှင့် အတူ ဖောက်ခွဲရေးသင်တန်း တက်ရောက်ခဲ့သည့် မင်းသုခကျော်(၂၆ နှစ်) (ဘ)ဦးမျိုးမြင့်အား ဇွန် ၆ ရက် ညပိုင်းက မြောက်ဥက္ကလာပမြို့နယ်(၄) ရပ်ကွက်ရှိ ၎င်း၏နေအိမ်၌ ထပ်မံဖမ်းဆီးရမိခဲ့ပြီး ၎င်းတို့နှစ်ဦး၏ ထွက်ဆိုချက်များအရ စစ်အခြေခံနှင့် ဖောက်ခွဲရေးသင်တန်းကို ဧပြီ ၅ ရက်မှ ၂၈ ရက် အထိ မိုင်ဂျာယန်အနီးရှိ KIA စခန်းတွင် သင်တန်း တက်ရောက်ခဲ့ကြောင်း၊ သင်တန်း၏ ရည်ရွယ်ချက်မှာ အကြမ်းဖက်အဖွဲ့အစည်းဖြစ်သော NUG ၏ ကြီးကြပ်မှုဖြင့် အစိုးရဆန့်ကျင်ရေးလုပ်ငန်းများ ဆောင်ရွက် သွားရန်ဖြစ်ကြောင်း သိရသည်။



စမ်းချောင်းမြို့နယ် လင်းလွန်း(တောင်)ရပ်ကွက် ဗားကရာလမ်း အေးစေတီကျောင်းတိုက်၌ တရားခံ ထူးဝေလင်းနှင့်အတူ သိမ်းဆည်းရမိသည့် ပစ္စည်းများ။

သင်တန်းတွင် စစ်အခြေခံနှင့် ဖောက်ခွဲဖျက်ဆီးရေး သင်ခန်းစာများအားပို့ချခဲ့ပြီး သင်တန်းဆင်းသည့် ရက်တွင် KIA အဖွဲ့မှ သင်တန်းပို့ချသူများနှင့် အတူ အကြမ်းဖက်အဖွဲ့အစည်းဖြစ်သော CRPH မှ NLD ပါတီဝင် ဦးကျော်စိုးလင်း (မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဟောင်း)နှင့် NLD ပါတီဝင် ဒေါက်တာမျိုးဝင်း (မွန်ပြည်နယ်၊ ရေးမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဟောင်း)တို့ အပါအဝင် လေးဦး တက်ရောက်ခဲ့ပြီး CRPH ဖွဲ့စည်းထားရှိမှုအခြေအနေ နှင့် မြို့နယ်အလိုက် PDF အဖွဲ့များ ဖွဲ့စည်းကာ ပြည်တွင်း၌ နိုင်ငံရေး မငြိမ်မသက်ဖြစ်စေရန်အတွက် အစိုးရရုံး၊ အဆောက်အဦများကို ပစ်မှတ်ထား တိုက်ခိုက်သွားရန်နှင့် အစိုးရဆန့်ကျင်ရေးလုပ်ငန်း များကို ဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း၊ ပြည်သူလူထုမှ တပ်မတော်အပေါ် အထင်အမြင် လွဲမှားစေရေး Social Media အသုံးပြု၍ လုပ်ဆောင်ရန်နှင့် စစ်သင်တန်းတက်ရောက်လိုသည့် လူငယ်များ အား စည်းရုံးပြောဆိုကာ ၎င်းတို့ထံ သင်တန်း တက်ရောက်စေရေးများ ပြောကြားခဲ့ကြောင်း သိရသည်။



NLD ပါတီမှ ဦးကျော်စိုးလင်း (မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဟောင်း)



NLD ပါတီမှ ဒေါက်တာမျိုးဝင်း (မွန်ပြည်နယ်၊ ရေးမြို့နယ်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဟောင်း)



ဖောက်ခွဲရေးသင်တန်း တက်ရောက်ခဲ့သူ မင်းသုခကျော် (၂၆)နှစ်

နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိခိုက်ပျက်ပြားအောင် အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်ရန် ရည်ရွယ်ချက်ဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များထံ စစ်သင်တန်းတက်ရောက်ခဲ့သူ နှစ်ဦးအား ဥပဒေအရ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ဆက်စပ်တရားခံများအား ဆက်လက်ဖော် ထုတ်ဖမ်းဆီးအရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြို့နယ်အချို့၌ စာသင်ကျောင်း၊ ကျေးလက်ဆေးပေးခန်းနှင့် ဝန်ထမ်းအိမ်ရာတို့အား အကြမ်းဖက်သူများနှင့် လက်နက်ကိုင်သောင်းကျန်းသူများက မီးရှို့ဖျက်ဆီး

**နေပြည်တော် ဇွန် ၇**

**တိုင်းဒေသကြီး၊ ပြည်နယ်များရှိ မြို့နယ်အချို့၌ စာသင်ကျောင်း၊ ကျေးလက်ဆေးပေးခန်းနှင့် ဝန်ထမ်းအိမ်ရာတို့အား အကြမ်းဖက်သူများနှင့် လက်နက်ကိုင်သောင်းကျန်းသူများက မီးရှို့ဖျက်ဆီးခဲ့မှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။**

ထိုသို့ ပြုလုပ်ခဲ့ရာတွင် ဇွန် ၆ ရက် ည ၁၀ နာရီ မိနစ် ၅၀ က ရှမ်းပြည်နယ်တောင်ပိုင်း ကလော မြို့နယ် အောင်ပန်းမြို့ ဇောတိ ကျေးရွာ အမှတ်(၂)အခြေခံပညာ အထက်တန်း ကျောင်းခွဲ၌ ပေါက်ကွဲမှု ဖြစ်ပွားခဲ့ပြီး မီးလောင်နေကြောင်း သတင်းအရ လုံခြုံရေး တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါ ကျောင်းဝင်းအတွင်းရှိ စိန်ရတနာ ဆောင်(၂) KG အခန်းအတွင်း၌ အကြမ်းဖက်သူများက လက်လုပ်မိုင်းဖြင့် ဖောက်ခွဲခဲ့၍ ပေါက်ကွဲမှု ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ပေါက်ကွဲမှုကြောင့်အဆိုပါ အခန်းအတွင်းရှိ ကျောင်းသုံးစာရွက်စာတမ်းများ မီးလောင်နေသည်ကို တွေ့ရှိရသဖြင့် ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့ပြီး မီးလောင်မှုကြောင့် စာသင်ခန်း ကြမ်းခင်းနှင့် ကျောင်းသုံး စာရွက်စာတမ်းများ မီးလောင် ပျက်စီးဆုံးရှုံးခဲ့ကာ လူထိခိုက်မှု မရှိကြောင်း သိရသည်။

အလားတူ ဇွန် ၇ ရက် နံနက် ၇ နာရီခွဲတွင် ကယားပြည်နယ် ဘောလခဲမြို့နယ် နန်းဖဲကျေးရွာရှိ ကျေးလက်ကျန်းမာရေး ဆေးပေး ခန်းနှင့် ဝန်ထမ်းအိမ်ရာတို့အား ခေါင်းဆောင် (စိစစ်ဆဲ) လက်နက်ကိုင် သောင်းကျန်းသူငါးဦးခန့်က မီးရှို့ဖျက်ဆီးခဲ့သဖြင့် အလျား ၃၆ ပေ၊ အနံ ၃၂ ပေခန့်ရှိ ဆေးပေးခန်း နှင့် ဝန်ထမ်းအိမ်ရာနှစ်ခန်းတွဲ နံကပ်တစ်ထပ် အဆောက်အဦ တစ်လုံးနှင့် ဆေးပေးခန်းအတွင်းရှိ ဆေးပစ္စည်းအချို့ မီးလောင် ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်များမှ မီးရှို့ဖျက်ဆီးမှု ကျူးလွန်သူများအား ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆက်လက် ဆောင်ရွက်လျက် ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ရန်ကုန် - မန္တလေး အမြန်လမ်းမကြီး မိုင်တိုင်အမှတ် (၆၈/၄) နှင့် (၆၈/၅) ကြားတွင် ယာဉ်မတော်တဆမှုဖြစ်ပွား

**နေပြည်တော် ဇွန် ၇**

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး မိုင်တိုင်အမှတ် (၆၈/ ၄) နှင့် (၆၈/ ၅)ကြားတွင် ဇွန် ၆ ရက်က နေပြည်တော်မှ ရန်ကုန်သို့ မောင်းနှင်လာသော မတ်တူးအမျိုးအစား အနက်ရောင်ယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ ကာရံထားသည့် GUARD RAILS တန်းအား ဝင်တိုက်မှုဖြစ်ပွားရာ ဥသျှစ်ကုန်း အမြန်လမ်း မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ်တစ်စီးဖြင့် ကူညီဆောင်ရွက်ခဲ့ပြီး ယာဉ်မောင်း ကျော်ဇေယျအား ဥသျှစ်ကုန်း အမြန်လမ်းမကြီး ရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **အောင်မျိုး**





ရွှေအုန်းပင်စားသောက်ဆိုင်ခြံဝင်းအတွင်းမှ သိမ်းဆည်းရမိသည့် လက်လုပ်မိုင်းများ။



ပေါက်ကွဲမှုဖြစ်ပွားသည့်နေရာနှင့် ဖောက်ခွဲရေးပစ္စည်းများတွေ့ရှိသည့် ဖြစ်စဉ်နေရာပြမြေပုံ။

○ *ကျောဖုံးမှ*

စားသောက်ဆိုင် ခြံဝင်းအတွင်းမှ ပေါက်ကွဲမှု ဖြစ်ပွားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့ သွားရောက်စစ်ဆေးခဲ့ရာ ပိုင်ရှင်ဖြစ်သူအား မတွေ့ရှိဘဲ အလုပ်သမားများ ဖြစ်ကြသော ကံကောင်းကျေးရွာနေ မတင်တင်မာ(၃၀ နှစ် )(ဘ)ဦးအောင်မြင့် စိန်ပါ အမျိုးသားငါးဦးနှင့် အမျိုးသမီး ၁၄ ဦးတို့အား တွေ့ရှိခဲ့ရပြီး ခြံဝင်းအတွင်း ဆက်လက်ရှာဖွေခဲ့ရာ သံဃာနားနေဆောင်အနီးတွင် အချင်း ၁၅ ပေ၊ အနက် ၅ ပေခန့်ရှိ မြေကျင်းတစ်ခုအနီးမှ လက်လုပ်မိုင်း အပိုင်းအစများ၊ သံတိုသံစများနှင့် ဘောစေ့များအားလည်းကောင်း၊ သံဃာနားနေဆောင်၏ အရှေ့တောင်ဘက် ပေ ၅၀ ခန့် အကွာရှိ ထန်းရွက်မိုးတဲအောက်မှ အလျား ၂၅ ပေ၊ အနံ ၁၀ ပေ၊ အမြင့် ၆ ပေရှိ အုတ်စီ ဆောက်လုပ်ထားသည့် မြေအောက်ခန်းတစ်ခုကို တွေ့ရှိရသဖြင့် ဝင်ရောက်စစ်ဆေးခဲ့ရာ အဆိုပါ မြေအောက်ခန်းအတွင်း မိတ္ထီလာမြို့နယ် နန်းတော်ကုန်းရပ်ကွက်နေ စိုးရန်နိုင် (၂၇ နှစ် ) (ဘ) ဦးညွန့်အောင်အား ဦးခေါင်းပွင့်ဒဏ်ရာများဖြင့် သေဆုံးနေသည်ကို တွေ့ရှိခဲ့ရသဖြင့် အလောင်းအား မိတ္ထီလာမြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည်။



ရွှေအုန်းပင်စားသောက်ဆိုင်ခြံဝင်းအတွင်းမှ သိမ်းဆည်းရမိသည့် လက်လုပ်မိုင်းများ။

ဆက်လက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် အဆိုပါ မြေအောက်ခန်းအတွင်း အသေးစိတ်ရှာဖွေစစ်ဆေးခဲ့ရာ မြေအောက်ခန်းအတွင်းမှ ပေါက်ကွဲထားသည့် လက်လုပ်မိုင်း ၄၀ ၊ သံပိုက်ဖြင့်ပြုလုပ်ထားသည့် လက်လုပ်မိုင်း ၁၂၇ လုံး၊ ယမ်းကြိုးတပ်ဆင်ပြီး လက်လုပ်မိုင်း ၃၂ လုံး၊ လက်လုပ်မိုင်း ကိုယ်ထည်အလွတ် ၄၆ လုံး၊ လက်လုပ်မိုင်း ကိုယ်ထည်အဖုံး ၂၅၄ ခု၊ ဒီဇယ်ရောစပ်ပြီး အမိုးနီးယားနိုက်ထရိတ် ငါးပိဿာ၊ ကန့်မှုန့်မျိုးစုံ ငါးပိဿာ၊ လျှပ်စစ်စနက်တံ ၁၅ ချောင်း၊ ယမ်းကြိုးအချောင်း ၅၀နှင့် မီးချောင်းနှစ်ချောင်းတို့ကို တွေ့ရှိသိမ်းဆည်း ရရှိခဲ့သဖြင့် လက်လုပ်မိုင်းများအား သက်မဲ့ပြုလုပ်သိမ်းဆည်းခဲ့သည်။

ပေါက်ကွဲမှု ဖြစ်စဉ်နှင့်ပတ်သက်၍ စားသောက်ဆိုင်ရှိ အလုပ်သမားများနှင့် ပတ်ဝန်းကျင်ကို ပဏာမစုံစမ်းခဲ့ရာတွင် စားသောက်ဆိုင် ပိုင်ရှင်ဖြစ်သူ ဦးပြည့်ဖြိုးသူ(ခ) ကိုပန်းချီနှင့် ၎င်း၏ဇနီး မဝင်းစုကျော်(ခ) မနီနီတို့နှစ်ဦးသည် လွန်ခဲ့သောနှစ်လခန့်မှစ၍ အဆိုပါခြံဝင်းအတွင်းရှိ သံဃာနားနေဆောင်အနီးတွင် ဆိုင်အလုပ်သမားများ၊ ပန်းရန်ဆရာများနှင့် မြေကျင်းတူးပြီး မြေအောက်ခန်း ဆောက်လုပ်ခြင်းများ ပြုလုပ်ခဲ့ပြီးနောက် စားသောက်ဆိုင်အတွင်း မည်သူ့ကိုမျှ ဝင်ခွင့်မပြုတော့ဘဲ အမည်မသိ အမျိုးသားငါးဦးသာ ဆိုင်ကယ်နှစ်စီးဖြင့် နေ့စဉ်ဝင်ရောက်၍ အဆိုပါမြေအောက်ခန်းအတွင်း ဆိုင်ရှင်လင်မယားနှင့်အတူ သွားလာနေထိုင်သည်ကိုသာတွေ့ရှိကြောင်း သိရှိခဲ့ရပြီး ဆိုင်ရှင်ဖြစ်သူ ပြည့်ဖြိုးသူ(ခ) ကိုပန်းချီနှင့် မဝင်းစုကျော်(ခ) မနီနီတို့နှစ်ဦးသည် ပေါက်ကွဲမှုဖြစ်ပေါ်ပြီး မွန်းလွဲ ၂ နာရီ မိနစ် ၅၀ တွင် 5C- 4704 နံပါတ်တပ်ဆင်ထားသော Toyota ယာဉ်ဖြင့် တိမ်းရှောင်သွားကြောင်း သိရှိရသည်။

ဖြစ်စဉ်တွင် အဆိုပါဆိုင်၏ အလုပ်သမား ၁၉ ဦးအား အသေးစိတ် စစ်ဆေးလျက်ရှိပြီး ထွက်ပြေး တိမ်းရှောင်လျက်ရှိသော ဆိုင်ရှင်ဖြစ်သူ ပြည့်ဖြိုးသူ(ခ) ကိုပန်းချီနှင့် မဝင်းစုကျော်(ခ) မနီနီတို့နှစ်ဦးအား ဖမ်းဆီးရမိနိုင်ရေးအတွက် လိုအပ်သော ပိတ်ဆို့ရှာဖွေမှုများ ဆောင်ရွက်လျက် ရှိကြောင်းနှင့် ယနေ့နံနက် ၉ နာရီခွဲတွင် ဖောက်ခွဲရေးပစ္စည်း အများအပြား သိမ်းဆည်းရမိခဲ့သည့် “ရွှေအုန်းပင်” စားသောက်ဆိုင်နှင့် ခြံဝင်းအတွင်းရှိ အဆောက်အဦများအား ဥပဒေနှင့်အညီ ချိပ်ပိတ်သိမ်းဆည်းရန်အတွက် ထပ်မံစစ်ဆေးခဲ့ရာ ခြံဝင်းအတွင်းရှိ ခွေးလှောင်အိမ်အတွင်း ဂျပ်ဖာပုံးဖြင့် ထည့်ထားသော လက်လုပ်မိုင်းပြုလုပ်ရာတွင် အသုံးပြုသည့် သတ္တုပိုက် ၁၉၄ ချောင်း၊ အဆိုပါပိုက်အဖုံးပိတ် ၂၉၉ ခု၊ အနက်ရောင်ဘောင်းဘီရှည် ၁၂၃ ထည်၊ စစ်မြေပြင်သုံး ခြင်ထောင်အစိမ်းနှင့် အညိုရောရာ ၂၂ လုံး၊ ခေါင်းစွပ် ၂၀၀ ၊ စောင်ခြောက်ထည်တို့အား ထပ်မံတွေ့ရှိ သိမ်းဆည်းရမိခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# မောင်တောနှင့် တာချီလိတ်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၇**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၆ ရက် မွန်းလွဲ ၃ နာရီက မောင်တောမြို့ ဝေသာလီရပ်ကွက်၌ မဦးလှယိုင်နှင့် မသိန်းယဉ်တို့နှစ်ဦးကို မသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ မဦးလှယိုင်ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၅ ပြား၊ မသိန်းယဉ်ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၇၆၀၀ နှင့် စိတ်ကြွဆေးပြားအကြေ သုည ဒသမ ၁၈ ကီလိုတို့ကိုလည်းကောင်း။

အလားတူ ယင်းနေ့ မွန်းလွဲ ၂ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့နယ် ဝမ်လုံကျေးရွာအနီးတွင် စိုင်းထိုင်း မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ ကိုလည်းကောင်း၊ ဆက်လက်၍ မွန်းလွဲ ၃ နာရီခွဲတွင် ၎င်းနေထိုင်သည့် ဝမ်လုံကျေးရွာရှိ နေအိမ်သို့ဝင်ရောက်ရှာဖွေခဲ့ရာ စိတ်ကြွရူးသွပ်ဆေးပြားခုနစ်ပြားနှင့် အိုက်စ် ၁ ဂရမ်ခန့်တို့ကိုလည်းကောင်း ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

# မိုင်းဆတ်မြို့ အထက(မိုင်းဆတ်)ကျောင်းဝင်းအတွင်း လက်လုပ်အသံမိုင်းတစ်လုံးတွေ့ရှိ

**မိုင်းဆတ် ဇွန် ၇**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့ အ.ထ.က(မိုင်းဆတ်) ကျောင်းဝင်းအတွင်း၌ ယနေ့နံနက် ၈ နာရီခွဲက လက်လုပ် အသံမိုင်းတစ်လုံး တွေ့ရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့နံနက် ၈ နာရီခွဲက ချင်းတွင်းဆောင်နှင့် သံလွင်ဆောင်ကြားတွင် တိပ်အကြည်ပတ်ထားကာ စနက်တံ မီးလောင်ထားပြီး ပလတ်စတစ်ဘူးဖြင့် ပြုလုပ်ထားသည့် လက်လုပ်အသံမိုင်းကို GRADE- 10 ကျောင်းသားတစ်ဦးက စတင်တွေ့ရှိပြီး သက်ဆိုင်ရာသို့ အဆင့်ဆင့်သတင်းပို့ခဲ့ရာ တာဝန်ရှိသူများက လာရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး နယ်မြေခံတပ်ဖွဲ့က အသေးစိတ်စစ်ဆေး သိမ်းဆည်းခဲ့သည်။



လက်လုပ်အသံမိုင်းကို သက်ဆိုင်ရာမှစစ်ဆေးပြီး သက်မဲ့ပြုလုပ်ထားစဉ်။

အဆိုပါ လက်လုပ်အသံမိုင်း တွေ့ရှိမှုနှင့် စပ်လျဉ်း၍ တရားခံအား အရေးယူဆောင်ရွက်နိုင်ရန် စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

မြင့်မောင်
(ပြန်/ဆက်)

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း






၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး ၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော် ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူ ဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

(၁) အဝင်မုခ်ဦး(၁၀၀×၄၀)ပေ ၁ ခု - ၈၂၀ သိန်း
(၂) အဝင်မုခ်ဦးငယ်(၇၅×၄၀)ပေ ၃ ခု၊ ၁ ခုလျှင် - ၆၇၆ သိန်း
(၃) ရေပန်းအကြီး(အချင်း ၇၅ ပေ၊ အမြင့် ၁၅ ပေ) ၁ ခု - ၄၃၂၀ သိန်း
(၄) ရေပန်းအသေး(အချင်း ၃၀ ပေ၊ အမြင့် ၉ ပေ) ၁၈ ခု၊ ၁ ခုလျှင် - ၈၀၅ သိန်း
(၅) မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေခန်း) ၂၀၀ ခန်း ၁ ခုလျှင် - ၇၂ သိန်း
(၆) မဟာရံတံတိုင်းစိန်တောင်စကျင်ကနုတ်ပန်း(မြန်မာမှုပါ) ၆၅၂ ခု၊ ၁ ခုလျှင် - ၇ သိန်း
(၇) မဟာရံတံတိုင်းရှိ စကျင်ထောင့်တိုင်(မြန်မာမှုပါ) ၅၀ ခု ၁ ခုလျှင် - ၁၅ သိန်း
(၈) မဟာရံတံတိုင်း၏အင်္ဂတေမြန်မာမှု ၂၁၈ ကျင်း၊ ၁ ကျင်းလျှင် - ၄.၁ သိန်း
(၉) မြန်မာမှု တစ်ဖက်လှခြံစည်းရိုး(၂၇ ပေခန်း) ၄၅၅ ခန်း ၁ ခန်းလျှင် - ၃၁ သိန်း
(၁၀) စကျင်ကျောက်ပြား ၂၁၂၀ ကျင်း၊ ၁ ကျင်းလျှင် - ၄.၇ သိန်း
(၁၁) ကြွေပြား ၁၇၃၆ ကျင်း၊ ၁ ကျင်းလျှင် - ၂ သိန်း
(၁၂) ကွန်ကရစ် ၈ လက်မထုခင်းခြင်း၊ ၅၉၁၀ ကျင်း ၁ ကျင်းလျှင် - ၃.၆ သိန်း
(၁၃) မြောက်ဘက်မုခ်ပင်မလှေကား(မြန်မာမှုပါ) ၁ စင်း - ၁၉၀၄ သိန်း
(၁၄) အရှေ့၊ အနောက်နှင့် တောင်ဘက်မုခ်လှေကား (မြန်မာမှုပါ) ၃ စင်း၊ ၁ စင်းလျှင် - ၄၉၀ သိန်း
(၁၅) ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ × ၁၇၆)ပေ၊ ၈၂ ခန်း ၁ ခန်းလျှင် - ၁၉၃ သိန်း
(၁၆) ရင်ပြင်တော် ပင်မတံတား(၁၀ ပေခန်း) ၉ ခန်း ၁ ခန်းလျှင် - ၁၃၂၂ သိန်း
(၁၇) လမ်းမီးတိုင် (၉ မီတာ) ၁ တိုင်လျှင် - ၁၀ သိန်း
(၁၈) High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် - ၄၉၄ သိန်း
(၁၉) Garden Light(၁ မီတာ) ၁ တိုင်လျှင် - ၁.၂ သိန်း
(၂၀) ဆလိုက်မီး(၁၀ မီတာ) ၁ တိုင်လျှင် - ၁၈၅ သိန်း
(၂၁) ဂန္ဓကုဋိတိုက်(Solar) ၂၄ လုံး၊ ၁ လုံးလျှင် - ၄၈ သိန်း
(၂၂) ဓမ္မာရုံ(မီး/ရေ) ၁ လုံး - ၁၉၅ သိန်း
(၂၃) သုဓမ္မာဇရပ်(မီး) ၆ လုံး၊ ၁ လုံးလျှင် - ၄၁ သိန်း
(၂၄) မော်ကွန်းတိုက်(မီး) ၁ လုံး - ၄၁ သိန်း
(၂၅) ဇာတ်ရုံ(မီး/ရေ) ၁ လုံး - ၉၉ သိန်း
(၂၆) ဂေါပကရုံ(မီး/ရေ) ၁ လုံး - ၁၁၀ သိန်း

၃။ သို့ဖြစ်ပါ၍ စေတနာရှင်ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့် အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများကိုထည့်ဝင်လိုပါက **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆** နှင့် **ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** သို့ အလှူငွေများအား ငွေသားဖြင့်လည်းကောင်း၊ Account Transfer ဖြင့်လည်းကောင်း ထည့်ဝင်လှူဒါန်းနိုင်ပါရန်နှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇေ** — **၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**
**(ခ) ဒေါ်အေးအေးကြည်** — **၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

## အလှူငွေများထည့်ဝင်လှူဒါန်းထားသည့် အလှူရှင်ဘုရားဒါယကာ၊ ဒါယိကာမများစာရင်း

### ၂၀၂၁ ခုနှစ်၊ မတ်လ အလှူရှင်စာရင်း

| | | |
|---|---|---|
| ၁၃၃။ ဗိုလ်မှူးကြီးသောင်းဝင်း+ဒေါ်ကျင်မြ | ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၁၃၄။ ဦးမြတ်သိန်းထွန်း၊ ဒေါ်တင်တင်အေး ဒေါ်တင်တင်မွေး၊ ဒေါ်စန်းစန်းတင့် ဒေါ်စန်းစန်းမြင့်၊ ဦးကျော်ဇင်လတ် | နေပြည်တော် | ၅၀၀၀၀၀ |
| ၁၃၅။ ဦးကံမြင့် တိုင်းပညာရေးမှူး(ငြိမ်း)+ ဒေါ်သန်းငွေ | ပုသိမ်မြို့ | ၁၀၀၀၀၀ |
| ၁၃၆။ ဦးသာထွန်းဇံ | နေပြည်တော် | ၃၀၀၀၀၀ |
| ၁၃၇။ ဦးတင်ရွှေ+ဒေါ်မြင့်ကြည် | နေပြည်တော် | ၃၀၀၀၀၀ |
| ၁၃၈။ မြန်မာစီးပွားရေးဦးပိုင် အများနှင့် သက်ဆိုင်သောကုမ္ပဏီလီမိတက် | နေပြည်တော် | ၁၀၀၀၀၀၀၀၀ |
| ၁၃၉။ ဦးမောင်မောင်တာ မြဝတီဘဏ် | ရန်ကုန်မြို့ | ၃၀၀၀၀ |
| ၁၄၀။ ဒုအရခဗကျော်အေး | ပဲခူးမြို့ | ၁၀၀၀၀၀ |
| ၁၄၁။ ဦးကြည်စိုး | ပျော်ဘွယ်မြို့ | ၅၀၀၀၀ |
| ၁၄၂။ ဒေါ်အေးအေးမြင့်နှင့်သားသမီး မြေးမြစ်မိသားစု | ရန်ကုန်မြို့ | ၅၀၀၀၀၀ |
| ၁၄၃။ ဦးကြင်ခိုင် မိသားစု | ရန်ကုန်မြို့ | ၂၀၀၀၀၀ |
| ၁၄၄။ ဦးတင်မောင် မိသားစု | ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၁၄၅။ တကက ခင်မောင်ဦး | မြစ်ကြီးနားမြို့ | ၁၀၀၀၀ |
| ၁၄၆။ ဒေါ်သန်းသန်းဝင်း | နေပြည်တော် | ၅၀၀၀၀ |
| ၁၄၇။ ဦးလှဝင်း | ရန်ကုန်မြို့ | ၂၀၀၀၀ |
| ၁၄၈။ ဦးဉာဏ်လင်းစိုး | မြဝတီမြို့ | ၅၀၀၀ |
| ၁၄၉။ ဦးမျိုးအောင်စိုး+ဒေါ်မြင့်မြင့်ရီ | နေပြည်တော် | ၁၀၀၀၀၀ |
| ၁၅၀။ ဦးစန်းလွင်ဦး+ဒေါ်စုစုနိုင် | နေပြည်တော် | ၁၀၅၀၀၀ |
| ၁၅၁။ ဦးကျော်မြင့်+ဒေါ်တင်တင်ရီ | နေပြည်တော် | ၁၀၀၀၀၀ |
| ၁၅၂။ ဦးကိုကိုထွန်း+ဒေါ်မိုးမိုးခိုင် | မုံရွာမြို့ | ၅၀၀၀၀၀ |
| ၁၅၃။ ဒေါ်သန်းသန်းငွေ | ရန်ကုန်မြို့ | ၁၂၀၀၀၀ |
| ၁၅၄။ ဗိုလ်ကြီးစိုးနိုင်(ငြိမ်း)+ဒေါ်ခင်သက် | ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၁၅၅။ ဒေါ်တင်တင်အေး | ရန်ကုန်မြို့ | ၃၂၀၀၀၀၀ |
| ၁၅၆။ ဒေါ်ကြည်ကြည်မွန် | ရန်ကုန်မြို့ | ၁၅၀၀၀၀ |
| ၁၅၇။ ဗိုလ်မှူးချုပ်သန့်ဆွေ(ငြိမ်း)+ ဒေါ်ခင်ခင်လှ မိသားစု | နေပြည်တော် | ၁၀၀၀၀၀၀ |
| ၁၅၈။ ဦးနွယ်ဦး+ဒေါ်ဖြူဖြူဝင်း (မြန်မာမှုတစ်ဖက်လှခြံစည်းရိုး လှူဒါန်း) | နေပြည်တော် | ၃၁၀၀၀၀၀ |
| ၁၅၉။ အင်းဝဘဏ်(ရုံးချုပ်)စီမံဌာနမှဝန်ထမ်းများ | နေပြည်တော် | ၁၁၁၁၁၁ |
| ၁၆၀။ ဒေါ်တင်ဝင်းဇာမော် | နေပြည်တော် | ၁၀၀၀၀၀ |
| ၁၆၁။ ဗိုလ်မှူးကြီးတင်မောင်ညွန့်(ငြိမ်း)မိသားစု | ရန်ကုန်မြို့ | ၅၀၀၀၀၀ |
| ၁၆၂။ ဦးမင်းသူရ | ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၁၆၃။ ဒေါ်မိမိခိုင်(ဒဂုံဆိပ်ကမ်း) | ရန်ကုန်မြို့ | ၃၀၀၀၀ |
| ၁၆၄။ ဦးထွန်းရှိန်+ဒေါ်လှသန်း | ရန်ကုန်မြို့ | ၃၀၀၀၀၀ |
| ၁၆၅။ ဦးကိုလတ် | ရန်ကုန်မြို့ | ၅၀၀၀၀၀ |
| ၁၆၆။ ဦးဝေလင်း+ဒေါ်ခင်ပြုံး | ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၁၆၇။ ဦးစိုးမိုးနိုင်(ဝေဘာဂီမြို့သစ်) | ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၁၆၈။ ဦးမြင့်ဇော်ဦး+ဒေါ်အေးအေးသင်း | ပုသိမ်မြို့ | ၁၀၀၀၀၀ |
| ၁၆၉။ ဦးရဲညွှန့်+ဒေါ်သန်းဝင်း | ပုသိမ်မြို့ | ၁၀၀၀၀၀ |
| ၁၇၀။ ဗိုလ်ကြီးကျော်စိုးထွန်း | တောင်ကြီးမြို့ | ၁၀၀၀၀ |
| ၁၇၁။ ဦးကျော်သစ်ထွန်း | ပျော်ဘွယ်မြို့ | ၇၅၀၀၀ |
| ၁၇၂။ ဦးသိန်းထွန်း | မန္တလေးမြို့ | ၁၀၀၀၀၀ |
| ၁၇၃။ ဦးမြအုန်း+ဒေါ်ခင်အေးမူ | ပြည်မြို့ | ၁၅၀၀၀၀ |
| ၁၇၄။ ဒေါ်မြင့်မြင့်တင် | နေပြည်တော် | ၁၃၀၀၀၀၀ |
| ၁၇၅။ ဒေါ်မြင့်စန်းရီနှင့်သားသမီးမြေးမြစ်တစ်စု | နေပြည်တော် | ၂၀၀၀၀၀ |
| ၁၇၆။ ရမည်းသင်းပြည်ခိုင်ဖြိုးမိသားစု | ရမည်းသင်း | ၃၅၄၀၀၀ |
| ၁၇၇။ ဦးရင်စိန်+ဒေါ်တင်ဝင်း | ရန်ကုန်မြို့ | ၃၀၀၀၀ |
| ၁၇၈။ ဒေါ်စုစုဟန်(အင်းဝဘဏ်) | မန္တလေးမြို့ | ၁၀၀၀၀ |
| ၁၇၉။ ဒေါ်သန်းသန်းဝေ | နေပြည်တော် | ၁၀၀၀၀ |
| ၁၈၀။ ဒေါ်ဝင်းမာလေး | ရန်ကုန်မြို့ | ၃၀၀၀၀၀ |
| ၁၈၁။ ဒေါ်ထွေးရည်မိသားစု | နေပြည်တော် | ၃၀၀၀၀၀ |
| ၁၈၂။ ဗိုလ်ချုပ်ဝင်းသိန်း(ငြိမ်း)+ဒေါ်ခင်သန်းရင် | နေပြည်တော် | ၁၅၀၀၀၀၀ |
| ၁၈၃။ ဦးမြင့်စိန်+ဒေါ်လှလှဝင်း | ရန်ကုန်မြို့ | ၂၀၀၀၀၀ |
| ၁၈၄။ ဦးမိုးကျော်+ဒေါ်ဥမ္မာ | ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၁၈၅။ ဦးသာထွန်းအေး | ရန်ကုန်မြို့ | ၁၂၀၀ |
| ၁၈၆။ ဗိုလ်မှူးဘမြင့်(ငြိမ်း)+ဒေါ်ခင်ညွန့် | ရန်ကုန်မြို့ | ၁၀၀၀၀၀၀ |
| ၁၈၇။ ဦးထက်ပိုင်ဖြိုး+ဒေါ်ဇင်မာထွန်း | ရန်ကုန်မြို့ | ၅၀၀၀၀ |
| ၁၈၈။ ဒုတိယဗိုလ်မှူးကြီးအောင်ဆန်းနု(ငြိမ်း)+ ဒေါ်ညွန့်ရီ | ဘားအံမြို့ | ၁၁၀၀၀၀၀ |

# နိုင်ငံတော်သမ္မတဟောင်း ဦးဝင်းမြင့်၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဟောင်း ဒေါ်အောင်ဆန်းစုကြည်နှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌဟောင်း ဒေါက်တာမျိုးအောင်တို့အား ဇမ္ဗူသီရိမြို့နယ် သီးသန့်တရားရုံး၌ ရုံးထိုင်စစ်ဆေး

**နေပြည်တော် ဇွန် ၇**

နိုင်ငံတော်သမ္မတဟောင်း ဦးဝင်းမြင့်၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဟောင်း ဒေါ်အောင်ဆန်းစုကြည်နှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌဟောင်း ဒေါက်တာမျိုးအောင်တို့အပေါ် စွဲဆိုထားသော အမှုများအား စစ်ဆေးစီရင်နိုင်ရန် ယနေ့တွင် ဇမ္ဗူသီရိမြို့နယ် သီးသန့်တရားရုံး၌ ရုံးထိုင်ဆောင်ရွက်ခဲ့ရာ စွဲဆိုထားသည့် အမှုများ စစ်ဆေးစီရင်ခြင်းနှင့် စပ်လျဉ်း၍ မှုခင်းစီမံခန့်ခွဲမှု အစီအစဉ်ကို မြို့နယ်တရားသူကြီး၊ မြို့နယ် ဥပဒေအရာရှိနှင့် စွဲဆိုထားသည့်အမှုများမှ တရားလိုများ၊ တရားစွဲဆိုခံထားရသူများနှင့် ၎င်းတို့၏ ရှေ့နေများ ညှိနှိုင်းဆောင်ရွက်ခဲ့ပြီး မှုခင်းစီမံခန့်ခွဲမှုအစီအစဉ် မပြုလုပ်မီ ဦးဝင်းမြင့်၊ ဒေါ်အောင်ဆန်းစုကြည်နှင့် ဒေါက်တာမျိုးအောင်တို့သည် ၎င်းတို့၏ ရှေ့နေများနှင့် လွတ်လပ်စွာ တွေ့ဆုံခဲ့ကြောင်း သက်ဆိုင်ရာမှ သတင်းရရှိသည်။

သတင်းစဉ်



# မြစ်ကြီးနား-မန္တလေးကားလမ်း ဟိုပင်မြို့ထွက်ရှိ ဝက်ကုန်းတံတား ပြန်လည်ဖြတ်သန်းခွင့်ရရှိ

**ဟိုပင် ဇွန် ၇**

ကချင်ပြည်နယ် မိုးညှင်းခရိုင် ဟိုပင်မြို့အထွက် မိုင်းခွဲဖျက်ဆီးခံခဲ့ရသော မြစ်ကြီးနား-မန္တလေး ကားလမ်း ဝက်ကုန်းတံတားအား အသစ်ပြန်လည်တည်ဆောက် ပြီးစီးသွားပြီဖြစ်၍ ဇွန် ၆ ရက် မွန်းလွဲပိုင်းတွင် တန် (၂၀)အောက်ယာဉ်များအား ဖြတ်သန်းခွင့် ပြုထားပြီဖြစ်ကြောင်း သိရသည်။(**အပေါ်ပုံ**)

အဆိုပါ ဝက်ကုန်းတံတားအသစ်ကို ဖျက်ဆီးခံခဲ့ရသောတံတားဟောင်းနှင့်ကပ်လျက် ပြန်လည်တည်ဆောက်ထားပြီး သံပေါင်ဘေလီတံတားဖြစ်ကြောင်း တန် (၂၀)အောက် ကားများကို ယမန်နေ့ကစ၍ ဖြတ်သန်းခွင့်ပေးလိုက်ပြီဖြစ်ကြောင်း၊ ဆီဘောက်ဆာ၊ ကုန်ကားကြီးများကို ဖြတ်ခွင့်မပေးသေးဘဲ ရှောင်ကွင်းလမ်းကသာ မောင်းနှင်ကြရကြောင်း ဟိုပင်ဒေသခံတစ်ဦးက ပြောသည်။

အဆိုပါမြစ်ကြီးနား-မန္တလေးကားလမ်းပိုင်းပေါ်ရှိဟိုပင်မြို့အထွက် ဝက်ကုန်းတံတားသည် မေ ၂၄ ရက် ညပိုင်းက မိုင်းခွဲဖျက်ဆီးခြင်းခံခဲ့ရမှုကြောင့် ပျက်စီးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ခင်မောင်ဆွေ (မော်လူး)

## COVID - 19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၁၃၉ ဦး တွေ့ရှိ

## ယနေ့အထိ သေဆုံးသူ စုစုပေါင်း ၃,၂၂၇ ဦးရှိ

**(၇-၆-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ**

(၆-၆-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၇-၆-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂,၂၁၆) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၁၃၉) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၂,၆၃၃,၀၂၃) ခု အား စစ်ဆေးခဲ့ပြီး COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၄,၄၅၆) ဦး ရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၇၃) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၂,၅၂၅) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီးဖြစ်ပါသည်။ COVID-19 ရောဂါဖြင့် ထပ်မံသေဆုံးသူ (၂) ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၃,၂၂၇) ဦး ရှိပါသည်။

*စာမျက်နှာ ၁၁ ကော်လံ ၁* ✻

**ပါကစ္စတန်တောင်ပိုင်းတွင် ရထားတိုက်မှုကြောင့် သေဆုံးသူ ၃၆ ဦးနှင့် ဒဏ်ရာရရှိသူ ၅၀ကျော်ရှိလာ** စာ - ၁၂

**မြို့နယ်အချို့၌ စာသင်ကျောင်း၊ ကျေးလက်ဆေးပေးခန်းနှင့် ဝန်ထမ်းအိမ်ရာတို့အား အကြမ်းဖက်သူများနှင့် လက်နက်ကိုင်သောင်းကျန်းသူများက မီးရှို့ဖျက်ဆီး** စာ - ၂၄

# မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်ရှိ “ရွှေအုန်းပင်”စားသောက်ဆိုင်ခြံဝင်းအတွင်း၌ မြေအောက်ခန်းအတွင်း ဖောက်ခွဲရေးပစ္စည်းများ ပြုလုပ်ရာမှ ပေါက်ကွဲမှုဖြစ်ပွားကာ အမျိုးသား တစ်ဦးသေဆုံးခဲ့ပြီး ဖောက်ခွဲရေးပစ္စည်းအများအပြားသိမ်းဆည်းရမိ

**နေပြည်တော် ဇွန် ၇**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်ရှိ “ရွှေအုန်းပင်”စားသောက်ဆိုင် ခြံဝင်းအတွင်း၌ မြေအောက်ခန်းအတွင်း ဖောက်ခွဲရေးပစ္စည်းများ ပြုလုပ်ရာမှ ပေါက်ကွဲမှုဖြစ်ပွားကာ အမျိုးသား တစ်ဦးသေဆုံးခဲ့ပြီး ဖောက်ခွဲရေးပစ္စည်း အများအပြား သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ၂၀၂၁ ခုနှစ် ဇွန် ၆ ရက် မွန်းလွဲ ၂ နာရီခွဲခန့်တွင် မိတ္ထီလာမြို့နယ် ကံကောင်းကျေးရွာအနီး မိတ္ထီလာ - မလှိုင် - မြင်းခြံ ကားလမ်းဝဲဘက်ရှိ ဦးပြည့်ဖြိုးသူ(ခ)ကိုပန်းချီ (၃၅) နှစ်နှင့် မဝင်းစုကျော်(ခ)မနီနီ (၃၄)နှစ် (ဘ)ဦးစန်းမောင်တို့ ပိုင်ဆိုင်သော “ရွှေအုန်းပင်”

*စာမျက်နှာ ၂၅ ကော်လံ ၁* ○



၂၀၂၂ ကမ္ဘာ့ဖလား တောင်အမေရိက ဇုန်ခြေစစ်ပွဲ ပွဲစဉ် (၇) တွင် ဘရာဇီးအသင်းမှ နေမာ အီကွေဒေါအသင်းဘက်သို့ ပယ်နယ်တီမှတစ်ဆင့် ဂိုးသွင်းယူနေစဉ်။

# ၂၀၂၂ ကမ္ဘာ့ဖလား တောင်အမေရိကဇုန် ခြေစစ်ပွဲစဉ်များ ယှဉ်ပြိုင်ကစားမည်

၂၀၂၂ ကမ္ဘာ့ဖလား တောင်အမေရိက ဇုန်ခြေစစ်ပွဲ ပွဲစဉ် (၈) ပွဲစဉ်များကို ဇွန် ၉ ရက် နံနက်ပိုင်းတွင် ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ အဆိုပါ ပွဲစဉ်များတွင် နာမည်ကြီး ဘရာဇီးနှင့် အာဂျင်တီးနားအသင်းတို့ ပါဝင်နေသည့်အတွက် စိတ်ဝင်စားဖွယ်ကောင်းနေသည်။ အာဂျင်တီးနားအသင်းက ကိုလံဘီယာအသင်းနှင့် ယှဉ်ပြိုင် ကစားရမည်ဖြစ်ပြီး ဘရာဇီးအသင်းက ပါရာဂွေးအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ဇွန် ၉ ရက် နံနက် ၅ နာရီတွင် ဗင်နီဇွဲလားနှင့် ဥရုဂွေးအသင်းတို့ စတင်ယှဉ်ပြိုင် ကစားမည်ဖြစ်သည်။ ဗင်နီဇွဲလားအသင်းသည် တောင်အမေရိကဇုန်ခြေစစ်ပွဲတွင် ငါးပွဲကစားထားပြီး တစ်ပွဲသာ နိုင်ပွဲရရှိထားသေးသည်။ ဥရုဂွေးအသင်းက ငါးပွဲကစားပြီး နှစ်ပွဲနိုင်၊ တစ်ပွဲသရေ ရမှတ် ခုနစ်မှတ် ရရှိထားသော်လည်း ခြေစစ်ပွဲအောင်ရန် ရုန်းကန်ရဦးမည်ဖြစ်သည်။ အဆိုပါ နှစ်သင်းနောက်ဆုံးနှစ်ကြိမ်ထိပ်တိုက် တွေ့ဆုံမှုတွင် ဥရုဂွေးအသင်းက အသာရထားပြီး တစ်ကြိမ်သရေကျကာ တစ်ကြိမ်အနိုင်ရရှိထားသည်။ ထို့ကြောင့် ဥရုဂွေးအသင်းအနေဖြင့် ယနေ့ပွဲစဉ်တွင် ဗင်နီဇွဲလားအသင်းကို အနိုင်ရရှိပြီး ရလဒ်ကောင်းပိုင်ဆိုင်သွားမလား စိတ်ဝင်စားဖွယ်ရာပင်။

*စာမျက်နှာ ၈ ကော်လံ ၁* ❒